www.burmeseclassic.com

HOE SAUNG

# သိုးဆောင်း

BURMESE CLASSIC .com

## နှစ်ပါးသွား Message

U I Z

WE THAYIET PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ် တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

သားသား စီစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၉၆၈၀၈၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၉၄၀၆၁၁

ထုတ်ဝေသူ
ဒေါ်ခင်မာရီ(ပန်းဝေဝေစာပေ)
အမှတ် - ၃၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း၊(၀၉၉၅၈)
ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၂၀၀၀ ကျပ်

သိုးဆောင်း

(နှစ်ပါးသွားမက်ဆေ့(ချ်)) / သိုးဆောင်း။ ရန်ကုန်၊
ပန်းဝေဝေ စာပေ၊ ၂၀၁၁
၁၈၅ - စာ၊ ၁၂.၅ ၊ ၁၉.၅ စင်တီ။

(၁) နှစ်ပါးသွားမက်ဆေ့(ချ်)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# I

ကျူရှင်မှဆင်းဆင်းချင်း သူမကားမှတ်တိုင်သို့ ခပ်သွက်သွက်သွားမိသည်။ ဖေဖေလာကြိုမှာမဟုတ်သည့်အတွက် လိုင်းကားစီး၍သာ ပြန်ရပေမည်။ Taxi ဖြင့် ပြန်ရအောင်ကလည်း လက်ထဲမှာ ပိုက်ဆံက မပြည့်။

နာရီကိုကြည့်မိတော့ ညကိုးနာရီပင် ကျော်နေပါပြီ။ စာမေးပွဲအတွက် အရေးကြီးသည်များ သင်နေသည်မို့ အချိန်လွန်နေပြီဆိုတာ သိပေမဲ့ ဆရာမကို မည်သူမျှ သတိမပေးဖြစ်ကြ။ ယခုတော့ မိုးချုပ်ရုံပင်မဟုတ် ဗိုက်ပင်တော်တော်ဆာနေပြီ။

မတတ်နိုင်တော့။ အိမ်ရောက်မှသာ စားရပေတော့မည်။ အခုလောလောဆယ် အရေးကြီးသည်က စောင့်နေသောဘတ်စ်ကား မြန်မြန်လာဖို့၊ အိမ်ရောက်ဖို့က ဘတ်စ်ကားတစ်ဆင့်စီးရုံဖြင့် ရောက်မည်မဟုတ်ပါ။ ကြားမှတ်တိုင်တစ်ခါဆင်းပြီး နောက်တစ်ကားပြောင်းစီးရပေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့အတွက်ကြောင့် စောင့်နေသောကား မြန်မြန်လာဖို့သာ သူမ ဒိတ်စောနေမိပါသည်။

"နွေးနွေးရေ . . . သွားပြီနော်"

ထွက်ခါနီးဆဲဆဲဘတ်စ်ကားပေါ်မှ သူငယ်ချင်းတွေ လက်ပြနေကြသည်မို့ သူမ ပြန်လည်လက်ပြရင်း နှုတ်ဆက်ဖြစ်ပါသည်။ ထိုစဉ်မှာပဲ ခပ်လှမ်းလှမ်းဆီမှ မှတ်တိုင်သို့ ဦးတည်လာနေသော ဘတ်စ်ကားကြီးတစ်စင်းကို တွေ့ရပါ၏။

ကားနဖူးဆီမှ နံပါတ်အား သေချာစူးစိုက်ကြည့်ပေမဲ့ မီးရောင်နှင့်မို့ သဲသဲကွဲကွဲမမြင်ရ။ ဒါပေမဲ့ ခဏချင်းမှာပင် သူမ ခွဲခြားသိနိုင်ခဲ့သည်။ သူမစောင့်နေသော ဘတ်စ်ကားကြီးတစ်စီးပါပဲ။ ထိုင်ခုံနေရာ လွတ်မရှိသည့်အပြင် မတ်တတ်ရပ်သူတွေပါ အတော်များများရှိပေမဲ့ သူမ မရွေးချယ်နိုင်ပါ။ ခပ်သွက်သွက် ကားပေါ်သို့ လှမ်းတက်ခဲ့လိုက်သည်။

မတ်တတ်တစ်နေရာအား တိုးဝှေ့ရှာဖွေပြီးသွားစဉ်မှာပဲ ကားကြီးမှာ မှတ်တိုင်မှ ထွက်ခွာသွားပါ၏။ တော်သေးသည်။ တံခါးပေါက်မှ လေတိုးဝင်နေသည်မို့ လူကြပ်ပေမဲ့ အသက်ရှူမကြပ်။ ဒါပေမဲ့ အလယ်လျှောက်လမ်းကျဉ်းသည်မို့ မှတ်တိုင်အတက်အဆင်း လူတွေ၏ တိုးဝှေ့မှုကိုတော့ ခဏခဏခံရသည်။

ညဘက်ပေမို့ ကားကြီးက အသွားသွက်ကာ မှတ်တိုင်တွေတစ်ခုပြီးတစ်ခု ဖြတ်ကျော်လာသည်။ မကြာခင် သူမဆင်းရမည့်မှတ်တိုင်သို့ ရောက်ပေတော့မည်။

မကြာလိုက်။ မှတ်တိုင်အော်သံတစ်ခု၏ အဆုံးသတ်မှာတော့ 'ပါတယ်' ဟူသော စကားသံတိုးတိုးနှင့်အတူ သူမ အပေါက်ဝဆီသို့ ဦးတည်လိုက်ပါသည်။

'ကျွီ . . . 'ခနဲ ကားဘရိတ်အုပ်သံဆုံးတော့ ရှေ့မှနှစ်ယောက် အရင်ဆင်းသွား၏။ ထိုနောက်မှ သူမ . . .



ပြင်ပရန့်နှင့် မာကျူရီမီးတွေက ညတစ်ခု၏အလှကို တောက်ပပေးနေပေမဲ့ သူမ မခံစားနိုင်ပါ။ မှတ်တိုင်အောက်သို့ဝင်ရင်း ခြေစုံရပ်မိသည်။ အိမ်ရောက်ဖို့ နောက်ကားတစ်စီး ထပ်စီးရပေဦးမည်။

တော်သေးသည်။ ညကိုးနာရီကျော်နေပေမဲ့ မှတ်တိုင်က လူမပြတ်သေး။ ဒါပေမဲ့ အလကားရပ်နေလို့မဖြစ်။ နောက်ကားစီးဖို့အတွက် စပယ်ယာအော်ငေါက်မှုလွတ်ရန် သူမလုပ်စရာရှိတာ လုပ်ရပေမည်။ ဘာပဲပြောပြော လက်ထဲမှာ ကားခအသင့်ကိုင်ထားမှ တော်ကာကျမည်ကြောင့် ပခုံးမှာလွယ်ထားသောအိတ်အား ဖြုတ်လိုက်ပါသည်။

"ဖျောက် . . . "

အဖွင့်အပိတ်ကြယ်သီးအား ဖြုတ်၍ အိတ်တွင်း လက်နှိုက်လိုက်စဉ်မှာပဲ . . .

"ဟာ . . . "

ဒိန်းခနဲဖြစ်သွားသော ရင်ခုန်မှုတစ်ခုနဲ့အတူ မျက်လုံးတို့ ပြူးကျယ်သွားကာ . . .

"ဘုရားရေ . . . "

ကမန်းကတန်းပင် အိတ်ကို အနီးကပ်ယူကြည့်လိုက်တော့ . .

လည်သာသားရေအိတ်လေးသည်ကား ထိုးခွဲထားသော ဓားရာတစ်ချက်နဲ့အတူ ရင်ကွဲပက်လက် အသက်ပျောက်နေပေပြီ။

အလျင်စလိုပင် အတွင်းမှာထည့်ထားသည့် ပိုက်ဆံအိတ်သေးသေးလေးအား ရှာကြည့်လိုက်ပေမဲ့ ရှိမနေတော့။

စာအုပ်အချို့နှင့် ကျောင်းသားကတ်မှလွဲ၍ အိတ်၏ အတွင်းပိုင်းမှာ ရှင်းလင်းလို့နေပေပြီ။ တစ်ကိုယ်လုံး ကြက်သီးတွေ နွေးခနဲဖြစ်သွားကာ ခေါင်းတစ်ခုလုံး ထူပူသွားသည်။ ခါးပိုက်နှိုက်ခံရပြီဟု သိပြီးသည့်နောက်မှာ အရင်ဆုံး ခေါင်းတွင်ပေါ်လာသည်ကား . . .

အိမ်သို့ ဘယ်လိုပြန်ရမလဲ။ သေချာတာကတော့ သူမဆီမှာ ပိုက်ဆံတစ်ပြားတစ်ချပ်မှ ကျန်မနေတော့ပါ။ ချက်ချင်းပင် မျက်ရည်တို့



www.burmeseclassic.com

www.burmeseclassic.com

ဝဲတက်လာကာ ရင်တွင်း၌ အားငယ်စိတ်တွေ မွန်ထူသွားသည်။ တစ်ခါမှ မတွေ့ကြုံဖူးသည့်အပြင် ညကြီးအချိန်မတော်။

အလိုလိုသိမ်ငယ်စိတ်တွေ၊ ရှက်စိတ်တွေ ရောမွှေသွားပြီး ဘာကြောင့်မှန်းမသိ ရပ်နေရာကားမှတ်တိုင်မှ ထွက်လာမိလျက်သား ဖြစ်သွားသည်။ ကျောပဲမလုံချင်သလိုလို၊ မျက်နှာပဲပူသလိုလို။ အိမ်ကို ဖုန်းဆက်ပြီး လာခေါ်ခိုင်းရမည်လား၊ ဖုန်းယူမလာမိသော မိမိကိုယ်ကို ယခုမှ အပြစ်တင်နေမိသည်။

Taxi တားစီးပြီး အိမ်ရောက်မှ ပိုက်ဆံပေးလျှင်တော့ ရနိုင်ပါသည်။ သိပ်လွယ်မည်တော့မဟုတ်။ အကျင့်မရှိတော့ ပါးစပ်က စကားစခက်နေမှာ သေချာသည်။ ဒါပေမဲ့ လုံးဝရွေးချယ်စရာလမ်းမရှိလျှင်တော့ မတတ်နိုင်။ ထိုအတိုင်းသာ လုပ်ရပေလိမ့်မည်။

လောလောဆယ် ဆက်သွယ်စရာ ဖုန်းတစ်လုံးလောက်ရှိလျှင်ရော။

အိမ်ကိုဖုန်းဆက်၍ လာခေါ်ခိုင်းမည်။ ပိုက်ဆံမရှိပေမဲ့ တောင်းပန်ကာ အိမ်ကကားအလာကို စောင့်နေမည်။ ကားရောက်လာမှ ကျသင့်သည့်ဖုန်းဖိုးကို ရှင်းပေးမည်ဆိုလျှင်ရော . . .

မဆိုး။ ဒီအကြံလေးက ကျန်တာတွေထက် ပိုအဆင်ပြေနိုင်သည်။ အတွေးရလျှင်ရချင်းမှာပဲ ဘယ်ကိုမှန်းမသိ လျှောက်လာနေသော သူမခြေထောက်တွေကို ရပ်တန့်လိုက်ပါ၏။ ဆက်သွယ်စရာ ဖုန်းတစ်လုံးတစ်လေ ရှိလိုရှိငြား ပတ်ဝန်းကျင်ကို လေ့လာကြည့်လိုက်သည်။

ယနေ့ညသည် သူမအတွက် ကံဆိုးသောညတစ်ညဆိုတာ သေချာပါ၏။ ဆက်သွယ်ရေးဖုန်းမပြောနှင့် အိမ်ဖုန်းပင် အကူအညီတောင်းဖို့မလွယ်တော့ပါ။ အကုန်လုံး တံခါးပိတ်ကာ မီးမှိတ်ကုန်ကြပြီ။

ဒါပေမဲ့ ခပ်လှမ်းလှမ်း အကွာအဝေးတစ်ခုမှာတော့ မီးရောင်လက်လက်ကို မြင်ရ၏။ ရောင်စုံမီးပြေးတွေဖြင့် စုံလင်စွာ အလှဆင်ထား



သည့် ဆိုင်းဘုတ်တစ်ခုပါ။ ဝမ်းသာစိတ်နည်းနည်းဖြင့် ခပ်သွက်သွက်လှမ်းသွားမိလိုက်ပါသည်။ ကလေးကစားကွင်းတစ်ခု။

ရင်တွင်း၌ ကယ်တင်ရှင် နတ်ဘုရားတစ်ပါးအား ဖူးတွေ့လိုက်ရသလို ဝမ်းသာစိတ်တွေ ဖြစ်ထွန်းသွားရပါ၏။ ဘာပဲပြောပြော ဖုန်းဆက်ဖို့တော့ အဆင်ပြေလောက်ပါသည်။ မိန်းကလေးဝန်ထမ်းရှိနေလျှင် ပိုကောင်းသည်။ ဒီလိုကိစ္စမျိုးက မိန်းကလေးချင်းပြောဆိုလျှင် ပိုမိုပွင့်လင်းနိုင်သည် မဟုတ်ပါလား။

ဒါပေမဲ့ ဆိုင်တွင်းသို့ရောက်စဉ်မှာပဲ သူမအတွေးတွေ လုံးဝလွဲချော်သွားကြောင်း သိရတော့၏။ မိန်းကလေးဝန်ထမ်း တစ်ဦးတစ်လေမျှရှိမနေပါ။ အံ့ဩသလို ဖြစ်သွားမိပေမဲ့ နာရီကိုကြည့်မိတော့ သူမပေါ့လျော့မှုတစ်ခုကို ထပ်တွေ့လိုက်ရသည်။

ဒီအချိန် မိန်းကလေးဝန်ထမ်း ဘယ်ရှိတော့မည်လဲ။ အိမ်ပြန်ကုန်ကြရောပေါ့။ ဒါဆို ဘယ်လိုလုပ်ရမလဲ။

ကစားကွင်းအတွင်း တတ်နိုင်သလောက် မျက်လုံးကစားကြည့်ပေမဲ့ ဆက်သွယ်ရေးဖုန်းနဲ့တူတာ မတွေ့ရပါချေ။ ကစားနေသော လူအချို့နှင့် အလုပ်ရှုပ်နေသော ဝန်ထမ်းများကိုသာ တွေ့ရသည်။ သူမအတွေးမမှားဘူးဆိုပါက မကြာခင် ကစားကွင်းပိတ်တော့မည်။

ဘာလုပ်ရမည်လဲ။ သေချာတာတစ်ခုကတော့ ဆက်သွယ်ရန် ဖုန်းတစ်လုံးကို အမြန်ရှာဖို့ ခြေကို ခပ်သွက်သွက်လှမ်းရင်း ဂိမ်းစက်များကို ကွေ့ကာဝိုက်ကာ ဖြစ်နိုင်ချေကောင်းတာများကို ရှာဖွေကြည့်လိုက်သည်။ ဖြုတ်သိမ်းလိုက်ကြပြီလားမသိ။ ငွေလဲကောင်တာတွေပေါ်မှာ ရှင်းလင်းလျက်သာ ရှိနေပါသည်။

စိုးထိတ်သော ခြေလှမ်းများနှင့် ပတ်ဝန်းကျင်ကို ကြည့်ရှုရှာဖွေနေစဉ်မှာပဲ . . .

နေရာတစ်ခု၏ ညို့ကွင်းမှာ မျက်လုံးတို့ ခိုဝင်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခြေလှမ်းတို့မှာလည်း ညို့ချက်ဗဟိုဆီ အလိုလို လှမ်းမိလျက်သားဖြစ်သွား၏။

ကစားနည်းလေးတစ်ခုပဲ။ ရိုးရိုးရှင်းရှင်း ကစားနည်းလေးတစ်ခုပါပဲ။ ကျေးရွာဘုရားပွဲနှင့် ရပ်ကွက်ဘုရားပွဲအချို့မှာ တွေ့ရတတ်သည်။ ကစားကွင်းတော်တော်များမှာလည်း တွေ့ရပါ၏။ လျှပ်စစ်မော်တာအရှိန်ဖြင့်လည်နေသော စားပွဲဝိုင်းတစ်ခု။ ထိုအပေါ်မှာ ငွေဖလားခုနစ်လုံးခန့်ကို စက်ဝိုင်းသဏ္ဍာန်တင်ထားသည်။ ထိုငွေဖလားတွေ၏ မျက်နှာစာမှာလည်း စာတန်းတစ်ခုစီ ရေထိုးထား၏။

ကံကောင်းပါစေ။ ချစ်သူခင်သူ ပေါပါစေ။ ထီပေါက်ပါစေ။ စာမေးပွဲအောင်ပါစေ။ ချစ်သောသူနှင့် ညားပါစေ စသောစာတန်းများ။ ထိုလည်ပတ်နေသော စားပွဲဝိုင်းကို အပြင်မှ ခါးလည်ခန့်အမြင့်ရှိသော သံဆန်ခါကွက်တွေဖြင့် ကာရံထား၏။ ပြုလုပ်ပုံက ရှင်းပါသည်။

ကံစမ်းလိုသူသည် သံဆန်ခါ၏အပြင်ဘက်မှနေ၍ အလိုရှိရာဖလားထဲသို့ အကြွေစေ့ (သို့) စက္ကူပိုက်ဆံကို ပစ်ထည့်ရသည်။

(ဥပမာ - 'ကံကောင်းပါစေ' ဟူသောဖလားကို ရည်ရွယ်၍ ပစ်ထည့်ပါက တည့်မတ်စွာဝင်လျှင် ကံကောင်းမည်ဖြစ်ပြီး လွဲချော်ပါက ကံကောင်းမှုနှင့် ဝေးမည်ဖြစ်သည်။)

ကံကိုယုံကြည်သူများ၏ အစဉ်အလာ ကစားနည်းတစ်ခုဖြစ်သလို၊ ယုံကြည်မှုအလိုက် အကျိုးသက်ရောက်သည်ဟုလည်း အယူရှိကြသည်။ ခရစ်ယာန်ဘာသာဝင်ဖြစ်ပေမဲ့ ကံကိုယုံကြည်သူများထဲတွင်တော့ သူမလည်း တစ်ဦးအပါအဝင်ဖြစ်ပါသည်။

ယခုကာရံထားသော သံဆန်ခါကွက်နားကို သူမရောက်လာသည်က ကံစမ်းဖို့လား . . .

မဟုတ်။

အတွင်းသို့ဝင်ရန် ပြုလုပ်ထားသောတံခါးလေး ပွင့်ဟနေသည်။ ဒါက ငွေဖလားများအတွင်း ပစ်သွင်းထားသော အကြွေစေ့နှင့် ငွေစက္ကူများကို သိမ်းဆည်းရန် အတွင်းပိုင်းသန့်ရှင်းရေးလုပ်ရန် ပြုလုပ်ထားသော တံခါးလေးပါ။



ပြန့်ကျဲနေသော ငွေစက္ကူများနှင့် အကြွေစေ့များကို ကြည့်ခြင်းဖြင့် သိမ်းဆည်းမှုမလုပ်ရသေးဆိုတာ သေချာသည်။ တံခါးပွင့်နေသည်ကတော့ ဝန်ထမ်းတွေ၏ ပေါ့လျော့မှုတစ်ခုပါပဲ။ နောက်ထပ်ပေါ့လျော့မှုတစ်ခုကတော့ အနီးအနားမှာ ဝန်ထမ်းတစ်ယောက်တစ်လေမျှ မရှိခြင်းပင်။

နီးစပ်ရာ ဂိမ်းစက်များမှာလည်း ကစားသူမရှိ။ ထိုအခြေအနေ၏လှုံ့ဆော်မှုကြောင့် သူမခေါင်းတွင်းသို့ ထောင်ချောက်ဆန်ဆန်အတွေးတစ်ခု ဝင်ရောက်လာသည်။ ဒါက သူမအတွက် ဘုရားသခင်၏ မျက်နှာပေးမှုတစ်ခုလား။

သူမ တံတွေးတစ်ချက်ကို မျိုချမိလိုက်ပါသည်။ ခန္ဓာကိုယ်တစ်ခုလုံးလည်း ကျဉ်စပ်စပ်ဖြစ်သွား၏။ ဖုန်းဆက်ရန် လိုက်ရှာနေဦးမှာလား၊ အမှတ်မထင်ရလာသည့် အခွင့်အရေးကို အမိအရ ဖမ်းဆုပ်မှာလား။

မည်သည်က သေချာသနည်း။

ဦးနှောက်က ခဏချင်းပင် ခွဲခြားမှုတစ်ခုအား ပြုလုပ်ပေးလိုက်ပြီးသည့်နောက်မှာတော့ . . .

လက်သီးတစ်ချက် ဆုပ်မိသွား၏။ ပြီးတော့ အသက်တစ်ချက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်သည်။ ထို့နောက်မှာတော့ . . .

ဘဝမှာ ပထမဦးဆုံးအကြိမ်ဖြစ်ပေမဲ့ သူမလုပ်ရပ်ကို မည်သူမျှ သတိမထားမိလိုက်ပါ။

မတတ်နိုင်တော့။

လူ့ဘဝ၏ ကျဉ်းကြပ်ချိန်ထဲ၌ ကိုယ့်ကိုယ်ကိုယ် စတေးလိုက်ရသော လွတ်မြောက်မှုတွေ လောကမှာ ဘယ်လောက်များရှိနေပြီလဲ။

မတွေးချင်တော့။



www.burmeseclassic.com

www.burmeseclassic.com

သချာတာတစ်ခုကတော့ သူမလက်တွင်းမှာ ငွေစက္ကူအချို့ ပါလာသည်။ အပြင်ကိုရောက်တော့ Taxi တစ်စီးကို လက်ပြတားလိုက်၏။

နောက်ထပ်သေချာမှုတစ်ခုလည်း ရှိနေပါသေးသည်။

အဲဒါက . . .

နှိုက်ယူခဲ့သော ငွေဖလား၏ မျက်နှာစာမှစာတန်း။

လူတိုင်းဖြစ်ချင်ခဲ့သော အဓိပ္ပာယ်လေးတစ်ခုပါပဲ။

ဒါပေမဲ့ သူမမျက်ဝန်းထဲမှာ သေချာစွဲနေသည်။

ᨏ ᨏ ᨏ



တစ်ခါတုန်းက တက္ကသိုလ်တစ်ခုတွင် အဖွဲ့လေးတစ်ဖွဲ့ရှိခဲ့ဖူး လေသည်။

အဖွဲ့လေးနာမည်က အရမ်းလှပါသည်။ နာမည်ကြားရုံနဲ့ပင် အဖွဲ့လေးနှင့် ရင်းနှီးလိုမှုတို့ ဖြစ်သွားရလောက်အောင် ဖွဲ့ဆောင်မှုရှိသည်။

ရိုးရိုးလေးပါ။

ဒါပေမဲ့ အရမ်းခေါ်လို့ကောင်းသည်။

အဖွဲ့လေးနာမည်က 'ရင်ခုန်သံ' တဲ့။

ᨏ ᨏ ᨏ



www.burmeseclassic.com

www.burmeseclassic.com

'ရင်ခုန်သံ' ဆိုတာ ဘယ်လိုအဖွဲ့လေးလဲ?

တက္ကသိုလ်အများစုမှာ သာမန်အားဖြင့်ရှိတတ်သော အဖွဲ့တွေနှင့် လုံးဝမတူသော အဖွဲ့လေး။

- ကဗျာဆရာအဖွဲ့မဟုတ်၊
- ဂီတရူးသွပ်သူများ ပေါင်းစုထားသည့် အဖွဲ့မဟုတ်။
- ကျောင်းတော်ကြီးတွင် ချစ်သူစုံတွဲများ တိုးပွားအောင် ကူညီပေးသော (ဝါ) အောင်သွယ်လုပ်ပေးသော (ဝါ) အကျိုးဆောင်ပေးသော အဖွဲ့မဟုတ်။
- ကျောင်းတော်၏ အချောအလှများကို စာရင်းပြုစုကာ ထိုသူတို့၏ အချက်အပြည့်အစုံကို အလိုရှိသူများအား အခကြေးငွေဖြင့် ရောင်းစားတတ်သည့် အဖွဲ့မျိုးမဟုတ်။

ဒါဆို 'ရင်ခုန်သံ' ဟူသောအဖွဲ့လေးက ဘယ်လိုအဖွဲ့မျိုးလေးလဲ။

✱ ✱ ✱



နာမည်နှင့်လိုက်ဖက်သော လုပ်ငန်းစဉ်ကိုသာ လုပ်ဆောင်ပါသည်။

အကူအညီတောင်းသူများ၏ 'ရင်ခုန်သံ' များအတိုင်း လိုက်ပါခံစားရင်ခုန်သည်။

ပြီးတော့ . . .

အဖြေထုတ်ပေးသည်။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့လေးနှင့် ရင်ခုန်သံချင်းနီးစပ်ဖို့ ဒါမျိုးလေးလုပ်ပေးရသည်။

- အကူအညီတောင်းလိုသော နလုံးသားရေးနှင့်ပတ်သက်သည့် အချက်အလက်အပြည့်အစုံ၊
- သက်ဆိုင်သူ၏ နာမည်နှင့် လိပ်စာတို့ကို အဖွဲ့လေးတည်ရှိရာဌာနသို့ တက္ကသိုလ်စာတိုက်မှတစ်ဆင့် ပေးပို့ရပါသည်။
- သို့ပေမဲ့ 'ရင်ခုန်သံ' ၏တည်နေရာကို ရင်ခုန်သံအဖွဲ့ဝင်များမှလွဲ၍ မည်သူမျှမသိ။

'ရင်ခုန်သံ' နှင့် အကူအညီတောင်းသူများ နီးစပ်ဖို့ ကြားခံပစ္စည်းတစ်ခုသာရှိသည်။

ጸ ጸ ጸ



'ရင်ခုန်သံ' သို့ ဆက်သွယ်ရန်လိပ်စာ။

မှတ်ရလွယ်ပါသည်။
ပြီးတော့ စွဲဆောင်မှုတစ်ခုလည်း ရှိသည်။

တစ်လေးလုံး

(သို့)

စာတိုက်သေတ္တာအမှတ် – **1111**

ጸ ጸ ጸ



www.burmeseclassic.com

www.burmeseclassic.com

'ရင်ခုန်သံ' ၏ လုပ်ငန်းဆောင်ရွက်ပုံအကျဉ်းချုပ်။

သို့

'ရင်ခုန်သံ' ရှင့် . . .

သမီးက ဒုတိယနှစ် အင်္ဂလိပ်စာတက်နေတဲ့ ကျောင်းသူတစ်ဦးပါ။ သမီးမှာ ချစ်သူရှိပါတယ်။ သမီးထက် နှစ်နှစ်ကြီးပြီး သမီးကို အရမ်းအလိုလိုက်ပါတယ်။ သမီးအပေါ် အရမ်းကောင်းပြီး အားကိုးထိုက်သူတစ်ယောက်ဖြစ်လို့ အဖြေပေးခဲ့မိတာပါ။

နှစ်ဖက်မိဘတွေလည်း သိနေကြပါပြီ။ ကျောင်းပြီးရင် လက်ထပ်ကြဖို့လည်း တိုင်ပင်ပြီးသားပါ။ ချစ်သူသက်တမ်းတစ်လျှောက်မှာလည်း သူ့ဘက်က အမှားအယွင်းပြစ်ချက် တစ်စုံတစ်ရာမရှိခဲ့ပါဘူး။

ဒါပေမဲ့ အခုတလော သမီးစိတ်တွေ တစ်မျိုးဖြစ်နေပါတယ်။ အကြောင်းရင်းကတော့ သမီးဘဝထဲကို 'သူ' ရောက်လာခဲ့လို့ပါ။

သူက အရမ်းဆိုးပါတယ်။ မေဂျာတူဖြစ်လို့ သူ့အကြောင်းတွေလည်း အားလုံးသိပြီးသားပါ။ ဆိုးသွမ်းကျောင်းသားစာရင်းမှာတောင် ထိပ်ဆုံးကလို့ ပြောရမလားပဲ။ သူက သမီးကို စိတ်ဝင်စားနေပါတယ်။ လူမရှောင်၊ နေရာမရှောင် စကားလိုက်ပြောတယ်။ ငြင်းရင် မချေမငံပြန်ပြောတယ်။ သူပေးတဲ့လက်ဆောင်ကို မယူရင်လည်း သမီးရှေ့မှာတင် ပေါက်ခွဲပြပါတယ်။ ညတိုင်းလည်း အိမ်ရှေ့မှာ ဂီတာလာတီးတယ်။ မတီးဖို့ပြောလည်း မရပါဘူး။

တစ်ရက် သမီးတို့ရပ်ကွက်ကလူတွေနဲ့ သူတို့အုပ်စု ရန်ဖြစ်ကြတယ်။ နောက်တစ်နေ့ ခေါင်းမှာပတ်တီးနဲ့ သူ့ကို ကျောင်းမှာတွေ့တယ်။ ဒါပေမဲ့ သူ သမီးကို လုံးဝလှည့်မကြည့်တော့ပါဘူး။ အရင်လိုလည်း မနှောင့်ယှက်တော့ဘူး။

အဲဒီနေ့ကစပြီး သမီးစိတ်ထဲမှာ ဘာကိုမှန်းမသိ တစ်ခုခုလစ်ဟာသွားခဲ့တာပါ။ ကျောင်းတက်တာလည်း စိတ်မပါတော့ဘူး။ သူ့အရင်တုန်းက မချေမငံပြောတဲ့စကားတွေ၊ စိတ်တိုင်းမကျရင် အော်တဲ့စကားအသံတွေ၊ ဖုန်းဆက်လို့ ဖုန်းမကိုင်ရင် voice massage နဲ့ 'တောက်' ခေါက်သံပို့တာတွေကို သတိရနေမိတယ်။

အခုဆိုရင် သူပို့ထားတဲ့ 'တောက်'ခေါက်သံတွေကိုတောင် ခဏခဏ ပြန်ပြန်နားထောင်နေမိတဲ့ အထိပါပဲ။ အရင်ကအကြောင်းတွေ ပြန်တွေးမိရင် ရင်တွေခုန်လာတယ်။

သမီး ဘာလုပ်ရမှန်းမသိဘူး 'ရင်ခုန်သံ' ရယ်။

ကူညီပေးပါဦး။

ပန်းယမုံ

စံပယ်ဆောင်၊ အခန်း (၃)





www.burmeseclassic.com

www.burmeseclassic.com

သမီးလေး ပန်းယမုံရေ . . .

မြင်းနှစ်ကောင်ကို အလယ်ကခွစီးလို့ မရဘူးနော်။ သမီးက ဟိုဘက်မြင်းလည်း လက်မလွှတ်ချင်သလို၊ ဒီဘက်မြင်းလည်း ကောင်း၊ မကောင်း စီးကြည့်ချင်ပုံရတယ်။

အမှန်ကတော့ သမီး ကိုယ့်ကိုယ်ကိုယ် သေချာစမ်းကြည့်ရမှာပါ။ စာအရ သမီးရဲ့ချစ်သူက လူကောင်းတစ်ယောက်ပါ။ နလုံးသားရေးကိစ္စမှာ လွတ်လပ်ပိုင်ခွင့်ရှိပေမယ့် သမီးအပေါ် တကယ်ချစ်ပြီး သမီးရဲ့ တရားဝင်ချစ်သူဆိုတာ မေ့ထားလို့ မရပါဘူး။

ဒါမျိုးက ဖြစ်တတ်လို့ သမီးကိုလည်း အပြစ်မတင်ပါဘူး။ ချစ်သူက သမီးအပေါ် အစစအရာရာကောင်းပြီး တစ်ဘဝလုံး အားကိုးထိုက်လို့ ရွေးချယ်လိုက်ပေမယ့် တစ်ဖက်က ထင်မထားတဲ့အပြုအမူတွေ၊ မကြုံဖူးတဲ့ ဆက်ဆံရေးနည်းတွေနဲ့ တိုးဝင်လာတဲ့အခါမှာ သမီးရင်ခုန်သွားတယ်ထင်ပါတယ်။

ဒါပေမဲ့ တစ်ခုစဉ်းစားရမှာက သမီးအပေါ် တကယ်ချစ်တာဟုတ်ရဲ့လားဆိုတာပဲ။ ရန်ဖြစ်ပြီးတဲ့နောက်မှာ သမီးကို လှည့်မကြည့်တော့ဘူးလို့ ဖတ်လိုက်ရတယ်။ သူလိုလူမျိုးတစ်ယောက်အတွက် ရန်ဖြစ်တယ်ဆိုတာ ဆန်းကြယ်လှမှာ မဟုတ်ပါဘူး။



ဒါကို သမီးကြောင့်လို့ ခေါင်းစဉ်တပ်လိုက်တဲ့ သဘောလား၊ တကယ်ချစ်တာသာမှန်ရင် ဒါမျိုးက ဖြစ်သင့်သလား သေချာစဉ်းစားပါ။ စဉ်းစားတဲ့အခါမှာလည်း နှစ်ဖက်စလုံးက ဝင်နေကြည့်ပါ။ သူ့ကိုလည်း အချိန်အတိုင်းအတာတစ်ခုထိ စောင့်ကြည့်ပါ။

အဓိက ကတော့ သမီးလေးရေ . . .

ခဏတာသာယာမှုနဲ့ တစ်ဘဝစာပျော်ရွှင်မှု ဒီနှစ်ခုထဲက သမီးဘာကိုရွေးမှာလဲ . . . ။

ဒါပါပဲ . . .

**Heart Beat**

သို့

အစ်ကို 'ရင်ခုန်သံ' ခင်ဗျာ . . .

ကျွန်တော့်နာမည် ဒွေးသူရလို့ခေါ်ပါတယ်။ ကျွန်တော်က အခုမှ *First Year* သင်္ချာတက်နေတာပါ။

ကျွန်တော်စိတ်ဝင်စားနေတဲ့ မိန်းကလေးဟာ မဟာသိပ္ပံ ဓာတုဗေဒ နောက်ဆုံးနှစ်တက်နေတဲ့ မမတစ်ယောက်ပါ။ အရမ်းလှပြီး မာနလည်း အရမ်းကြီးပါတယ်။ ပထမနှစ်ကနေစပြီး အခု မဟာသိပ္ပံ နောက်ဆုံးနှစ်အထိ *Queen* ဘွဲ့ ဆက်တိုက်ရထားသူဖြစ်လို့ 'ဓာတုကလျာ' ဆိုပြီး သတင်းကြီးပါတယ်။ အစ်ကိုလည်း သိလိမ့်မယ်ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် သူ့ကို ချစ်မိနေတယ်ဗျာ။ ဒါပေမဲ့ မာနအရမ်းကြီး တော့ သူ့နားကိုကပ်ဖို့က မလွယ်ဘူး။

အဲဒါ ကျွန်တော် ဘယ်လိုစ *try* ရမလဲ အကြံဉာဏ်ပေးပါဦး။

ဌေးသူရ
'ချစ်မကြီး' မုန့်တီဆိုင်၊ သုံးခွမြို့။

ᨏ ᨏ ᨏ

သူမြင်နိုင်တဲ့နေရာကနေပြီး နှစ်ပတ်လောက် ဆက်တိုက်တံတွေး ထွေးပါ။

ထွေးတဲ့နေရာမှာ သူ့ကို သေချာကြည့်ပါ။ ပြီးတော့မှ တစ်နေ ရာရာကို အားထည့်ပြီး ထွေးပစ်လိုက်ပါ။

'ထွီ' လို့ အသံမြည်ပါစေ။

တစ်ခုခု ထူးခြားလာပါလိမ့်မယ်။

**Heart Beat**

ᨏ ᨏ ᨏ



'ရင်ခုန်သံ' အဖွဲ့သို့ . . .

ကျွန်တော် အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ။

ကျွန်တော်တို့ကြိုက်နေတဲ့ ကောင်မလေးက ရှေးဟောင်းသုတေ သနအဖွဲ့ဝင်တစ်ယောက်ပါ။ ကျွန်တော်တို့လို့ သုံးလိုက်ရတာက ကျွန် တော်နဲ့ ကျွန်တော့်သူငယ်ချင်း နှစ်ယောက်လုံး သူမကို ကြိုက်နေလို့ပါ ပဲ။

တစ်နေ့မှာ သူမက ကျွန်တော်တို့နှစ်ယောက်ကို မေးပါတယ်။

'ပုဂံမှာ ဘုရားအဆူပေါင်း ဘယ်လောက်ရှိသလဲ' တဲ့။ အဲဒါ ကျွန်တော်က ငယ်ငယ်ကသင်ထားဖူးတဲ့ 'လှည်းဝင်ရိုးသံ တည်ညံ ပုဂံ ဘုရားပေါင်း' ဆိုတဲ့ သံပေါက်အတိုင်း ဘုရားအဆူပေါင်း (၄,၄၄၆,၇၃၃) ဆူရှိတယ်လို့ပြောတော့ . . .

မဟုတ်ဘူးတဲ့ . . . ။

ကျွန်တော်လည်း မသိတော့ပါဘူး။ ပြိုင်ဘက်သူငယ်ချင်းလည်း အခုချိန်ဆို ပုဂံမှာ ဘုရားအဆူပေါင်း ဘယ်လောက်ရှိတယ်ဆိုတဲ့ အထောက်အထားတွေ မြေလှန်ရှာဖွေနေမှာ သေချာပါတယ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်ရင် ကူညီပေးပါ။ သူမအထင်သေးသွားရင် ကျွန်တော့် မျှော်လင့်ချက်တွေ ဝေဝါးသွားနိုင်ပါတယ်။

*Please . . .*

ထက်ပိုင်

ကေသရာဇာ အမျိုးသားဆောင်၊

အခန်း (၁၀)။

သူငယ်ချင်းထက်ပိုင် . . .

ချစ်သူရဲ့ အထင်သေးခံရခြင်းဟာ ယောကျ်ားတစ်ယောက်ရဲ့ အရည်အချင်းကို အများကြီး ကျဆင်းစေတယ်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်။

အဲဒါကြောင့် သူငယ်ချင်းရဲ့ အခက်အခဲကို အတတ်နိုင်ဆုံး ကြိုးစားကူညီပေးလိုက်တယ်။

ပထမဆုံးစဉ်းစားပေးရမှာက ပုဂံရဲ့ဧရိယာအကျယ်အဝန်းပါပဲ။ တကယ်တော့ ပုဂံဆိုတာ မိုင် (၂၀) ပတ်လည်လောက်သာရှိတဲ့ ဒေသတစ်ခုပါ။ ဒီအကျယ်အဝန်းလေးမှာ ဘုရားအဆူပေါင်း (၄,၄၄၆,၇၃၃) ဆူရှိဖို့ဆိုတာ စဉ်းစားစရာပါပဲ။ ပြီးတော့ 'ရွှေလသာ ဝါဝါဝင်း' ဆိုပြီး



ဘုရားအဆူပေါင်း (၄၄၆,၄၄၄)ဆူဟာ ဧရာဝတီမြစ်ကမ်းပြိုရာမှာ ပါသွားခဲ့တယ်လို့ မှတ်တမ်းဝင်ထားတာကို တွေ့ရပါတယ်။

ဒါပေမဲ့ ပုဂံတည်နေရာက ဧရာဝတီမြစ်ကမ်းပြိုခြင်းမရှိနိုင်တဲ့ ထဝီအနေအထားပါ။

'လှည်းဝင်ရိုးသံ' လောက်သာ ကောက်ယူမယ်ဆိုရင်လည်း (၄,၄၄၆) ဆူသာ ရှိနေတယ်။ အင်းဝ၊ မိုးညင်းမင်းတရားလက်ထက်မှာတော့ 'ဝင်းဝင်းထိန်လျှံ' လို့ သင်္ကေတပြုထားတာ တွေ့ရတယ်။ အဲဒီသင်္ကေတအရဆိုရင်တော့ (၄,၄၇၄) ဆူရှိပါတယ်။

ကိုလိုနီခေတ် ကမ္ပည်းကျောက်စာဌာနမှတ်တမ်းမှာတော့ (၂၁၇၁) ဆူလို့ ရေထိုးထားတယ်။ ဒါတွေကိုကြည့်မယ်ဆိုရင် ပုဂံဘုရားအရေအတွက်ဟာ အတိအကျမရှိပါဘူး။ အတိအကျရှိမယ်ဆိုရင်လည်း တိတိကျကျပြောလို့ရမယ့် တစ်ခုတည်းသော ရေးထိုးထားမှုမျိုး မရှိခဲ့ဘူး။

ဒါပေမဲ့ ၁၉၇၈ ခုနှစ်မှာ နောက်ဆုံးကောက်ယူခဲ့တဲ့ စာရင်းသစ်အရ (၂၂၁၇) ဆူရှိကြောင်း တွေ့ရတယ်။ အမှတ်သင်္ကေတအဖြစ် 'ကျောင်းကြီးအုတ်နီ' လို့ မှတ်တမ်းတင်ထားတယ်။

အဲဒီတော့ အခုလောလောဆယ် အနေအထားအရ ပျောက်ပျက်သွားတဲ့ ဘုရားအဆူတစ်ဝက်လောက်ကိုပါ ထည့်တွက်မယ်ဆိုရင် မိုင် (၂၀) ပတ်လည် ဧရိယာအကျယ်အဝန်းမှာ ပုဂံဘုရားအဆူပေါင်း (၅၀၀၀) ဝန်းကျင်လောက်သာ အမှန်တကယ်ရှိနိုင်ပါတယ်။

သူငယ်ချင်းထက်ပိုင် အဆင်ပြေပါစေ။

**Heart Beat**



www.burmeseclassic.com

www.burmeseclassic.com

'ရင်ခုန်သံ' သို့ . . .

သူနဲ့သမီးနဲ့က ဆယ်တန်းနှစ်မှာကတည်းက ချစ်သူတွေဖြစ်ခဲ့ကြတယ်။ သူက စာတော်ပါတယ်။ ဆယ်တန်းအောင်တော့ သူက ဆေးတက္ကသိုလ်တက်ပြီး သမီးကတော့ ရိုးရိုးမေဂျာပဲရလို့ *day* တက်ခဲ့တယ်။

ပထမနှစ်ကုန်သွားတဲ့အထိ သမီးတို့ဆက်ဆံရေးက နွေးနွေးထွေးထွေးပါ။ ဒါပေမဲ့ ဒုတိယနှစ်မှာတော့ သူ့ဘက်က စိမ်းလာပါတယ်။ သတင်းကြားတာက ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်တဲ့။ သမီးမေးတော့ ပထမငြင်းပါတယ်။

ဒါပေမဲ့ သတင်းတွေ တစ်နေ့တစ်မျိုး မရိုးအောင်ကြားပြီး နောက်ဆုံး ငြင်းမရတော့မှ ဝန်ခံပါတယ်။ သူအရမ်းချစ်ရတဲ့ချစ်သူကို ရှာတွေ့သွားပြီတဲ့။ သမီးကိုလည်း လမ်းခွဲဖို့ပြောတယ်။

သမီး သူ့ကိုတကယ်ချစ်တာပါ။ ဒါပေမဲ့ သူစိတ်ချမ်းသာစေဖို့ သူ့သဘောအတိုင်း လမ်းခွဲပေးလိုက်တယ်။ အခုဆို သမီးတို့လမ်းခွဲပြီးတာ တစ်နှစ်ကျော်ပါပြီ။ ဒါပေမဲ့ သူ့ကိုသတိရနေသေးတယ်။ သူ့သတင်းတွေဆိုရင် နားစွင့်နေမိသေးတယ်။ သူနဲ့ပျော်ခဲ့တဲ့ အတိတ်က အချိန်တွေကို ပြန်တွေးပြီး လွမ်းနေမိသေးတယ်။



သူ့ကိုပိုင်ဆိုင်ရဖို့လည်း မမျှော်လင့်တော့ပါဘူး။ ဖြစ်နိုင်ရင် သမီးသူ့အကြောင်းတွေအားလုံးကို မေ့ပစ်လိုက်ချင်ပါတယ်။ ဒါပေမဲ့ အဲဒီကိစ္စကြီးက သမီးအတွက် တော်တော်ခက်ခဲနေတယ်။

ကူညီပါ 'ရင်ခုန်သံ' . . .

သမီး ဘယ်လိုလုပ်ရမလဲ။

သဲသဲ

FMI City (လှိုင်သာယာ)

ဆရာတော် ရှင်ဆန္ဒာဓိကရေးထားတဲ့ အောက်ပါစာအုပ်နှစ်အုပ်ကို ဖတ်ဖြစ်အောင်ဖတ်လိုက်ပါ။

– အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ်။
– အကောင်းကံချစ်မှ အချစ်ကံကောင်းမယ်။

အေးချမ်းသွားပါလိမ့်မယ်။

**Heart Beat**

www.burmeseclassic.com

www.burmeseclassic.com

သို့

'ရင်ခုန်သံ' . . .

ကျွန်တော် အကူအညီတစ်ခု တောင်းချင်လို့ပါ။ ကျွန်တော့် အဖြစ်က ခုနစ်ပြည်ထောင်မင်းတွေ ဝိုင်းဝိုင်းလည်နေတဲ့ ပပဝတီလိုမိန်းကလေးမျိုးကိုမှ ချစ်မိနေတဲ့ မင်းကုသလို အဖြစ်မျိုးပါ။

တကယ်တမ်းပြောရရင်တော့ ကျွန်တော် မင်းကုသလောက် ရုပ်မဆိုးပါဘူး။ ဒါပေမဲ့ သူနဲ့ကျွန်တော်က အဆင့်ချင်း အရမ်းကွာဟလွန်းပါတယ်။ သူမနားမှာ အချိန်ပြည့် ကပ်နေသူတွေကလည်း ကျွန်တော် ဘယ်လိုမှယှဉ်လို့မရနိုင်တဲ့ ဒိတ်ဒိတ်ကျဲတွေချည်းပါပဲ။

သူတို့တွေလို ကားအကောင်းစားကြီးတွေလည်း မစီးနိုင်ပါဘူး။ သူတို့သုံးသလိုလည်း ပိုက်ဆံကို ရေလိုမသုံးနိုင်ပါဘူး။ ကျွန်တော် ဘယ်လိုလုပ်ရမလဲခင်ဗျာ။ သူမကို လိုက်နေသူအားလုံးထက်သာအောင် ဘယ်လိုချဉ်းကပ်မှုမျိုးတွေနဲ့ တိုးဝင်ရမလဲ။

ဖြစ်နိုင်ရင် ကူညီပေးပါ။ အကြံဉာဏ် တစ်စွန်းတစ်စလေးပဲဖြစ်ဖြစ်ပေါ့ . . . ။

သူရဟန်
ရွှေဘိုဆောင်၊ အခန်း(၇)



ညီလေးသူရဟန် . . .

အမှန်က ညီလေး ကိုယ့်ကိုယ်ကိုယ် စိတ်အားငယ်နေတာပါ။ ဘာဖြစ်လဲ . . . ညီလေးစိတ်ဝင်စားနေတဲ့ မိန်းကလေးကို ဘယ်သူတွေက ဘယ်လိုကားအကောင်းစားကြီးတွေစီးပြီး လိုက်ရုံမကလို့ လေယာဉ်ပျံကြီးမောင်းပြီးပဲ လိုက်လိုက်ပေါ့။

အဓိက ညီလေးခေါင်းထဲ ထည့်ထားရမှာက နှလုံးသားကိုထိအောင်ပစ်ဖို့ပဲ။ သူ့ရဲ့နှလုံးသားကို ညီလေး ဘယ်လိုကိုင်တွယ်မလဲ။ အဲဒါပဲ အဓိကကျတာ။

ရုပ်ဝတ္ထုကိုအားကိုးပြီး လိုက်တဲ့လူတွေက ပြန်ရရင်လည်း ရုပ်ဝတ္ထုကိုသာ ရတတ်တယ်။

ညီလေးသူရဟန် . . .

နှလုံးသားကိုလိုချင်ရင်တော့ နှလုံးသားနဲ့လိုက် . . .

**Heart Beat**



www.burmeseclassic.com

www.burmeseclassic.com

ဒါလေးတွေဟာ နှလုံးသားရေးရာကိစ္စတွေမှာ အခက်တွေ့နေသူတွေ၊ ရှုံးနိမ့်သူတွေ၊ ရှေ့တိုးဖို့ ခက်နေသူတွေနဲ့ ရင်ခုန်သံအဖွဲ့ကြား ဆက်သွယ်မှုလေးတွေပေါ့။

နောက်ပြီး ရင်ခုန်သံအဖွဲ့ကို စိတ်ဝင်စားကြသည့် အကြောင်းတစ်ချက်လည်း ရှိသေးသည်။ အဲဒါက ရင်ခုန်သံမှာ အဖွဲ့ဝင်ဘယ်နှစ်ယောက်ရှိသလဲ၊ သူတို့က ဘယ်သူတွေလဲ လုံးဝမသိရခြင်းပင်။

သေချာတာကတော့ 'ရင်ခုန်သံ' အဖွဲ့မှာ ဒီတက္ကသိုလ်တစ်ခု၌သာရှိပြီး ရင်ခုန်သံအဖွဲ့ဝင်များမှာလည်း ဒီကျောင်းဝန်း၌သာရှိနေမှာ သေချာပါသည်။

ဒါပေမဲ့ တစ်နေ့မှာတော့ ရင်ခုန်သံအဖွဲ့ဆီသို့ ထူးဆန်းသော စာတစ်စောင် ရောက်လာလေ၏။



# II

အခန်းလေးတစ်ခုက ဘာသာဗေဒမဲ့စွာ တိတ်တိတ်ဆိတ်ဆိတ် ဖြစ်နေသည်။ အရင်အချိန်တွေတုန်းကလည်း တိတ်ဆိတ်လျက်သာရှိသော အခန်းလေးတစ်ခုဖြစ်ပေမဲ့ တိတ်ဆိတ်မှုက အရင်အကြိမ်တွေထက် သာလွန်ကာနေပါ၏။

အရင်တုန်းကတော့ ဒီအခန်းလေးထဲမှာ စာအိတ်ဖောက်သံ၊ စာရွက်ခေါက်သံ၊ ပြီးတော့ အချင်းချင်း ကြားရုံလောက်သာ ပြောတတ်ကြသည့် စကားသံတိုးတိုး၊ ထိုမျှလောက်သာ ညင်သာဆူညံမှုမျိုး ရှိတတ်ပေမဲ့ ယနေ့မှာက ဘာသံမျှမကြားရလောက်အောင် တိတ်ဆိတ်နေသည်။

ဘာကြောင့်ပါလဲ။

ပေးပို့စာလေးတစ်ခုကြောင့် ရှင်းအောင်ပြောရပါက အရင်ရောက်ရှိလာနေကျ နှလုံးသားရေး အကူအညီတောင်းစာတွေနှင့် လုံးဝတူသော စာလေးတစ်စောင်ကြောင့်။



www.burmeseclassic.com

www.burmeseclassic.com

စာလေးဟာ တစ်ဦးလက်တစ်ဦးပြောင်းကာ အံ့ဩတည်ငြိမ်နေသည်။ အကုန်လုံး၏ မျက်နှာတွေမှာလည်း မယုံကြည်နိုင်မှုတွေ၊ အံ့ဩမှုတွေ၊ တွေးခေါ်စဉ်းစားမှုတွေနဲ့ လေးလေးနက်နက် . . . ။

စာလေးက ကျောင်းသူမိန်းကလေးတစ်ယောက်၏ ကိုယ်တိုင်ကြုံတွေ့ခံစားနေရသော အဖြစ်အပျက်ကို ရိုးရိုးရှင်းရှင်းလေး ရေးပြထားခြင်းဖြစ်သည်။ ထိုရိုးရှင်းမှုမှာပင် ကြီးကျယ်သော ထူးဆန်းမှုတစ်ခု ခိုတွဲပါဝင်နေ၏။ အနည်းငယ်တော့ ရှည်လျားပေသည်။ ဒီလိုပါ . . .။

• • •

*ကျူရှင်လွှတ်နောက်ကျတဲ့ ညတစ်ညမှာပေါ့ . . .*

*ကျွန်မ ဘတ်စ်ကားတစ်စီးပေါ် ရောက်နေပါတယ်။ ခရီးသည်တွေ ပြည့်ကျပ်ကြပ်ပိတ်နေတဲ့ ဘတ်စ်ကားပေါ့။ ထိုင်ခုံနေရာမရလို့ မတ်တတ်ပဲ လိုက်လာခဲ့ရတယ်။ ကျွန်မဘေးနားမှာ ခပ်ဝဝမိန်းမကြီးတစ်ယောက်နဲ့ သားသားနားနားကောင်လေးတစ်ယောက် ရပ်လို့နေတယ်။ ကြပ်နေလို့ လှုပ်ဝင်လှုပ်ထွက် ခဏခဏအတိုးခံရတယ်။*

*ဒါပေမဲ့ မိနစ်နှစ်ဆယ်လောက်ကြာတော့ ကျွန်မဆင်းရမယ့်မှတ်တိုင်ရောက်လို့ ဆင်းလိုက်ပါတယ်။ ဒီနေ့ဟာ ကျွန်မကံဆိုးမိုးမှောင်ကျတဲ့နေ့လို့ အောက်ရောက်လို့ ကားကြီးထွက်ပြီးသွားမှ သိလိုက်တာပါ။ ပခုံးမှာလွယ်ထားတဲ့အိတ်က ဖင်မှာ ဓားရာတစ်ချက်နဲ့ ကွဲနေပါပြီ။ ပစ္စည်းအချို့ ကျန်နေသေးပေမယ့် ပိုက်ဆံအိတ်မရှိတော့ဘူး။ ကျွန်မ ခါးပိုက်နှိုက်ခံလိုက်ရပြီ။*

*သေချာတာကတော့ ကျွန်မမှာ ပိုက်ဆံတစ်ပြားမှ မကျန်တော့ပါဘူး။ ဘာလုပ်ရမှန်းမသိလို့ စိတ်ညစ်ညစ်နဲ့ ထွက်လာစဉ်မှာပဲ ခပ်လှမ်းလှမ်းမှာ မီးရောင်တလက်လက်နဲ့ ကစားကွင်းတစ်ခုကို မြင်လိုက်ရတယ်။ ဖုန်းဆက်လို့ရလိုရငြား အားတက်ပြီး ကစားကွင်းထဲ ဝင်သွား*



*လိုက်ပေမဲ့ ဆိုင်သိမ်းခါနီးလို့ ဖြုတ်သိမ်းလိုက်ပြီထင်ပါရဲ့ ဖုန်းတစ်လုံးမှ မတွေ့တော့ဘူး။*

*ဒါပေမဲ့ ကစားနည်းတစ်ခုကို တွေ့လိုက်ရတယ်။ အဲဒီကစားနည်းကြောင့်ပဲ ကျွန်မ အခုလို စာရေးလိုက်ရတာပါ။*

*ကံကြမ္မာရဟတ်လို့ခေါ်တဲ့ ကစားနည်းပါ။ ဘုရားပွဲတွေ ကစားကွင်းတွေမှာ မြင်ဖူးပါလိမ့်မယ်။ ဆုံလည်စားပွဲပေါ်က ဖလားတွေထဲကို ပိုက်ဆံပစ်သွင်းရတဲ့ ကစားနည်းပေါ့။*

*အတိုချုံးပြောရရင်တော့ အဲဒီဖလားတစ်ခုထဲက ပိုက်ဆံကို အိမ်အပြန်လမ်းစရိတ်အတွက် ကျွန်မ နှိုက်ယူမိခဲ့လိုက်တယ်။ ပြီးတော့ Taxi ငှားပြီး အိမ်ပြန်သွားပါတယ်။ ဒါပေမဲ့ ဖလားမှာရေးထားတဲ့ စာတန်းကိုတော့ သေချာမှတ်ထားခဲ့တယ်။ နှိုက်ယူခဲ့တဲ့ပိုက်ဆံအတိုင်း နောက်တစ်နေ့ ပြန်လာထည့်ပေးဖို့ပါ။*

*ဖလားမှာရေးထားတဲ့ စာတန်းက 'ချစ်သူခင်သူ ပေါပါစေ' တဲ့။ ဒါပေမဲ့ နောက်တစ်နေ့ မိုးလင်းအပြီးမှာပဲ ထင်မှတ်မထားတဲ့ ထူးဆန်းမှုတွေကို တအံ့တဩ ကြုံရပါတော့တယ်။*

*ကျွန်မနဲ့ မျက်လုံးချင်း တစ်စိတ်တစ်ပိုင်းဆုံမိတဲ့ ယောကျ်ားလေးတိုင်း ကျွန်မမျက်နှာကို စက္ကန့်အတော်ကြာငေးမိတဲ့ ယောကျ်ားလေးတိုင်း ကျွန်မကို စွဲစွဲလမ်းလမ်း ဝိုင်းကြိုက်ကြတော့တာပဲ။ လုံးဝထင်မှတ်မထားပါဘူး။ နေ့ချင်းညချင်း မယုံကြည်နိုင်လောက်အောင် စန်းပွင့်သွားတယ်။*

*အခုဆို ကျွန်မလမ်းထွက်တာနဲ့ နောက်ကလိုက်မယ့်သူတွေ ပုံနေပြီ။ ရည်းစားစာပေးတဲ့ခေတ် ကုန်ပြီဆိုပေမဲ့လည်း ဖတ်လို့မနိုင်တော့ပါဘူး။ ဖုန်းလာလွန်းလို့ ဖုန်းတောင် လဲကိုင်လိုက်ရပြီ။*

*ကျွန်မ ဒုက္ခအရမ်းတွေ့နေပါတယ်။ ဒီဒုက္ခကို မခံစားနိုင်တော့လို့ အခုလို အကူအညီတောင်းလိုက်ရတာပါ။ ဒီအဖြစ်အပျက်တွေအားလုံးဟာလည်း 'ချစ်သူခင်သူပေါပါစေ' ဆိုတဲ့ ဖလားထဲက ပိုက်ဆံကို သုံးမိတဲ့အတွက်ကြောင့်လို့ ထင်ပါတယ်။*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဘယ်လိုလုပ်ရမလဲ။

အခုဆို ကျောင်းလာရင်တောင် ရုပ်ဖျက်ပြီး လာရတဲ့အဆင့်ကို ရောက်နေပြီ။ ကူညီပါဦး။

စာပါအကြောင်းအရာကတော့ ထိုမျှပင်။ စာအောက်ဆုံးမှာ နာမည်နှင့်လိပ်စာကို ရေးထားသည့်အပြင် မေဂျာ၊ အခန်းနံပါတ်နှင့် ခုံနံပါတ်ကိုပါ ရေးပြထား၏။

အကူအညီတောင်းခံချင်ပေမဲ့ မယုံကြည်လျှင် မေ့ပစ်လိုက်ပါ ဟု ဆိုထားသေးသည်။

မည်မျှကြာအောင် တိတ်ဆိတ်သွားကြသည်မသိ။ တစ်စုံတစ်ယောက်၏စကား စတင်သံကြားမှသာ အခန်းလေးက အသက်ဝင်သွားသည်။

"ဖြစ်နိုင်ပါ့မလား"

တိုးရှုရှုလေးဖြစ်သွားပေမယ့် လေယူလေသိမ်းက အရမ်းနားထောင်လို့ကောင်းပါသည်။ ညို့ယူသိမ်းသွင်းနိုင်သော အသံမျိုး။

"သာမန်အားဖြင့် ဆိုရင်တော့ ဖြစ်နိုင်ချေမရှိဘူး။ ဒါပေမဲ့သာမန်ထက်ကျော်လွန်တဲ့ အကြောင်းကိစ္စတွေက ဘယ်နေရာ၊ ဘယ်အချိန်မှာမဆို ဖြစ်နိုင်တာပဲ။ . . . . . ဆိုလိုတာက ယုတ္တိလွန် အကြောင်းအရာတွေပေါ့"

"ငါတို့အဖွဲ့ကို တမင်ခေါင်းစားတာဆိုရင်ရော"

နားထောင်နေသူတစ်ယောက်က ထမေးသည်။

"ဒါလည်း မဖြစ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ စာအောက်ဆုံးမှာ နာမည်၊ လိပ်စာ၊ ခုံနံပါတ်တွေ အတိအကျရေးပေးထားတယ်။ တကယ်လို့ လိမ်နေတာဆိုရင် လွယ်လွယ်လေးပဲ။ တစ်ချက်တောက်ကြည့်ရုံနဲ့ သိနိုင်တယ်"



"ဖြစ်နိုင်ပါ့မလားကွာ။ 'ချစ်သူခင်သူပေါ်ပါစေ' ဆိုတဲ့ ဖလားထဲကပိုက်ဆံ ယူသုံးမိလို့ တကယ်ပဲ မယုံကြည်နိုင်လောက်အောင် စန်းပွင့်သွားရသလား။ ချစ်သူခင်သူတွေ ပေါ်လာရသလား"

ထိုအမေးစကားကြောင့် ကနဦးပြောသူက ပခုံးတွန့်သည်။

သူရေးပေးထားတာပဲ။ မယုံကြည်ရင် မေ့ပစ်လိုက်ပါတဲ့။ ဒီလိုပဲ မယုံမကြည်ဖြစ်လာမယ်ဆိုတာ သိနေလို့ ရေးပေးထားတာဖြစ်လိမ့်မယ်"

"အေးလေကွာ . . သူ့ဟာ ဘယ်လိုမှ လက်မခံချင်စရာကြီး"

ထိုသို့ပြောနေပေမဲ့ တစ်ယောက်သောသူကတော့ ထိုင်ခုံမှာ ထိုင်ရင်း ငြိမ်နေပါသည်။ ဒါကိုရိပ်မိသော ကျန်လူတွေက . . .

"ဟေ့ကောင် . . . ငြိမ်လှချည်လား။ ဘာတွေတွေးနေတာလဲ"

ချက်ချင်းမဖြေ။ တစ်အောင့်ကြာမှ သက်ပြင်းတစ်ရှိုက်နှင့်အတူ စကားသံက တစ်လုံးချင်း ထွက်ကျလာသည်။

"စိတ်ဝင်စားစရာပဲ"

ပြီးတော့ ခေါင်းကို တဆတ်ဆတ်ညိတ်နေသည်။ ထိုအရာကို ကြည့်၍ တစ်ယောက်က . . .

"မင်း ဘယ်လိုထင်လဲ"

"ဘယ်လိုမှမထင်ဘူး။ ဒါပေမဲ့ သူရေးပေးတဲ့အကြောင်းအရာလေးကို ငါစိတ်ဝင်စားသွားတာတော့ အမှန်ပဲ။ ဟုတ်တယ် မဟုတ်ဘူးဆိုတာ စုံစမ်းလိုက်ရင် လွယ်ပါတယ်။ စိတ်ဝင်စားသွားတာက ငါတို့ဆီကို ဒီလိုစာမျိုး တစ်ခါမှ ရောက်မလာဘူးလို့ပဲ။

ဒီတစ်ခါတော့ အားလုံး ခေါင်းညိတ်ကြသည်။

"တကယ်လို့ သူရေးထားတဲ့အတိုင်းသာ တကယ်ဖြစ်တာမှန်ရင် ပွဲက ပိုစိတ်ဝင်စားဖို့ ကောင်းသွားပြီ"

စကားကိုရပ်တော့ အကုန်လုံး ငံ့လင့်နေကြပါ၏။ ချက်ချင်းပဲ စကားကို ဆက်လိုက်သည်။

"ဒါမျိုးကိစ္စတွေက အကြိမ်တစ်ရာမှာ တစ်ကြိမ်ဖြစ်ခဲ့တယ်။ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

မယ်ဆိုလို့လည်း နှစ်ခါမဖြစ်နိုင်ဘူး။ နှစ်ယောက်မရှိဘူး"

"အေး . . . အဲဒါတော့ ဟုတ်တယ်"

"ငါတော့ စိတ်ဝင်စားသွားပြီကွာ . . . ။ တွေ့နေကျ နှလုံးသား ပြဿနာအားလုံးထက် ဒါလေးက ရင်ခုန်စရာပိုကောင်းတယ်"

"ဟုတ်တယ်ကွ . . . ။ တကယ်သာ စာထဲကအတိုင်းဆို ငါတို့ အတွက် ရင်ခုန်စရာပဲ"

"အမှန်ပဲ"

"ဒါဆို စာထဲကအတိုင်း တကယ်ဟုတ်မဟုတ် အရင်စုံစမ်း ကြည့်ရမှာပေါ့"

"ဟုတ်တယ်"

ထို့နောက်မှာတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ သွားကြလေသည်။ ပြီးတော့ မေးခွန်းတစ်ခုက ခပ်ကျယ်ကျယ်ထွက်လာ သည်။

"ငါတို့ ဘာလုပ်ကြမလဲ"

လိုက်ဖက်သော အဖြေတစ်ခုပါပဲ။ ဒါပေမဲ့ ထိုအဖြေက အရမ်း ကြီးတိကျလွန်းနေသည်။

"ကွင်းဆင်းကြည့်ကြတာပေါ့"



# ၊၊၊

စားပွဲတစ်ခုကို အလယ်တွင်ထားပြီး ကျောင်းသားနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ သူတို့နှစ်ဦး၏ နောက်နှင့်ဘေးပတ် လည်မှာလည်း လူတွေအုံခဲလို့။ ဒါပေမဲ့ လူတွေအားလုံးမှာ ဘာသံမျှ ထွက်လို့မရအောင် တစ်စုံတစ်ရာက သူတို့ကို ဖမ်းစားထားပါ၏။

ထိုင်နေသူနှစ်ယောက်ကြား စားပွဲပေါ်တွင် အနီအနက်လေး ထောင့်ကွက်များကို ချနင်းထားသော အရုပ်ငယ်လေးများက ရှိနေသူအား လုံးအား လှုပ်ရှားလို့မရအောင် ဖမ်းစားထားခြင်းပါ။ ကြည့်နေသူများမှာ အတိုး၊ အဆုတ်တိုက်ကွက်များ၏ လွှမ်းမိုးမှုအောက်၌ အသက်ရှူကြပ် မတတ်။

တချို့မှာ ကစားပွဲအားကြည့်ရင်းနှင့် အလိုလိုမောနေကြသည်။ ဒါပေမဲ့ ကစားနေသူနှစ်ယောက်ကတော့ လောကကြီးထဲမှ ခဏတာခွဲ ထွက်ကာ ဉာဏ်ရည်ချင်းယှဉ်ရသော တိုက်ပွဲတစ်ခုထဲ၌ ဝင်ရောက်ဆင် နွှဲနေရပါ၏။ ထိန်းချုပ်ကွပ်ကဲနေရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ဦး၏မျက်နှာတွေမှာ စိုးရိမ်မှု၊ ထိတ်လန့်မှု၊ မောဟိုက်မှု၊ ပျော်ရွှင်မှု အလျဉ်းမရှိ။ ပကတိ ငြိမ်သက်ကာ ကစားကွက်ပေါ်မှ အရုပ်ငယ်များထဲတွင် ဝိညာဉ်နှင့်စိတ်ဓာတ်တို့ ထည့်သွင်းထားကြသည်။

ကစားပွဲမှာ အချိန်ကြာမြင့်နေပါပြီ။ တိတိကျကျဆိုရပါက တစ်နာရီခွဲနီးပါး ရှိနေပါပြီ။ ဒါပေမဲ့ အနိုင်အရှုံးမပေါ်သေး။ ကစားကွက်ပေါ်မှာ လှုပ်ရှားနေသော အရုပ်ငယ်များမှာလည်း တစ်စထက်တစ်စ နည်းပါးလာကာ နှစ်ဖက်စလုံး ချည့်နဲ့နေကြပြီ။

အနိုင်အရှုံးအားသိချင်၍ စောင့်မျှော်နေသူအားလုံးမှာ ကာယကံရှင်နှစ်ဦး၏ တိုက်ကွက်များအောက်တွင် ရင်တထိတ်ထိတ်။ ထိုစဉ်မှာပဲ . . .

"Check"

အေးစက်စက်ထွက်ပေါ်လာသော စကားသံတစ်ခုနောက်မှာတော့ . . .

"ဟာ . . ."

"ဟယ် . . ."

"အို . . ."

"ကျွတ် . . . ကောင်းလိုက်တဲ့ ချက်စ်ကွက်ကွာ"

"ဖေယျတို့ကတော့ လုပ်ပြီဟော့"

ရပ်ကြည့်နေသူတွေအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြပြီ။ ပြီးတော့ အချက်စ်ခံရသူဘက်သို့ မျက်လုံးတွေ စုပြုံရောက်လာသည်။ ဒါပေမဲ့ တစ်ဖက်ကတော့ အေးဆေးပါသည်။ ထင်မှတ်မထားသော အပြုအမူတစ်ခုကိုပင် လုပ်ပြလိုက်သေး၏။ အဲဒါက . . .

ကျောပိုးအိတ်အားဖွင့်ရင် တစ်စုံတစ်ရာကို ထုတ်ယူလိုက်သည်။ ကလေးတွေစားတတ်သော ချိုချဉ်ကိုပိုက်တပ်ထားသည့် စုတ်လုံးလေး။

"ဟင် . . ."

"ဘာလဲဟ"



ထိုသောအသံတွေ ထွက်လာပေမဲ့ ကာယကံရှင်ကတော့ အေးအေးလူလူပင်။ အခွံခွာနေ၏။ ဘုရင်တစ်ကောင်လုံး အချက်စ်ခံထားရတာတောင် လုံးဝစိတ်မလှုပ်ရှားသည့်အလား။ အကုန်လုံးလည်း တအံ့တဩဖြင့် သူ့အပြုအမူကို ငိုင်းကြည့်နေကြသည်။

ဂရုစိုက်ပုံမရပါ။ ခပ်တည်တည်ပင်။ စုတ်လုံးအား ပါးစပ်တွင်းသို့ ထိုးထည့်ပြီးကာမှ ကစားပွဲဆီ အာရုံပြန်ရောက်လာ၏။ ခဏချင်းပင် လက်တစ်ဖက် လှုပ်ရှားသွားလေသည်။ ထိုလှုပ်ရှားမှု၏အောက်မှာ အချက်စ်ခံထားရသော အရုပ်လေးတစ်ရုပ်သည်က ကစားပွဲ၏ အဆုံးသတ်ဆီသို့ . . . ။

အရင်ကတည်းက ရှာတွေ့ထားသော အကွက်ဖြစ်ပေမဲ့ နိုင်ကွက်ရှိလိုရှိငြား ရှာနေခြင်းဖြစ်သည်။

တုတ်တုတ်မျှမလှုပ်ကြသော အသံဗလံတွေ ဆူညံလာစဉ်မှာပဲ မတ်တတ်ထရပ်လိုက်လေသည်။ ပြီးတော့ ရှေ့မှာရှိနေသော ပြိုင်ဘက်ဘဏ်ကြီးရှင်အား သေချာကြည့်ရင်း . . .

"ဒီလောက်ဆို လုံလောက်ပြီထင်တာပဲ"

စူးလက်သော အကြည့်နှစ်ခု ဒိုင်းခနဲဆုံသွားပြီးနောက်မှာ . . .

"ဟုတ်ပါတယ် . . . ပွဲပြီးသွားပါပြီ"

ဖေယျ၏ စကားသံဆုံးသွားတော့ နှုတ်ခမ်းကို တွန့်ကွေးရင်း တစ်ချက်ပြုံးမိလိုက်သည်။ ကြည့်နေသူပရိသတ်တွေကတော့ ယခုမှ ပွဲအခြေအနေကို သဘောပေါက်သွားသလိုမျိုး။ အသံတွေထွက်လာသည်။

"ဒီပွဲလည်း သရေပဲပေါ့"

"ဟုတ်တယ် . . . ။ သုံးပွဲဆက်တိုက် သရေဆိုတာတော့ လွန်လွန်းပါတယ်ကွာ"

"သူတို့နှစ်ယောက်က လက်ညီတာကိုးကွ"

စကားတွေကိုကျောခိုင်းရင်း မည်သူ့ကိုမျှနှုတ်မဆက်ဘဲ ခန်းမထဲမှ ထွက်လာခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ဆက်ခြင်းဆိုသည်မှာ တစ်ခါတစ်ရံ ပါးစပ်တွင်းမှစုတ်လုံး လောက်တောင် အရသာရှိသည်မဟုတ်ပါလား။

ဒါပေမဲ့ ခပ်ဆန်းဆန်းအကြည့်တွေတော့ နောက်မှာပါလာမှာ သေချာပါ၏။ အခန်းပြင်ရောက်၍ ခြေငါးလှမ်းမပြည့်လိုက် . . .

"လင်းခက် . . . "

ပြတ်သားသော နာမည်ခေါ်သံက တံခါးဝမှ ထွက်ပေါ်လာသည်။ နောက်လှည့်မကြည့်ပေမဲ့ လှမ်းလက်စခြေလှမ်းတွေတော့ ရပ်တန့်သွား၏။ ပြီးတော့ ပါးစပ်တွင်းမှစုတ်လုံးကို နေရာပြောင်းကာ ခေါင်းကို အနည်းငယ်လှည့်ပေးလိုက်သည်။ 'ပြော . . . နားထောင်နေတယ်' ဆိုသည့်သဘော။

"မင်း ငါ့ကို မနိုင်သေးဘူးနော်"

ပြုံးသည်ဆိုရုံ နှုတ်ခမ်းအတွန့်လေးပါပဲ။

"ဟုတ်တယ် . . . ။ ငါလည်း မင်းကို မရှုံးသေးပါဘူး"

စကားဆုံးသည့်နောက်မှာ တစ်လှမ်းချင်း လျှောက်လှမ်းသွားသော ခြေသံတစ်ခုက ရပ်ကြည့်ကျန်နေသူအားလုံးကို နှုတ်ဆက်သွားလေတော့သည်။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . "

• • •

တစ်နေ့ကုန်ရပ်ထားရသည်မို့ ကား၏အတွင်းပိုင်းက ပူလောင်အိုက်စပ်နေသည်။ ချက်ချင်းပဲ ကားစက်နှိုးကာ Air-con ဖွင့်လိုက်ရ၏။ ချက်ချင်းအေးမလာသေး။ တစ်အောင့်ကြာမှ အပူတွေဖယ်ထုတ်ရင်း နေရထိုင်ရ အဆင်ပြေလာသည်။

မောင်းမထွက်သေးဘဲ ခဏငြိမ်နေလိုက်သည်။ အချိန်ကိုကြည့်



မိတော့ သုံးနာရီခွဲသာသာပင် ရှိနေပြီ။ ထို့ကြောင့် ကျောင်းထဲမှာ လူနည်းပါးပြီး တိတ်ဆိတ်နေခြင်းပါ။ ပြန်ကုန်ကြပြီပေါ့။

အရင်ကဆို သူလည်း ဒီအချိန် ကျောင်းထဲမှာရှိမနေတော့။ အဆုံးသတ်မရသော စစ်တုရင်ပွဲတစ်ပွဲကြောင့် ကြာနေရခြင်းဖြစ်ပါသည်။ အံ့သြဖို့တော့ ကောင်းသည်။ ဘယ်လိုရေစက်မှန်းမသိ။ သူနှင့်ဖေယျ တော်တော်ရေစက်ဆုံလေသည်။

ပထမနေ့ စတက်သည်မှစလို့ ယခု ဂုဏ်ထူးတန်းရောက်သည်ထိ တစ်မေဂျာတည်း၊ တစ်ခန်းတည်း။ ပြီးတော့ Roll No ဆိုလျှင်လည်း အမြဲ ရှေ့ဆင့်နောက်ဆင့်။ အခန်းတွင်းစာမေးလျှင်၊ စာတန်းဖတ်လျှင်လည်း ထိပ်တိုက် ခဏခဏတွေ့သည်။

ကျောင်းတွင် စစ်တုရင်ပြိုင်ပွဲ၏ ပထမနေရာအား နှစ်ယောက်တွဲပေးရမလို ဖြစ်နေသည်ကပင် တစ်ကျောင်းလုံး စိတ်ဝင်စားလောက်နေပြီဖြစ်၏။ တကယ်ပါပဲ။ စစ်တုရင်ဗိုလ်လုပွဲ ပြန်လည်ကျင်းပတာ ဒီနေ့ပါနှင့်ဆို သုံးကြိမ်ရှိနေပါပြီ။ သို့ပေမဲ့ အဖြေကမထွက်သေး။

"ဟူး . . . မင်း တကယ်တော်တယ် ဖေယျ။ ဒါပေမဲ့ ငါတို့နှစ်ယောက်က ပြိုင်ဘက်တွေမဟုတ်ပါဘူး"

လင်းခက် တိုးတိုးရေရွတ်ရင်း ကားကို ဂီယာထိုးကာ မောင်းထွက်ရန်ပြင်လိုက်စဉ် . . .

"ဝုန်း . . . "

ဝုန်းခနဲ တံခါးဆွဲဖွင့်သံနှင့်အတူ ကားနောက်ခန်းထဲသို့ မပြောမဆို ဝင်လာသူတစ်ယောက်။

"ဟာ . . . "

လင်းခက် ကြောင်တောင်တောင်ဖြင့် နောက်လှည့်ကြည့်မိတော့ . . .

"မောင်း . . . မောင်း . . . မောင်းတော့ . . . "



www.burmeseclassic.com

www.burmeseclassic.com

လင်းခက် ကြောင်သွားရပါသည်။ တစ်ဆက်တည်း အံ့သြစိတ်တို့ဖြင့် မျက်မှောင်လည်း ကုပ်မိသွားပါ၏။ ကားနောက်ခန်းတွင်းသို့ ရောက်ရှိလာသူက ယောကျ်ားလေးတစ်ယောက်မဟုတ်။ မိန်းကလေး။

နောက်လှည့်ကြည့်တော့ ကြက်သေသေသွားသော သူ့အား မချောက စိတ်မရှည်သောလေသံဖြင့် . . .

“မောင်းတော့လေ . . . ဘာကြည့်နေတာလဲ”

လင်းခက် ထပ်မံကြောင်အသွားရသည်။ ထို့ကြောင့် . . .

“ခင်ဗျား . . . ဘယ်သူလဲ။ ဘာကိစ္စ ကျွန်တော့်ကား . . . ”

“ကဲ . . . စကားများလိုက်တာ။ မောင်းဆို မောင်းတာမဟုတ်ဘူး။ ဒီမှာ အရေးကြီးနေပြီ”

စီခနဲထွက်လာသော တုံ့ပြန်စကားကြောင့် ဘာပြောလို့ပြောရမှန်းပင်မသိတော့ပါ။ ကိုယ့်ကားထဲလည်း ဝင်ထိုင်သေး၊ ပြောပုံဆိုပုံက ကိုယ့်ကိုပဲ Taxi ဒရိုင်ဘာလိုလို၊ စိတ်ထဲ တင်းခနဲဖြစ်သွားသည်မို့ . . .

“ဘာလဲဗျ . . . ။ ခင်ဗျားက အလွတ်ကြီးပါလား။ ခင်ဗျားဝင်ထိုင်နေတာ Taxi မဟုတ်ဘူးနော်။ ကျွန်တော်ကလည်း ဒရိုင်ဘာမဟုတ်ဘူး”

“သိတယ် . . . Taxi မဟုတ်မှန်းလည်း သိတယ်။ ရှင့်ကားမှန်းလည်း သိတယ်။ ကျွန်မဒုက္ခရောက်နေလို့ အကူအညီတောင်းတာ”

စကားကိုရပ်၍ ကျောမလုံသလို နောက်ဘက်အား လှည့်ကြည့်နေသည်ကို တွေ့ရသည်။ နောက်ပြီး စုတ်တစ်ချက်ကို မတိုးမကျယ်သပ်ကာ . . .

“ကျွတ် . . . ဒုက္ခပါပဲ။ ရှင်လုပ်တာနဲ့ပဲ တွေ့ကုန်တော့မယ်”

ရေးကြီးသုတ်ပျာအမူအရာနှင့် တွဲလျက်ထွက်လာသော စကားကြောင့် လင်းခက် နောက်ကြည့်မှန်မှ ကြည့်မိတော့ . . .

“ကဲ . . . မမောင်းလည်း နေတော့ရှင်။ ကျွန်မဆင်းတော့မယ်။ ချောက် . . . ”



တံခါးဖွင့်သံပါ နောက်က ကပ်ပါလာသည်။ ပြီးတော့ ကားပြင်ပသို့ ခြေကိုချကာ ထွက်ရန်ဟန်ပြင်လိုက်စဉ်မှာပဲ . . .

“ဟာ . . . ”

ထိတ်လန့်သံတစ်ခုနဲ့အတူ လူက အတွင်းသို့ ယို့ခနဲ ပြန်ရောက်လာသည်။

“ဝုန်း . . . ”

တံခါးပိတ်သံတစ်ခုပါ ခပ်ကျယ်ကျယ်ထွက်လာ၏။ သို့ပေမဲ့ ခေါင်းကို အောက်ငုံ့ကာ သူခိုးပြောပြောသော နှုတ်ထွက်စကားကတော့ တော်တော်ကြီးကို တိုးလှပါသည်။

“ဟိုနောက်မှာ ရပ်နေတဲ့နှစ်ယောက်ကို တွေ့လား”

လင်းခက် ကြောင်တောင်တောင်နှင့်ပင် နောက်လှည့်ကြည့်လိုက်တော့ . . .

ကျောင်းသားလေးနှစ်ယောက် တောင်ငေးမြောက်ငေးနှင့် တစ်စုံတစ်ရာအား ရှာနေသလိုပုံစံအား တွေ့ရသည်။

“အဲဒီနှစ်ယောက်က ကျွန်မနောက်ကိုလိုက်နေတာ သုံးရက်ရှိပြီ။ သူတို့ကို မျက်ခြေဖြတ်ချင်လို့ ရှင့်ကို အကူအညီတောင်းတာ စိတ်ပျက်စရာပဲ။ ဒုက္ခရောက်သူကို ကူညီတတ်တဲ့အကျင့် ရှင့်မှာမရှိဘူးလား”

ဗုံးကျဲသလို စကားလုံးတွေက တဝုန်းဝုန်းရောက်ရှိလာပေမဲ့ လင်းခက် စိတ်ကိုလျှော့ချလိုက်သည်။ စကားနိုင်မလုချင်တော့။

ဟုတ်ဟုတ်မဟုတ်ဟုတ် မိန်းကလေးတစ်ယောက်ဖြစ်နေလေတော့ ကူညီကောင်းပါသည်။ ထမင်းအတူတူစားပြီး သူတို့က အားနွဲ့သူအဖြစ် ခံယူထားကြသည်ကိုး။

ထို့ကြောင့် လီဗာကို ခပ်ပြင်းပြင်းဆောင့်နင်း၍ မောင်းထွက်ခဲ့လိုက်သည်။ နောက်ခန်းမှ မချောကတော့ ငုံ့ထားသောခေါင်းကို မော့မလာသေး။ စိတ်ချလောက်သည့် နေရာတစ်ခုရောက်အောင် ခြေရာဖျောက်ထားချင်သည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

တော်တော်ဝေးဝေးရောက်ပါမှ ခါးမတ်ကာ နောက်ကိုလှည့်ကြည့်သည်။

"ဘယ်သူမှ လိုက်မလာပါဘူး"

ဒီတော့မှ စိတ်အေးသွားသလို သက်ပြင်းဖွဖွချသံကို ကြားရ၏။ ထို့နောက်ပိုင်း စကားမဆိုမိ။ စကားမဆိုမိသည်ထက် စကားစခက်နေသည်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။ ကားလေးကတော့ ထူးထူးဆန်းဆန်း မိန်းကလေးတစ်ယောက်ကို တင်ဆောင်ရင်း ကျောင်းပြင်ရောက်လာပါ၏။

ထိုစဉ်မှာပင် နောက်ခန်းတွင်းထိုင်နေသူ မိန်းကလေးမှာ ထင်မှတ်မထားသော အပြုမူတစ်ခုကို ထပ်လုပ်လာသည်။ အဲဒါက ပခုံးနောက်ရောက်နေသော ဆံပင်ကို ပါးပေါ်ဖြန့်ချကာ လျှာထိုးဦးထုပ်ရှည်ကြီးအား ဆောင်းလိုက်ခြင်းပါပဲ။ ပြီးတော့ . . .

"ဟိုရှေ့မှာ ရပ်ပေးတော့။ ကျွန်မဆင်းမယ်"

ညှို့ယူမှုတစ်ခုမဟုတ်ပေမဲ့ လူက ငြင်းဆန်ခြင်းမဲ့စွာ ကားကို အရှိန်လျှော့မိလျက်သား ဖြစ်သွားသည်။ ကားရပ်၍ တံခါးပွင့်သွားစဉ်မှာပဲ ထင်မှတ်မထားသော စကားတစ်ခွန်းကို ကြားလိုက်ရလေသည်။

"ကျေးဇူးပါ . . . ကိုလင်းခက်"

"ဗျာ . . ."

ထိုမျှပါပဲ။

သူမကတော့ နောက်ကို တစ်ချက်မှ လှည့်မကြည့်တော့ပေ။ လင်းခက်စိတ်ထင် ဖြစ်ကောင်းဖြစ်မည်။ သူမလမ်းလျှောက်ပုံက ဆောင်းရာသီဆန်နေသည်။



# IV

စကားဝိုင်းက ထုံးစံအတိုင်း လင်းခက်သာ ဦးဆောင်နေသည်။ နားထောင်သူက ခန့်မော်၊ စိုင်းပြည့်နှင့် သီဟ။

စိတ်ပါလား၊ မပါလား မသိပေမဲ့ လင်းခက်စကားမှာတော့ မျောနေတာသေချာသည်။ ဒီလိုပါပဲ လင်းခက်က စကားပြောကောင်းသည်။ တစ်ဖက်သားစိတ်ဝင်စားအောင် စွဲဆောင်နိုင်သည်။ ယခုလည်း . . .

"မနေ့ကအိမ်ပြန်တော့ လမ်းမှာ ကလေးလေးတစ်ယောက်ကို တွေ့တယ်ကွ။ တော်တော်မနိုင်တဲ့ ကလေးလေးကွာ။ (၅)နှစ်၊ (၆)နှစ်လောက်ပဲရှိဦးမယ်။ ငါတွေ့တော့ သူက ဈေးသည်မိန်းမကြီးတစ်ယောက်နဲ့ စကားများနေတယ်"

"ဘာ . . . အဲဒီ ကလေးလေးက"

"ဟုတ်တယ်"

ခပ်တည်တည်ပင် လင်းခက် ခေါင်းညိတ်ရင်းဆိုတော့ ခယ်ုံသက်သမျက်လုံးတွေနဲ့ သူ့ကို ဝိုင်းကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"တကယ်ကွ . . .။ အဲဒါကြောင့် မလွယ်တဲ့ ကလေးလေးလို့ ပြောတာ။ မိန်းမကြီးဆီမှာ မုန့်ဝယ်ပြီး စကားများနေတာ ငါလည်း စိတ်ဝင်စားတာနဲ့ ဘယ်လိုဖြစ်ကြသလဲလို့ မေးကြည့်တော့ . . ."

"ဒီကလေးပေါ့တော် . . . ကျုပ်ဆီမှာ မုန့်ဖက်ထုပ်ဝယ်ပြီး လာရစ်နေတယ်"

"ဘာရစ်တာလဲဗျ . . .။ အဒေါ်ကြီးမှားလို့ မှားနေတယ်ပြောတာ"

"ဘာမှားတာလဲ။ နင်လာဝယ်တဲ့မုန့်ဖက်ထုပ် ရပြီမဟုတ်လား။ ပိုက်ဆံလည်း ပြန်အမ်းပြီးသွားပြီ။ ငါက ဘာလို့မှားရမှာလဲ"

"မှားတာပေါ့ဗျ။ အဒေါ်ကြီးရောင်းတာ မုန့်ဖက်ထုပ်ဆို"

"ဟုတ်တယ်လေ . . ."

"အဲဒါဆို ဘာလို့ ပလတ်စတစ်အိတ်နဲ့ ထုပ်ပေးတာလဲ"

ကလေးလေးလက်ထဲမှာ ပလတ်စတစ်အိတ်လေးတစ်အိတ်ဆွဲထား၏။ ထိုအထဲမှာမှ ငှက်ပျောရွက်ခွာထားသော မုန့်ဖက်ထုပ်ဖြူဖြူနှစ်ခုကို တွေ့ရသည်။

"အဲလိုကလေးလေးကွ"

လင်းခက်စကားဆုံးတော့ နားထောင်သူသုံးယောက်မှာ ပြုံးစိစိဖြစ်သွားကြသည်။

"မပြီးသေးဘူး။ ငါလည်း သဘောကျတာနဲ့ အဲဒီကလေးနောက်က လိုက်သွားလိုက်တယ်။ အဲမှာပင် လုံးဝလျှော့တွက်လို့ မရတဲ့ ကလေးလေးဆိုတာ ထပ်သိလိုက်ရတယ်။ လက်ဖက်ရည်ဆိုင်ရှေ့ကဖြတ်သွားတော့ ဆိုင်ထဲမှာ သီချင်းဖွင့်ထားတယ်ကွ။ (၁၆ နှစ်မ) သီချင်း"

"ဩော် . . . မေခလာဆိုထားတဲ့ '၁၆ နှစ်မ . . . အို အို အို' ဆိုတဲ့ သီချင်းလား"

သီဟက နားထောင်ဖူးသော သီချင်းကိုဝင်ပြောတော့ . . .



"ဟုတ်တယ် . . .။ အဓိက ပြဿနာတက်တာလည်း အဲဒီစာသားပဲ"

"ဘာလဲကွ . . .။ ဘာပြဿနာတက်စရာရှိလို့လဲ။ ဆိုလို့ကောင်းပါတယ်"

ခန့်မော်ကပါ ဝင်ပြောသည်။ လင်းခက်ကတော့ မလောပါနဲ့ ဟူသည့်သဘော လက်ကာပြကာ . . .

"အဲဒီစာသားလည်းကြားရော . . . ငနဲသားလေးက ငါ့နားကပ်လာတယ်။ ပြီးတော့ ငါ့ကို တိုးတိုးလေး ကပ်မေးတာကွ။ 'ဦးဦး . . တဲ့ . . . ၁၆ နှစ်မလည်း ဆိုသေးတယ်။ ဘာလို့ 'အိုတာလဲဟင်' တဲ့။ ခုတ်ကရော"

ဒီတစ်ခါတော့ သုံးယောက်လုံးပင် ရယ်ကုန်ကြ၏။ စိုင်းပြည့်က ခပ်သော့သော့ရယ်နေရာမှ အရယ်စွက်သောလေသံဖြင့် . . .

"ဟုတ်တာပေါ့ကွ။ ၁၆ နှစ်မလည်း ဆိုသေးတယ်။ နောက်က 'အို အို အို' ဆိုတာကြီးပါလာတော့ နားမလည်ဖြစ်သွားမှာပေါ့။ အမှန်က '၁၆ နှစ်မ . . . ငယ် ငယ် ငယ်' လို့ ဆိုပေးရမှာ။ ဟား . . . ဟား ဟား"

"ဒီလောက်နဲ့တင် လေးစားလို့ရပြီကွာ။ အဲဒါနဲ့ ငါလည်း 'သားဘယ်နားမှာနေတာလဲ' လို့မေးလိုက်တော့ ငါ့ကိုမော့ကြည့်ပြီး ဘာပြန်ပြောတယ်ထင်လဲ။ လိပ်စာသိချင်ရင် မိုလ်တထောင်ဘုရားကိုသွားတဲ့"

"ဟာ . . ."

"ဟီး . . . ခွီး . . . ခွီး . . ."

စကားဝိုင်းက ရယ်သံတွေ ထွက်သွား၏။

"ပထမတော့ . . . ကြောင်သွားတာပေါ့ကွ။ ထင်မထားဘူးလေ။ အဲဒါနဲ့ ဒီစကားကို ဘယ်သူသင်ပေးထားတာလဲ ထပ်မေးကြည့်တော့ ဘယ်သူမှသင်ပေးတာ မဟုတ်ဘူးတဲ့။ သူ့အစ်မ ပြောပြောနေကျစကားမို့ အလွတ်ရနေတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟား . . . ဟား . . . ပြီးရောကွာ။ သူ့အစ်မတော့ တော်တော်ခွံမယ့်သဘောမှာရှိတယ်"

"ဒါများကွာ . . . သူ့အစ်မနာမည်နဲ့ လိပ်စာကိုပါ တစ်ခါတည်းတောင်းလိုက်တာ မဟုတ်ဘူး"

"ပထမတော့ ငါလည်း အဲလိုတွေးမိသေးတယ်။ ဒါပေမဲ့ သေချာစဉ်းစားကြည့်တော့ မဖြစ်ဘူးကွ"

"ဘာဖြစ်လို့လဲ"

"(၅) နှစ်၊ (၆) နှစ်အရွယ်လေးတောင် ဒီလောက်သွက်နေတာ သူ့အစ်မဆို ငါတို့ တော်တော်အံ့းစားခံရမယ့် သဘောမှာရှိတယ်"

"အဲဒါမှ တို့နဲ့ အံကိုက်ပဲလေကွာ"

လင်းခက် ခေါင်းယမ်းမိသည်။ ထိုစဉ်မှာပဲ သူတို့ထိုင်နေရာဆိုင်ရှေ့မှ ဆရာဦးသောင်းထိုက် ဖြတ်သွားသည်ကို သတိပြုမိသည်။ ဆရာဦးသောင်းထိုက်မှာ ယနေ့အတွက် ပထမဆုံးအတန်းဝင်ရမည့် ဆရာဖြစ်သည်မို့ သူတို့လေးဦး လစ်မှရပေတော့မည်။

ဒါကိုသတိပြုမိသော ခန့်မော်က ထုံးစံအတိုင်း ထောင်တန်တစ်ရွက်ထုတ်လာသည်။ သူတို့သူငယ်ချင်းလေးယောက် စားသောက်ပြီးလျှင် လုပ်နေကျ အလုပ်လေးပါပဲ။

လင်းခက်က တစ်ဖက်၊ ကျန်သုံးယောက်က တစ်ဖက်။ ရှုံးသူက ဒီဝိုင်းကိုရှင်းရသည်။ ထိုစဉ်မှာပဲ ခန့်မော်၏ စကားသံတစ်ခုက စတင်လာပါသည်။

"နောက်ဆုံးနှစ်လုံးက နှစ်ခုပေါင်း ရှစ်"

"သုံး . . . ငါး . . ."

"မဟုတ်ဘူး . . ."

"တစ် . . . ခွန် . . ."

"မဟုတ်ဘူး . . ."

"ခြောက် . . . နှစ် . . ."



"ဟုတ်တယ်"

ပိုက်ဆံပါ နောက်ဆုံးဂဏန်းနှစ်လုံး မှန်သွားပြီမို့ ခန့်မော်က လက်ထဲမှထောင်တန်ကို ထပ်ကြည့်သည်။

"ရှေ့နှစ်လုံးက ဆယ့်နှစ်အပေါင်း ဆယ်နှစ်ရဲ့အဖြေ"

"ဘာ . . ."

လင်းခက် မျက်မှောင်ကြုတ်ကာ ပြန်မေးတော့ . . .

"ဒီလိုကွာ . . ."

ခန့်မော်က ရေနွေးထဲ လက်နှိုက်၍ စားပွဲပေါ်မှာ လက်ရေးဖြင့်ဆွဲပြပါ၏။

၁၂ + ၁၂ = ?

"နှစ်ဆယ့်လေး . . . ပေါ့ကွ"

"မှားတယ်"

အနည်းငယ်တော့ စဉ်းစားရကြပ်သွားသည်။ ထင်တော့ထင်ပါသည်။ ဒီကောင်တွေ ဒီလောက်လွယ်လွယ်လေးတော့ မေးမှာမဟုတ်။ ဒါဆို ဘာဖြစ်မလဲ။

ရမ်းသမ်းပြီးလည်း ပြော၍မရ။ သုံးကြိမ်ကျော်သွားလျှင် ပွဲပြီးလေပြီ။ သူကောင်းသားသုံးကောင်မှာတော့ သူ့အား မခိုးမခန့်ကြည့်ကာ ခွေးနှံ့နေကြ၏။

"သိပြီ . . . ဟေ့ကောင် . . . ၂၀"

သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန်ကြသည်။ ပြီး . . . အံ့ဩသော အမူအရာတွေဖြင့် . . .

"မင်း ဘယ်လိုတွေးလိုက်တာလဲ"

"အဟင်း . . . လွယ်ပါတယ်။ ဆယ်နှစ်နဲ့ဆယ်နှစ်ကို ပေါင်းကြည့်လိုက်တာပေါ့ကွ။ ဒီမှာလေ . . ."



www.burmeseclassic.com

www.burmeseclassic.com

လင်းခက်လည်း ခန့်မော်လုပ်သလိုပင် ရေနွေးဖန်ခွက်ထဲ လက်နှိုက်၍ စားပွဲတွင် ချရေးပြလိုက်သည်။

**ဆယ်နှစ် + ဆယ်နှစ် = အနှစ်နှစ်ဆယ် (ဝါ) ၂၀**

“ဟုတ်လား”

ခန့်မော်မှလွဲ၍ ကျန်နှစ်ကောင်၏ဦးခေါင်းများ ညစ်ရမ်းရမ်းသွားသည်ကို တွေ့ရသည်။ လင်းခက် ပြုံးမိလိုက်ပါ၏။ သူ ထပ်မှန်သွားချေပြီ။

“ရှေ့ဆုံးသုံးလုံးကတော့ သုဒ္ဓကိန်းလို့ ပြောရင်ရတယ်။ အင်း (၅) နဲ့ (၁၅) ကြားက သုဒ္ဓကိန်းပေါ့”

ခေါင်းထဲမှာ ဂဏန်းအချို့ တန်းစီပေါ်လာပေမဲ့ ခဏချင်းပင် မျက်မှောင်ကြုတ်သွားပါသည်။ ခန့်မော်ကိုလှမ်းကြည့်တော့ မေးခွန်းမှန်တယ်ဟုသည့်သဘော ခေါင်းညိတ်ပြသည်။ ထို့ကြောင့် ခေါင်းထဲမှာပင် ပေါ်လာသော ဂဏန်းများကို စီကြည့်လိုက်၏။

7, 11, 13

ဒါဟာ (၅) နဲ့ (၁၅)ကြားက သုဒ္ဓကိန်းသုံးလုံးပါ။ ဒါပေမဲ့ ပိုက်ဆံမှာလိုအပ်တာက ဒီအတိုင်းမဟုတ်။ ယခုဟာက တစ်လုံးချင်းယူလျှင် (၅)လုံးဖြစ်နေသည်။ လိုတာက (၃) လုံး၊ သိပ်တော့ မခက်လှပါ။ တူသောဂဏန်းတွေကို ခြစ်ချလိုက်သည်။

“7, 1, 3 . . . ဟုတ်လား”

စကားဆုံးပြီးပြီးချင်းမှာပဲ သီဟနှင့် စိုင်းပြည့်ဆီမှ ပိုက်ဆံနှစ်ရွက် စားပွဲပေါ်ကျလာသည်။ ဒီဝိုင်းက သူတို့ဝိုင်းဖြစ်ဖို့ (၉၉ %)သေချာနေပြီလေ။ ခန့်မော်ကတော့ လက်လျှော့ချင်ဟန်မပေါ်က်သေး။ သို့ပေမဲ့ ကျန်သော အက္ခရာနှစ်လုံးအတွက် ကွယ်ဝှက်မှုမှာလည်း ရိုးရှင်းလွန်းလှ၏။



ရှေ့က အက္ခရာနှစ်လုံးကတော့ ငါတို့နေတဲ့မြို့ပဲ . . .”

“ရက . . .”

ခန့်မော်၏ သက်ပြင်းချသံကို ကြားရသည်။ အားလုံးပြီးဆုံးသွားပြီမို့ ထောင်တန်မှ အက္ခရာဂဏန်းအားလုံးကို လင်းခက်အစအဆုံး ရွတ်ပြလိုက်တော့ . . .

“ရက – ၇၁၃၂၀၆၂၊ ဟုတ်တယ်နော်”

ထိုခဏ . . .

“အဲဒီပိုက်ဆံ ကျွန်မကိုရောင်းပါလား”

လုံးဝထင်မှတ်မထားသည့် အသံတစ်ခုက ဘေးနားမှ ခပ်ကျယ်ကျယ် ကပ်ထွက်လာသည်။

ယောက်ျားလေးတစ်ယောက်အနေနှင့် မြင်မိလျှင် မျက်လုံးလွဲပစ်ဖို့ မသင့်တော်သော မိန်းကလေးတစ်ယောက်ပါ။ အသားအရေက ဝတ်ထားသောအဝတ်အစားနှင့် လိုက်ဖက်ကာ ဝါဝင်းနေသည်။ ဆရာကျပြီးသားမို့ ဖျပ်ခနဲကြည့်ရုံနှင့်ပင် ကောက်ကြောင်းလှသော မိန်းကလေးတစ်ယောက်ဆိုတာ သတိထားမိ၏။

“ကျွန်မကို အဲဒီပိုက်ဆံတစ်ထောင် ပြန်ရောင်းပါလား”

ထိုစကားနောက်မှာ သူမဘေးကပ်လာသော လူရိပ်နှစ်ရိပ်ကို ထပ်တွေ့ရသည်။ သူငယ်ချင်းတွေ ဖြစ်ဟန်တူပါသည်။

“ဘာကြောင့်လဲ . . .”

လင်းခက်မေးလိုက်တော့ . . .

“အရေးကြီးလို့ပါ။ ကျွန်မ ငါးထောင်ပေးပါ့မယ်”

လင်းခက်တို့လေးယောက် ကြောင်တောင်တောင်ဖြစ်၍ ပြောသူမိန်းကလေးကိုတစ်လှည့်၊ ခန့်မော်လက်တွင်းမှ ပိုက်ဆံတစ်ထောင်ကို တစ်လှည့် ကြည့်မိသွားကြသည်။ ငွေတစ်ထောင်ကို ငါးထောင်ပေး၍ ဝယ်နေသော မိန်းကလေးတစ်ယောက်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းနေပေမယ့် မျက်နှာကို သေချာမမြင်ရ။ ဆံပင်နှစ်ဖက်ကို ပါးပေါ်ဖြန့်ချ၍ လျှာထိုးဦးထုပ်တစ်လုံး ဆောင်းထားသည်။ ဘေးမှာရပ်နေသူနှစ်ယောက်ကိုတော့ ရှင်းရှင်းလင်းလင်း မြင်နေရပါသည်။ ဒါပေမဲ့ . . .

"ဖြစ်မှာမဟုတ်ဘူး"

"တစ်သောင်းပေးမယ်"

မြင့်တက်သွားသော လေသံနှင့်အတူ အဖော်နှစ်ယောက်၏ တားမြစ်လိုဟန်ပါ တစ်ဆက်တည်း တွေ့ရ၏။ လင်းခက် သက်ပြင်းကို ချရင်း ထိုင်ခုံနောက်သို့ ကျောမှီထိုင်ချကာ . . .

"ခက်တယ်ဗျာ"

"တစ်သောင်းခွဲပေးမယ်ရှင်"

သီဟတို့သုံးယောက် မျက်လုံးတွေ ပေကလပ်၊ ပေကလပ် ဖြစ်သွားလေပြီ။ သားကောင်တွေ့သော မုဆိုးတစ်ယောက်လို (သို့) ဈေးနှ ရသော ခွေးတစ်ကောင်လို မျက်လုံးတွေမှာ ရမ္မက်ခိုးတွေဝေလို့။ ဘာပဲဖြစ်ဖြစ် အမြတ်အစွန်းက ကြီးမားနေသည်မဟုတ်ပါလား။

"အဆန်းပါလား။ ငွေတစ်ထောင်ကို တစ်သောင်းခွဲပေးပြီး ဝယ်တယ်ဆိုတော့ . . ."

"ကဲပါရှင် . . . တစ်ထောင်နဲ့ တစ်သောင်းခွဲ လဲရမှာပဲ။ ရောင်းပေးလိုက်ပါ"

ဘေးမှအဖော်တစ်ယောက်က ဝင်ပြောတော့ . . .

"ကြာပါတယ်ဟာ . . . နှစ်သောင်းပေးမယ်"

သီဟတို့သုံးယောက် လုံးဝကို လှုပ်ရှားသွားပါပြီ။ ရောင်းထုတ်လိုက်ဟူသည့်သဘော လင်းခက်ကို ဝိုင်းကြည့်ကြပေမဲ့ . . .

"တော်တော်အကျိုးအမြတ်ရှိတဲ့ အရောင်းအဝယ်ပဲ။ ဒါပေမဲ့ ကျွန်တော်တို့ ပိုက်ဆံ အဲလောက်မမက်ဘူး"

သူ့စကားဆုံးတော့ . . .



"ဒီမှာ . . . ရှင်က ဘာကိစ္စ ရှေ့ကနေ ဆရာကြီးလုပ်ပြီး ဝင်ပြောနေတာလဲ။ ရှင့်ပိုက်ဆံလည်း မဟုတ်ဘဲနဲ့။ ဒီတစ်ယောက်ပိုက်ဆံကို . . ."

ခန့်မော်လက်တွင်းမှ ပိုက်ဆံကိုကြည့်၍ အဖော်တစ်ယောက်က ဝင်ပြောသည်ကြောင့် . . .

လင်းခက် ပိုက်ဆံကို ဖျတ်ခနဲဆွဲယူလိုက်သည်။ ပြီးတော့ အင်္ကျီအိတ်တွင်းကို ခပ်တည်တည်ထိုးထည့်ကာ . . .

"ကျွန်တော့် ပိုက်ဆံဗျ"

မိန်းကလေးသုံးယောက်၏ မယုံကြည်သလို မျက်လုံးတွေ ခန့်မော်ဆီရောက်သွားပေမဲ့ 'မတတ်နိုင်ဘူး' ဟူသည့်သဘော ခန့်မော်က ပခုံးတွန့်ပြ၏။

သက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာပါသည်။

"ဒါဆိုလည်း ရှင့်ကိုပဲ မေတ္တာရပ်ခံပါတယ်။ ကျွန်မအတွက် တော်တော်အရေးကြီးနေလို့ပါ။ ဖြစ်နိုင်ရင် ကူညီပေးပါလား"

"ကျွန်တော် ကူညီပေးချင်ပါတယ်။ ပိုက်ဆံတွေအများကြီး ပေးဝယ်စရာမလိုပါဘူး။ ခင်ဗျားအတွက် အရမ်းအရေးကြီးနေတယ်ဆိုရင် အလကားပေးလိုက်မှာပါ"

သူ့စကားကြောင့် ငုံ့နေသောမျက်နှာလေး ဆတ်ခနဲမော့လာသည်။ ဒါပေမဲ့ ချက်ချင်းပင် ပြန်ငုံ့သွား၏။ လင်းခက် နှုတ်ခမ်းကို မချို့မချဉ်တွန့်ကွေးမိရင်း စိတ်ထဲမှပင် စကားတစ်ခွန်းပြောလိုက်သည်။

"ဟန်မဆောင်တတ်ဘဲနဲ့ ဘာကိုဖုံးကွယ်ချင်ရတာလဲ . . . ကောင်မလေးရယ်။ မင်းကို ကိုယ်မှတ်မိတာပေါ့"

"ဒါပေမဲ့ တစ်ခုပဲ။ ဘာကြောင့် ဒီပိုက်ဆံကို လိုချင်ရတယ်ဆိုတာ ပြောပြပါလား"

သူမ တစ်ချက်တုန်သွားသည်ထင်သည်။ လင်းခက်ကို မငုံ့မရဲ မော့ကြည့်လာပေမဲ့ နှုတ်မှတော့ စကားသံထွက်မလာပါ။ ဘေးမှာရှိနေ



www.burmeseclassic.com

www.burmeseclassic.com

သူ သူမ သူငယ်ချင်းနှစ်ယောက်မှာလည်း အနည်းငယ် ဆွံ့အသွားကြသည်ထင်ပါ၏။ လင်းခက်မေးလိုက်သော မေးခွန်းက သူမတို့အတွက် ဖြေရခက်သွားတာ သေချာသည်။

"ကျွန်တော်သိချင်တယ်ဆိုတာလည်း ဘာရည်ရွယ်ချက်မှ မပါပါဘူး။ ထူးဆန်းနေလို့ပါ"

ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားပေမဲ့ မကြာလိုက်ပါ။ လင်းခက်တောင်းဆိုမှုက လိုအပ်သည်ထက် ပေါ့ပါးနေသည်လေ။

"ကောင်းပြီလေ . . . ။ ကျွန်မ ပြောပြပါ့မယ်။ ဒါပေမဲ့ ဒီနေရာကတော့ အဆင်ပြေလောက်မယ်မထင်ဘူး"

ညှိနှိုင်းမှုတစ်ခု အဆုံးသတ်သွားပြီမို့ လင်းခက် အေးအေးသက်သာပင် ခေါင်းညိတ်လိုက်သည်။

"ရပါတယ် . . . ။ အဆင်ပြေမယ့် နေရာတစ်ခုခုပေါ့"

ခေါင်းငုံ့ထားပေမဲ့ သူမ ပြုံးလိုက်သည်ထင်ပါသည်။ ထိုရှားရှားပါးပါး အပြုံးလေးကိုပင် လင်းခက် မရမက လိုက်ကြည့်ရင်း . . .

"ဒါနဲ့ပါဆို ကျွန်တော်ကူညီတာ နှစ်ခါရှိပြီနော်"

နောက်တစ်ကြိမ် ထပ်ပြုံးလိုက်သည်ကို ကွယ်နေသောဆံပင်ကြားမှ မထင်မရှား လှမ်းတွေ့လိုက်ရ၏။ ထွက်လာသော နှုတ်ထွက်စကားကတော့ တိုးတိုးလေးပါပဲ။

ဒါပေမဲ့ နှလုံးသားတစ်ခုကိုတော့ ကောင်းကောင်းပစ်ချနိုင်သည်။

"ကျေးဇူးပါ . . . "



# V

မိန်းကလေးတစ်ယောက်၏ ရင်ဖွင့်သံ ဆုံးသွားသည့်နောက်မှာ ဆိုင်လေးက တိတ်ဆိတ်သွားလေသည်။ တခြားစားသောက်သူတွေလည်း မရှိသည်မို့ သူတို့တစ်ဝိုင်းသာ ဆိုင်တွင်းမှာရှိနေပါ၏။

"ဩော် . . . ဟိုနေ့ညနေက ကျွန်တော့်ကားပေါ် ရေးကြီးသုတ်ပျာတက်ပြေးလာတာ အဲဒါကြောင့်လား"

"နောက်မှာ လူနှစ်ယောက်ပါလာတာ ရှင့်အမြင်ပဲလေ"

ထိုစကားတွေကြောင့် ဘာမှမသိသေးသော သီဟတို့အုပ်စုက သူ့ကို ဝိုင်းကြည့်ကြပါ၏။ ဒါပေမဲ့ ဘာမေးမြန်းသံမှတော့ ထွက်မလာပါ။ လောလောဆယ် သူတို့စိတ်ထဲမှာက လင်းခက်တို့နှစ်ဦး၏ ပတ်သက်မှုထက် ပိုမိုအရေးတကြီးသိချင်နေသော အကြောင်းတစ်ခုက ရှိနေသည်။

"ဟုတ်ရော ဟုတ်လို့လားဗျာ။ ခင်ဗျားတို့ဟာက မြန်နိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com

ထင်သည့်အတိုင်း ခန့်မော်က နားမလည်မှုကို မြန်မြန်ဆန်ဆန် ပင် ချပြသည်။ သီဟကလည်း . . .

"'ချစ်သူခင်သူ ပေါပါစေ' ဆိုတဲ့ ဖလားထဲကပိုက်ဆံကို ယူ သုံးမိရုံနဲ့ ခင်ဗျားကို ယောကျ်ားလေးတွေ ဝိုင်းကြိုက်ကြတယ်ဆိုတာကြီး က ယုတ္တိတော့ သိပ်မရှိဘူးနော်။ မဖြစ်နိုင်ဘူးနဲ့တူတယ်"

ထိုစကားကိုကြားတော့ သူမမျက်နှာ တစ်ချက်တည်သွားသည် ကို တွေ့ရသည်။

"ကျွန်မက မိန်းကလေးပါ။ ဒီလိုကိစ္စမျိုးဆိုတာကလည်း မဟုတ် ဘဲနဲ့ လုပ်ဇာတ်ခင်းပြီး ပြောလို့မရပါဘူး။ စဉ်းစားကြည့်လေ . . . ။ တကယ်မဟုတ်ဘဲနဲ့ ကျွန်မကို တွေ့သမျှယောကျ်ားလေးတွေ ဝိုင်းကြိုက် နေပါတယ်လို့ ပြောရင် ရှင်တို့ဘယ်လိုမြင်မလဲ"

"မြင်တာမမြင်တာ အသာထား။ မင်းကို ဝိုင်းဟားမှာတော့ သေ ချာတယ်"

"ကျွန်မလုပ်လိမ့်မယ်လို့ ရှင်တို့ထင်သလား။ အဲလိုအဟားခံ ရတဲ့ မိန်းကလေးတစ်ယောက်ရဲ့သိက္ခာက ဘယ်အတန်းထဲကို ရောက် သွားပြီလဲဆိုတာ မိန်းကလေးဖြစ်တဲ့ ကျွန်မက ပိုတွေးတတ်ပါတယ်"

ပြောစရာစကားမရှိသလို သူတို့ဘက်မှ တိတ်သွားကြ၏။ ဒီ ရုပ်ဒီရည်နှင့်လည်း အလိုလိုကို ပုရိသတို့ ကြွေကျနိုင်ပါသည်။ သူမလုပ် ဇာတ်တစ်ခု ရိုက်ပြနေတာတော့ မဟုတ်နိုင်ပေ။

"ကျွန်မ ကျိန်ပြောရဲပါတယ်။ ရှင်လည်း မျက်မြင်ကိုယ်တွေ့ ပဲ။ ဝင့်ဝါတို့နှစ်ယောက်လည်း သက်သေရှိတယ်"

လင်းခက် သက်ပြင်းကိုသာ ချမိပါတော့၏။ ထိုစဉ်မှာပဲ ဝင့်ဝါ ဟုခေါ်သည့် မိန်းကလေးက သူငယ်ချင်းဘက်မှ စစ်ကူပေးသလို ဝင် ပြောသည်။

"ကိုယ်ရည်သွေးတာ မဟုတ်ပါဘူး။ ကျွန်မ သူငယ်ချင်းက အရင်ကတည်းက လူကြိုက်များပြီးသားပါ။ ဒါပေမဲ့ အခုရက်ပိုင်းအတွင်း



မှာမှ မယုံနိုင်လောက်အောင် အနှောင့်အယှက်တွေများလာလို့"

မိန်းကလေးတစ်ယောက်အား ကြိုက်လို့လိုက်ခြင်းကို ကာယ ကံရှင်တွေဘက်က နှောင့်ယှက်သည်ဟု သတ်မှတ်သည့်အတွက် အနည်း ငယ်တော့ မခံချင်ဖြစ်သွားမိသည်။

"မင်း ဦးထုပ်ဆောင်းထားတာလည်း အဲဒီအတွက်ကြောင့်လား"

"ဟုတ်တယ် . . . ။ တတ်သလောက် မှတ်သလောက် ရုပ်ဖျက် ထားတာပါ"

"နိုက်ယူခဲ့တဲ့ ပိုက်ဆံနံပါတ်တွေ မှတ်ထားခဲ့တာရော ဘာ အတွက်ကြောင့်လဲ"

"ရှင့်ဆီက တစ်ထောင်တန်လိုမျိုးပေါ့။ အကြောင်းတိုက်ဆိုင် လို့ အဲဒီနံပါတ်နဲ့ ပိုက်ဆံတွေ ကျွန်မဆီပြန်ရောက်လာရင် ဖလားထဲ ပြန်ထည့်ပေးရအောင်"

"အခုထိ တစ်ရွက်မှ သွားမထည့်ရသေးဘူးလား"

"နောက်တစ်နေ့ပဲ နိုက်ယူခဲ့တဲ့ တန်ဖိုးအတိုင်း အစားပြန်ထည့် ပေးပြီးသွားပြီ။ ကျွန်မမုန့်ဖိုးနဲ့ပေါ့။ မှတ်ထားတဲ့နံပါတ်တွေနဲ့ ပိုက်ဆံ ကတော့ အခုရှင့်ဆီက တစ်ထောင်က ပထမဆုံးပဲ"

သူမစကားဆုံးတော့ ငြိမ်နေသော မိန်းကလေးတစ်ယောက်က ဝင်ပြောသည်။

"ဟုတ်တယ် . . . ။ သွားပြန်ထည့်တော့ ကျွန်မတို့နှစ်ယောက် ပါ ပါတယ်။ လက်မတည့်လို့ ပစ်ရင်းပစ်ရင်းနဲ့ တော်တော်တောင် ပိုက်ဆံ ကုန်သွားသေးတယ်"

ထိုအခါမှပင် အရေးအကြီးဆုံး မေးခွန်းတစ်ခု မေးဖို့ကျန်နေ သေးမှန်း လင်းခက် သတိရလိုက်သည်။

"အခုမှသတိရတယ်။ ယူခဲ့တဲ့ပိုက်ဆံက ဘယ်လောက်လဲ"

"နှစ်ထောင့်လေးရာ"

" . . . . "



www.burmeseclassic.com

www.burmeseclassic.com

"Taxi စီးတော့ နှစ်ထောင့်ငါးရာဆိုလို့ တစ်ရာတောင် ဈေးဆစ်လိုက်ရသေးတယ်"

"ဘယ်လောက်တန်တွေလဲ"

"တစ်ထောင်တန် တစ်ရွက်၊ ငါးရာတန် နှစ်ရွက်၊ နှစ်ရာတန် နှစ်ရွက်။ ဒီမှာလေ ကျွန်မ မှတ်ထားတာ"

စာအုပ်လေးတစ်အုပ်က သူ့လက်တွင်းသို့ ရောက်လာသည့်အတွက် လင်းခက်ကြည့်လိုက်တော့ . . .

| | |
|---|---|
| တစ်ထောင်တန် | ရက - ၇၁၃၂၀၆၂ |
| ငါးရာတန် | ပဒ - ၆၂၁၇၀၁၁ |
| ငါးရာတန် | ဆဈ - ၇၁၄၂၁၂၈ |
| နှစ်ရာတန် | ဂဇ - ၈၀၆၈၁၀၃ |
| နှစ်ရာတန် | ပစ - ၃၉၃၂၂၃၇ |

တစိမ့်စိမ့်ကြည့်နေရာမှ သက်ပြင်းတစ်ခုနှင့် လင်းခက်ဆိုဖြစ်သည်။

"ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးတော့ ကျွန်တော် မပြောတော့ပါဘူး။ ဒါပေမဲ့ တစ်ခုတော့ မေးချင်တယ်။ ဒါနဲ့ နာမည်က နွေးနွေးနော်"

"နွေးနွေးဖွန့်ပါ"

"မနွေးနွေးဖွန့် ဘယ်လိုဆက်လုပ်ဖို့ စဉ်းစားထားလဲ"

"ဒီပိုက်ဆံတွေကို ရှာရမှာပေါ့။ နှိုက်ယူမိတဲ့ ပိုက်ဆံငါးရွက်လုံး သူ့ဖလားထဲရောက်အောင် ပြန်ထည့်ပေးနိုင်မယ်ဆိုရင် အခုကြုံတွေ့နေရတဲ့ ဒုက္ခတွေက လွတ်ငြိမ်းသွားမယ်လို့ ကျွန်မထင်တယ်"

လင်းခက် ခေါင်းတစ်ချက်ဆတ်မိသည်။ ပြီးတော့ အင်္ကျီအိတ်ထဲမှာ ထောင်တန်လေးတစ်ရွက်ထုတ်ကာ နွေးနွေးရှေ့သို့ထိုးပေးရင်း ..

"အများကြီးဖြစ်နိုင်ပါတယ်။ ရော့ . . . ကံကောင်းပါစေ"

ရှေ့ရောက်လာသော ပိုက်ဆံလေးအား တွန့်တွန့်ဆုတ်ဆုတ်ကောက်ယူလိုက်သည်ကို တွေ့ရသည်။ တစ်ဆက်တည်းပင် . . .

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်"

နောက်တော့ လင်းခက်တို့လေးယောက်လုံး မတ်တပ်ထရပ်လိုက်ကြလေသည်။ သွားရန်ဟန်ပြင်ပြီးတော့မှ တစ်စုံတစ်ရာကို သတိရသလို ပုံစံမျိုးဖြင့် . . .

"ဒါနဲ့ မနွေးနွေးဖွန့် ကျွန်တော့်ကို အရင်ကတည်းက သိနေတာလား"

သူမ မချိုမချဉ် ပြုံးလိုက်ပါ၏။ ဦးထုပ်ဆောင်းမထားသည်မို့ သူမမျက်နှာက ရှင်းရှင်းလင်းလင်းလေး ပေါ်နေသည်။ နှလုံးသားကို တိုက်ရိုက်ထိစေသော အပြုံးလေးပါပဲ။ (နောင်တစ်ချိန်မှာ ကျွန်တော်တန်ဖိုးထား မြတ်နိုးခဲ့ရတဲ့ အပြုံးလေးပေါ့။)

ထိုအပြုံးလေးကပဲ . . .

"ကျွန်မတို့ကျောင်းရဲ့ စစ်တုရင်ချန်ပီယံကို မသိဘူးဆိုရင် .. ကျွန်မ အရမ်းညံ့သွားမှာပေါ့"





www.burmeseclassic.com

www.burmeseclassic.com

## VI

မိုးလင်းနေကျထုံးစံအတိုင်း နှီးစက်သံကျယ်ကျယ်က ထမြည်လာသည်မို့ နွေးနွေး အိပ်မှုန်စုံမွှားဖြင့် လက်လှမ်းရင်း ပိတ်လိုက်သည်။ ပြီးတော့ စောင်ကို ခေါင်းပေါ်ဆွဲအုပ်ကာ ပြန်ကွေးနေလိုက်၏။

ဘယ်လိုမှန်းမသိ။ အိပ်တစ်ဝက်၊ နိုးတစ်ဝက် အရသာလေးက တော်တော်နေလို့ကောင်းသည်။ ဒါပေမဲ့လည်း အကြာကြီး သူမကို ဆက်ကွေးခွင့်မပေးပါ။ ဆယ်မိနစ်မပြည့်ခင်မှာဘဲ အခန်းတံခါးက တဒုန်းဒုန်းမြည်လာပါတော့သည်။

"သမီးရေ . . . ထတော့။ ခုနစ်နာရီ ခွဲတော့မယ်"

ပေပြီး ဆက်အိပ်လျှင်လည်း ရမှာမဟုတ်သည်မို့ သူမ ထထိုင်လိုက်ရပါသည်။

"ဟုတ်ကဲ့ မေမေ။ သမီးနိုးနေပြီ"

"အေး . . . အေး . . . ပြီးရင် ဆင်းလာခဲ့တော့။ မနက်စာ အဆင်သင့်ဖြစ်နေပြီ"



ထို့နောက်မှာတော့ အရင်နေ့တွေ၏ လည်ပတ်မှုအတိုင်းပါပဲ။ မနက်ခင်းတစ်ခု၏ ဗာဟီရအလုပ်တွေကို တစ်ခုပြီးတစ်ခု လုပ်ဆောင်လို့အပြီးမှာတော့ သူမကျောင်းသွားဖို့ပင် အဆင်သင့်ဖြစ်သွားခဲ့ပါပြီ။ စုစုပေါင်းအချိန် နာရီဝက်တိတိ၌ သူမ ကျောင်းလွယ်အိတ်ကိုဆွဲကာ လှေကားမှ ဆင်းလာနိုင်ပါတော့၏။

အောက်ရောက်တော့ စားပွဲပေါ်မှ မုန့်ဟင်းခါးပန်းကန်က သူမကို စောင့်ကြိုနေသည်။ ရေဘူးနှင့် ထမင်းချိုင့်ထည့်ထားသော လက်ဆွဲခြင်းလေးကလည်း သူမ ယူငင်မှုကို စောင့်မျှော်နေကြ၏။

နွေးနွေး စားပွဲတွင်ဝင်ထိုင်ကာ အဆင်သင့်ထည့်ပေးထားသော မုန့်ဟင်းခါးကို ယူငင်စားသောက်လိုက်ပါသည်။ မုန့်ပန်းကန်တစ်ဝက်ကျိုးချိန်၌ မေမေဝင်လာသည့်အတွက် . . .

"မေမေ . . . ဖေဖေရော"

"သမီးအဖေ ဒီနေ့အလုပ်မှာ meeting ရှိလို့ဆိုပြီး အစောကြီးသွားတယ်"

"ဟယ် . . . အဲလိုဆို သမီး ဒီနေ့ကျောင်းကို Taxi နဲ့ သွားရမှာပေါ့"

"မဟုတ်ဘူး။ သမီးကို မောင်နိုင်ဝင်း လိုက်ပို့ပေးလိမ့်မယ်"

"ရှင် . . ."

ပါးစပ်တွင်ရောက်ခါနီး မုန့်ဟင်းခါးဇွန်းပင် လေထဲမှာတန့်သွားရပါသည်။ မေမေ့ကို ဆတ်ခနဲမော့ကြည့်တော့ မသိချင်ယောင်ဆောင်ကာ တစ်ဖက်လှည့်သွားသည်။ သူမ စိတ်အပျက်ကြီး ပျက်သွားရတော့၏။ သေချာတာကတော့ ယနေ့မနက်သည် သူမအတွက် ကျက်သရေရှိတော့မည် မဟုတ်တော့ပါ။

ဆက်စားလည်း ဝင်မှာမဟုတ်တော့သည်မို့ လက်စသတ်ရင်း ထည့်ခန်းဘက် ထွက်ခဲ့လိုက်ပါသည်။ ကိုနိုင်ဝင်းဆိုသည်မှာ ဖေဖေ့ ပါတနာတစ်ယောက်ရဲ့သားဖြစ်ပြီး ကမ္ဘာပတ်ကာ သင်္ဘောလိုက်နေသူ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ (သူ့အပြော)။

စကားကြီးစကားကျယ် ပြောတတ်လွန်းသည်ကြောင့် သူမ ဘယ်လိုမှုကြည့်မရ။ သူမကို စိတ်ဝင်စားကြောင်း၊ လက်ထပ်လိုကြောင်းကိုလည်း လူကြီးတွေရှေ့မှာပင် အတိအလင်း ဝန်ခံထားသူဖြစ်သည်။

မိဘတွေက သူမ အိမ်ထောင်ရေးကို ဝင်မစွက်ဖက်ပေမဲ့ ကိုနိုင်ဝင်းလိုလူတစ်ယောက်ကို မငြင်းတာတော့ သေချာပါသည်။ ထို့ကြောင့်လည်း ယခုကဲ့သို့ ဖေဖေအားချိန်၍ သူမကို ကျောင်းလိုက်ပို့ရန် ခွင့်ပြုထားခြင်းဖြစ်ပါ၏။

နွေးနွေး စိတ်ညစ်ညစ်နဲ့ပင် ဧည့်ခန်းတွင်ထိုင်ကာ သတင်းစာဖတ်နေလိုက်သည်။ စိတ်မပါသည်မို့ စာရွက်တွေပင် တစ်ရွက်ပြီးတစ်ရွက် လန်သွားသည်။ ဦးနှောက်က ဘာကိုမျှမသိလိုက်။ ဒါပေမဲ့ . . .

"ဟင် . . . "

အမြန်ဆုံးဆက်သွယ်ပါ။

ငါးရာတန် ပဒ - ၆၂၁၇၀၁၁

ငါးရာတန် ဆဈ - ၇၁၄၂၁၂၈

နှစ်ရာတန် ဂဓ - ၈၀၆၈၁၀၃

နှစ်ရာတန် ပဓ - ၃၉၃၂၂၃၇

အထက်ပါပိုက်ဆံ လက်ဝယ်ရှိသူများ

Ph. 09 . . . . သို့ အမြန်ဆုံး ဆက်သွယ်ပါရန်။

ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

သူမမျက်လုံးတို့ ပြူးကျယ်ဝိုင်းစက်သွားရတော့သည်။ အမြင်မှားခြင်းမဟုတ်ကြောင်း စူးစိုက်ထားသောမျက်လုံးက ဦးနှောက်ကို အချက်ပေးနေသည်မို့ . . .

ချက်ချင်းပင် နံဘေးမှဖုန်းခွက်ပေါ် လက်ရောက်သွား၏။ ပြီးတော့ . . .

တစ်အောင့်အကြာ၌ တစ်ဖက်မှ ဖုန်းထူးသံတစ်ခုကို ကြည်ကြည်လင်လင် ကြားရသည်။

"ဟုတ်ကဲ့ . . . အမိန့်ရှိပါခင်ဗျာ"

ချိုကြည်ပျောင်းနွဲ့သော ယောကျ်ားသံတစ်ခု။

"ရှင် ဘယ်သူလဲ"

ခပ်ဆတ်ဆတ် သူမ၏မေးခွန်းကြောင့် တစ်ဖက်မှ အနည်းငယ်ကြောင်သွားသလိုရှိ၏။ ဒါပေမဲ့ . . .

"ကိုယ် မင်းဖုန်းကို မျှော်နေတာပါ။ ကိုယ် ဘယ်သူဆိုတာ ကျောင်းရောက်ရင် သိပါလိမ့်မယ်။ ထိုင်နေကျကန်တင်းကိုပဲ လာခဲ့ပါ"

စကားသံနှင့် လေယူလေသိမ်းကြောင့် လူတစ်ယောက်၏ပြယုဂ်က အာရုံမှာ ခပ်ရေးရေးပေါ်လာ၏။

"ကိုလင်းခက်လား . . ."

"အဟက် . . . 'ကို' တပ်မခေါ်လည်း ရပါတယ်"

ဖုန်းချပြီးပြီးချင်းမှာပင် ခြံဝမှ ကားဟွန်းသံကိုကြားရ၏။ ကမ္ဘာပတ်လာသော သဘော်သားကြီး ရောက်လာပြီထင်ပါရဲ့။





www.burmeseclassic.com

www.burmeseclassic.com

## VII

"မင်း ဘယ်လိုဖြစ်တာလဲ"

"ဘာကိုလဲ . . ."

ဘာကိုရည်ရွယ်ပြီး မေးမှန်းသိပေမဲ့ လင်းခက် ခပ်တည်တည်ပင် ပြန်မေးလိုက်တော့ . . .

"သတင်းစာက ကိစ္စကိုပြောတာ။ ငါတို့တောင် မသိလိုက်ဘူး"

သီဟ၏စကားကို လင်းခက် သက်သက်သာသာပင် တုံ့ပြန်မိသည်။

"ပထမတော့ တိုင်ပင်မလို့ဘဲ။ ဒါပေမဲ့ အလုပ်ကို ထိခိုက်မှာစိုးလို့ ငါတစ်ယောက်တည်းပဲ ဆက်လုပ်ဖို့ ဆုံးဖြတ်တာ"

သီဟနှင့်အတူ ခန့်မော်နှင့်ဝိုင်းပြည့်ပါ ခေါင်းယမ်းကုန်ကြ၏။

"နောက်တစ်ခု ရှိနေဦးမယ်လို့ ငါထင်တယ်"

လင်းခက် သက်ပြင်းကို ခပ်ဖွဖွချမိလိုက်ပါသည်။

"ဟုတ်တယ် . . . ။ ငါ နွေးနွေးကို ချစ်မိသွားတယ်"



သီဟက မချိုမချဉ်မျက်နှာပေးဖြင့် သူ့ကိုကြည့်ပါသည်။ ကျန်နှစ်ယောက်မှာလည်း လင်းခက်စကားကြောင့် ပြုံးစိစိ။ ပြီးတော့ သုံးယောက်သား တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ . . .

"နွေးနွေးရဲ့အချစ်ကိုရဖို့ မင်းကြိုးစားတဲ့နေရာမှာ ငါတို့ကရော သူငယ်ချင်းတွေအနေနဲ့ ဝင်ပါလို့ မရဘူးလား"

စကားက အဓိပ္ပာယ်တစ်ခုကို ဦးတည်နေသည်မို့ . . .

"ဘာကိုဆိုလိုတာလဲ သီဟ"

"ပထမဆုံး မေးရမှာကတော့ မင်း အဲဒီကိစ္စကို လက်ခံလိုက်ပြီလား ဆိုတာပဲ"

လင်းခက် မျက်မှောင်ကြုတ်မိသွားသည်ကြောင့် သီဟမှပင် စကားထပ်ဆက်သည်။

"ချစ်သူခင်သူ ပေါပါစေဆိုတဲ့ ဖလားထဲက ပိုက်ဆံကို ယူသုံးမိလို့ နွေးနွေးကို ကောင်လေးတွေ ဝိုင်းကြိုက်ကြတယ်ဆိုတဲ့ကိစ္စကို ပြောတာ"

"ငါလက်ခံလိုက်ပြီ။ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင် ကိုယ်တွေ့ကြုံခဲ့ရလို့ပဲ"

"ဒါဆို နောက်ထပ်မေးစရာတစ်ခုက သုံးလိုက်မိတဲ့ ပိုက်ဆံငါးရွက်ကို ဖလားထဲရောက်အောင် ပြန်ထည့်ပေးနိုင်ရင် နွေးနွေး ပုံမှန်အတိုင်း ပြန်ဖြစ်သွားမယ်လို့ မင်းယုံလား"

"တပ်အပ်တော့ ပြောလို့မရဘူး။ ဒါပေမဲ့ ပထမတစ်ခုကို လက်ခံရင်တော့ ဒါကိုလည်း လက်ခံရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ နွေးနွေး ကိုယ်တိုင် နှုတ်ယူခဲ့တဲ့ တန်ဖိုးအတိုင်း အစားပြန်ထည့်ပေးပြီးသွားပြီပဲ။ ထူးမှထူးမလာတာ"

လင်းခက်စကားက တိကျသော လက်ခံမှုတစ်ခုကို ဦးတည်သွားပြီမို့ . . .

"ဒါဆို မင်းအားလုံးကို ယုံကြည်လက်ခံလိုက်ပြီပေါ့



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းညိတ်၍သာ အဖြေပေးမိသည်။

"မင်းတောင်လက်ခံမှ ငါတို့လည်း မငြင်းတော့ပါဘူး။ ဒါပေမဲ့ တစ်ခုပဲ။ တစ်နိုင်ငံလုံးမှာရှိတဲ့ ပိုက်ဆံတွေထဲက ပိုက်ဆံလေးရွက်ကို ရှာဖို့ မင်းက လွယ်တယ်ထင်လို့လား"

"ကျွတ် . . . ဘယ်လွယ်မှာလဲကွာ"

သီဟက သူ့ကို ခပ်တည်တည်ကြည့်ရင်း . . .

"ငါပြောတာ အဲဒါပဲ။ မင်းတစ်ယောက်တည်းဖြစ်နေလို့ ငါတို့ပါ ကူရှာပေးမယ်လို့ပြောတာ။ ပြီးတော့ ငါတို့နဲ့လည်း ပတ်သက်နေတယ်လေ"

လင်းခက် သုံးယောက်လုံး၏ မျက်နှာများအား လိုက်ကြည့်မိပါ၏။ အားလုံးက လေးလေးနက်နက်ဖြစ်နေသော ရုပ်လက္ခဏာတွေကို တွေ့ရသည်။

"အမှန်အတိုင်းပြောရရင် ငါတို့လည်း နွေးနွေးကိစ္စကို စိတ်ဝင်စားနေတယ်။ အခု မင်းကပါ နွေးနွေးကို ချစ်နေတယ်ဆိုတော့ ပိုအဆင်ပြေသွားတာပေါ့ကွာ"

ခန့်မော်စကားဆုံးတော့ သူ့ခန္ဓာကိုယ်ထဲသို့ အားတစ်ခုတိုးဝင်လာသလို ခံစားလိုက်ရသည်။ ဘယ်ဆီဘယ်ဝယ်မသိသော ပိုက်ဆံလေးရွက်ကို ရှာပေးဖို့ဆိုတာ လွယ်ကူသောကိစ္စတစ်ခု မဟုတ်ပါ။ အရမ်းလှသည့် စိန်ခေါ်မှုလေးပါပဲ။

သူတို့ရှာပေးနိုင်မှာလား။ နွေးနွေး ရင်ဆိုင်နေရသော ဒုက္ခများကို ဖယ်ရှားပေးနိုင်မှာလား။ လင်းခက်နဲ့ နွေးနွေးကို ချစ်သူဖြစ်စေနိုင်မှာလား။

ပထမအဆင့်အနေနှင့်တော့ လိုအပ်သော ထောင်တန်တစ်ရွက်ကို သူတို့ အရယူပေးနိုင်ပါသည်။ ဒါကလည်း ကံကောင်းလွန်းသော တိုက်ဆိုင်မှုတစ်ခုပါပဲ။ ခန့်မော်အိတ်တွင်းမှ ပိုက်ဆံတစ်ရွက်က ထူးထူးခြားခြား သွားရောက်တူညီနေသည်လေ။



လင်းခက်ကို ဦးတည်လျှင်တော့ ဒါဟာ နွေးနွေးအတွက် လင်းခက်ရှာပေးနိုင်သော ပထမဆုံးပိုက်ဆံပေါ့။

ဒါဆို ဒုတိယပိုက်ဆံတစ်ရွက်အတွက် ဘယ်လိုကြိုးစားကြမလဲ။ ထိုခဏမှာပဲ သူတို့ထိုင်နေရာဆီ မိန်းကလေးနှစ်ယောက် ဝင်ရောက်လာ၏။ မနေ့ကတည်းက မိတ်ဆက်ပြီးသားမို့ နာမည်တွေသိနေပါပြီ။

"ဝင့်ဝါနှင့် အေးသွယ်"

"လေးယောက်လုံး အစောကြီး ရောက်နေကြပါလား။ ဘယ်သူ့အတင်းတွေ ပြောနေတာလဲ"

ဝင့်ဝါက ခုံတစ်လုံးဆွဲထိုင်ရင်း ရွှတ်နောက်နောက်ပြောတော့..

"ဘယ်သူ့အတင်းရှိရမှာလဲ၊ နင့်အတင်းပဲပေါ့"

"ဘာ . . . "

ခန့်မော်က ရုပ်တည်ဖြင့်ဆိုတော့ ဝင့်ဝါ မျက်လုံးပြူးသွားသည်။

"ဘာဖြစ်တယ် . . . ငါ့အတင်းပြောနေတယ် ဟုတ်လား။ လုပ်စမ်းပါဦး . . . ဘာတွေပြောနေကြတာလဲ"

"သြော် . . . နင် ဒီလောက်အသားမည်းတာ နေရထိုင်ရ မခက်ဘူးလားလို့ပါ"

ဝင့်ဝါက စပ်ဖြီးဖြီးလုပ်ရင်း သေနာဟုဆဲသည်။ တကယ်လည်း ဝင့်ဝါက နာနာမည်နှင့်မလိုက်စွာ အသားမည်းသူမို့ စိတ်မဆိုးနိုင်။

"အလကားပါ . . . ။ ငါတို့ နွေးနွေးအကြောင်း ပြောနေကြတာပါ"

"အတင်းပဲလား"

"မဟုတ်ဘူး . . . ဖြည်းဖြည်းပြောနေတာ"

ခွီးခနဲရယ်သံတွေ ထွက်သွားကြပါ၏။ ဝင့်ဝါကတော့ ပြောသူခန့်မော်ကို မျက်စောင်းထိုးသည်။ အရယ်ရပ်တော့မှ စိုင်းပြည့်က တည်တည်ငြိမ်ငြိမ် ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး . . . ။ နွေးနွေးနဲ့ပတ်သက်ပြီး ငါတို့ မရှင်းမလင်းဖြစ်နေတာ တစ်ခုရှိလို့"

"ဘာလဲ . . ."

"ဒီလိုဟာ . . . ချစ်သူခင်သူပေါပါစေဆိုတဲ့ ဖလားထဲက ပိုက်ဆံကြောင့် နွေးနွေးကိုယောကျ်ားလေးတွေ ဝိုင်းကြိုက်ကြတယ်။ ဒါပေမဲ့ ကြိုက်တဲ့ထဲမှာ ဘာလို့ ငါတို့မပါတာလဲ"

စိုင်းပြည့်မေးခွန်းကြောင့် သူပင် မျက်နှာပူသွားရပါသည်။ သူက ကြိုက်နေသူကိုး။

ဒါပေမဲ့ ဒီမေးခွန်းကလည်း စဉ်းစားစရာပါပဲ။ အမှန်ဆို ပဥ္စလက်အစွမ်းတွေကြောင့် နွေးနွေးကို ယောကျ်ားလေးတွေ ဝိုင်းကြိုက်ကြသည်ဟုဆိုလျှင်

သူကောင်းသားတွေလည်း ပါရပေမည်။ သူတို့လည်း ကြိုက်ရပေမည်။ ဒါပေမဲ့ ဘာလို့ ထိုအထဲတွင် သူတို့မပါတာနည်း။

ဝင့်ဝါ အတန်ကြာ စဉ်းစားသွားပေမဲ့ ထွက်လာသည့်အဖြေကတော့ မရေမရာပါ။

"အဲဒါတော့ ငါလည်းမသိဘူး"

ဒါပေမဲ့ အေးနွယ်အဖြေကတော့ နည်းနည်းနီးစပ်သည်။

"ငါ့အထင်တော့ နင်တို့ကြိုသိနေလို့ ဖြစ်လိမ့်မယ်။ ဒီလိုဟာ နွေးနွေးဘာကြောင့် ဆန်းပွင့်တယ်ဆိုတာ သိမထားရင် နင်တို့လည်း နွေးနွေးကို ဝိုင်းကြိုက်ကြလိမ့်မယ်လို့ ငါထင်တယ်။ ဒါပေမဲ့ အခု နင်တို့က အဖြေကိုသိနေတော့ စိတ်ဝင်စားလို့မရတော့တာ ဖြစ်လိမ့်မယ်"

ဖြစ်နိုင်ချေရှိသည်မို့ လင်းခက် ထောက်ခံဖြစ်ပါသည်။

"အဲဒါကို ငါလည်းလက်ခံတယ်။ မျက်လှည့်ပြကွက်တစ်ခုလိုပေါ့ကွာ။ ပြနည်းကိုမသိတော့ မျက်လှည့်ဆရာလုပ်ပြသမျှ တအံ့တဩဖြစ်နေတာပေါ့။ ပြနည်းကိုလည်း သိရော၊ သြော် . . . ဒါက ဒီလိုပါလားဆိုပြီး မအံ့ဩတော့ဘူး။ မအံ့ဩတဲ့အပြင် စိတ်ဝင်စားမှုပါ လျော့နည်းသွားတာ။ ရှင်းအောင်ပြောရရင် အထင်မကြီးတော့တာပေါ့ကွာ။ အခုလည်း အဲလိုဖြစ်လိမ့်မယ်"

ဟုတ်တယ်လို့ ပြောလို့မရသလို မဟုတ်ဘူးဟုလည်း ငြင်းလို့မရပါချေ။ နောက်ထပ် အဖြေတစ်ခုမရှိလျှင်တော့ ဒါကိုပဲ အဖြစ်နိုင်ဆုံးယူဆ၍ရလောက်သည်။ ထိုစဉ်မှာပဲ ကန်တင်းရှေ့သို့ ကားတစ်စီးထိုးဆိုက်လာသည်ကို တွေ့ရ၏။

ပထမဆုံးဆင်းလာသည်က နွေးနွေး။ နွေးနွေးပုံစံက ကြီးမားသော စိတ်အနှောင့်အယှက်တစ်ခုကို ခံစားနေရသလိုမျိုးဖြစ်နေသည်။ မျက်နှာကိုတင်းကာ လမ်းလျှောက်ပုံက ဆတ်တောက်ဆတ်တောက်။

ထိုစဉ်မှာပဲ ကားမောင်းသူဘက်ခြမ်းမှ ဆင်းလာသော ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့ရ၏။ ထိုပုဂ္ဂိုလ်အားတွေ့ပြီးနောက် ဝင့်ဝါနှင့် အေးနွယ်မှာ စိတ်ပျက်သလိုအမူအရာတွေ ဖြစ်သွားကြသော်လည်း သူတို့လေးယောက်မှာတော့ ဘာမှန်းမသိသည်မို့ ငေး၍သာကြည့်နေမိသည်။

ယောကျ်ားသားချင်းဆိုပေမဲ့ တော်တော်ဖြူးသည့်ပုဂ္ဂိုလ်ဆိုတာ အဝေးမှပင် သတိထားမိပါသည်။ တန်ဖိုးကြီး အပြင်အဆင်အားလုံးကို ဆင်မြန်းထား၍ ခေါင်းပေါ်တွင်နေကာ မျက်မှန်တစ်လက်ကို ဟန်ပါပါတပ်ထား၏။ တစ်ခုပဲ ပြောစရာရှိသည်။ ထိုပုဂ္ဂိုလ် လမ်းလျှောက်ပုံမှာ ဆောင့်ကြွားကြွားနိုင်လှသည်။

"အေးနွယ် . . . အဲဒါ နွေးနွေးအစ်ကိုလား"

လင်းခက် ခပ်တိုးတိုးမေးမိတော့ . . .

"ဘယ်က အစ်ကိုကမှာလဲ။ အဲဒါ နွေးနွေးကိုကြိုက်နေတဲ့ ငကြွားကြီး"

ရင်ခွင်တစ်နေရာက သဲ့ခနဲ လှုပ်ခတ်သွား၏။ နွေးနွေးကိုကြည့်ကာ အခြေအနေကို သဘောပေါက်သလိုရှိပေမဲ့ ကားတစ်စီးထဲ အတူစီးလာသည်ကိုတော့ တွန့်တိုသွားမိတာ အမှန်ပါ။

နွေးနွေးကို ကျောင်းလိုက်ပို့သည်ဆိုတော့ မိဘသဘောတူထား

www.burmeseclassic.com

www.burmeseclassic.com

သူလား။ အတွေးမဆုံးခင်မှာပင် နွေးနွေးက သူ့နဘေးထိုင်ခုံမှာ ခပ်ရှုရှု ဝင်ထိုင်သည်။ ထိုစဉ်မှာပဲ နွေးနွေး၏ ထမင်းချိုင့်ဆွဲခြင်းက စားပွဲပေါ် ကျလာကာ . . .

"ကလေး . . . ကိုယ်သွားတော့မယ်နော်"

"သွားတော့ . . ."

မအော်ယုံတမယ် နွေးနွေးကပြောတော့ မျက်မှန်ကြီး ခေါင်း ထောင်ထားသောပုဂ္ဂိုလ် မျက်နှာပျက်သွားသည်။ သို့ပေမဲ့ လူအများရှေ့ မှာမို့ မျက်နှာကို ချက်ချင်းပြင်ကာ ဝင့်ဝါဘက်သို့လှည့်ရင်း . . .

"ဝင့်ဝါ . . . အစ်ကိုထားခဲ့လိုက်မယ်နော်။ နိုင်ငံခြားဧည့်သည် တွေနဲ့ ချိန်းထားတာရှိသေးလို့ ညနေမှပဲ လာကြိုတော့မယ်"

ဝင့်ဝါ မပြုံးချင်ပြုံးချင်မျက်နှာကို အတတ်နိုင်ဆုံး ပြုံး၍ . . .

"ဩော် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ငနဲပုံစံကြည့်ရတာ နွေးနွေးအော်လိုက်သည့်အတွက် သူ့ကိုယ် သူ သိက္ခာပြန်ဆည်ချင်ပုံရလေသည်။ မတတ်သာလို့သာ ပြန်ရပေမဲ့ ပြန် ချင်တဲ့ပုံစံကိုမတွေ့။ ပြီးတော့ လင်းခက်တို့အုပ်စုကိုကြည့်ကာ ရှုးစမ်း လိုဟန်ရှိသည်။

ထင်သည့်အတိုင်းပါပဲ။

"ဒါနဲ့ . . . ဒီညီလေးတွေလို အရင်က မတွေ့ဘူးသလို့ဘဲ"

ဝင့်ဝါက သက်ပြင်းချ၍ ပြီးပြီးရောပုံစံဖြင့် အေးနွယ်က ဝင် ပြောပေးပါ၏။

"ဟုတ်တယ် . . . ။ တစ်နေ့ကမှ ခင်သွားတဲ့ သူငယ်ချင်း တွေ"

"ဩော် . . ."

ထို 'ဩော်' ၌ တကယ့်သူငယ်ချင်းတွေလားဟူသည့် ရှုးစမ်း လိုဟန်၊ မနှစ်ခြိုက်ဟန်တို့ ပါနေကြောင်း လင်းခက် ရိပ်မိသည်။

"အေးကွာ . . . အစ်ကို့ကိုလည်း မှတ်ထားပါ၊ ကိုနိုင်ဝင်းတဲ့။



လမ်းတွေ့ရင်လည်း ခေါ်ပေါ့။ အစ်ကိုကတော့ မြန်မာပြည်ပြန်ရောက် ကတည်းက ဘယ်မှမထွက်ဖြစ်တော့ ညီလေးတို့နဲ့ ဆုံဖို့မလွယ်ဘူး"

ပြောသာပြောနေပေမဲ့ ကိုနိုင်ဝင်းမျက်လုံးတွေက လင်းခက်ဆီ ၌သာ ဝဲနေကြောင်း အားလုံးရိပ်မိသည်။ မြွေမြွေချင်းခြေမြင်ဆိုတာ ဒါ မျိုးထင်ပါရဲ့။

"ညီလေးတို့ နာမည်တွေကရော"

တစ်ယောက်ပြီးတစ်ယောက် မိတ်ဆက်ကြပေမဲ့ လင်းခက် လောက် ကျန်သူတွေကို စိတ်ဝင်စားဟန်မပြပါချေ။

"ဒါနဲ့ အစ်ကိုက အပူကြောက်တယ်နဲ့ တူတယ်နော်။ အကျႌ မှာ ချွေးတွေရွှဲနေလို့"

ထိုအမေးကြောင့် ကိုနိုင်ဝင်းက နွေးနွေးကို တစ်ချက်လှမ်းကြည့် သည်။ ပြီးတော့မှ မေးသူ သီဟကိုကြည့်ကာ ခပ်အေးအေးပုံစံဖြင့် . . .

"မြန်မာနိုင်ငံက လမ်းတွေက အစ်ကိုနဲ့ အဆင်မပြေဘူးကွ။ ကားမောင်းရတာ အရမ်းပင်ပန်းတယ်။ ဟိုမှာလို မဟုတ်ဘူးလေ။ ကလေး ကလည်း Aircon မကြိုက်ဘူးဆိုတာနဲ့ . . . အဟဲ . . ."

နွေးနွေး တမင်ပညာပြမှန်းသိသည်မို့ အေးနွယ်တို့နှစ်ယောက် ခပ်ဖြီးဖြီးဖြစ်သွားသည်။ လင်းခက်လည်း ထို 'ကလေး' ဟူသော အသုံး အနှုန်းကို မြင်ပြင်းကပ်လာကာ . . .

"ဟုတ်တယ် . . . ။ ကလေးက Aircon မကြိုက်ဘူး"

"ဟော . . ."

ကိုနိုင်ဝင်း ကြောင်တောင်တော်တော့ ဖြစ်သွား၏။ လင်းခက် မျက်နှာကို ခပ်တည်တည်ထား၍ . . .

"ပြီးတော့ . . . အနံ့အရမ်းပြင်းတဲ့ ရေမွှေးတွေလည်း မကြိုက် ဘူး"

ကိုနိုင်ဝင်း သူ့ကိုယ်သူ မလုံမလဲဖြစ်သွားပုံရကာ မျက်နှာကြီး ရဲသွားသည်။ တိုင်ပင်ထားစရာမလိုအောင် ဝင့်ဝါနှင့်အေးနွယ်လည်း ဟို



www.burmeseclassic.com

www.burmeseclassic.com

လိုလို ဒီလိုလိုဖြင့် ကိုယ်စီနှာခေါင်းပွတ်ကုန်ကြ၏။

တကယ်ပါပဲ . . .။ ယောကျ်ားတစ်ယောက်နှင့် မလိုက်ဖက်စွာ အမွှေးတော်တော်ကြိုက်ပုံရလေသည်။ သူဝင်လာကတည်းက တကယ်ပင် လင်းခက် ခေါင်းကိုက်ချင်သလို ဖြစ်နေတာပါ။

"ဒါပေမဲ့ ကျွန်တော်တို့ကတော့ ကြိုက်ပါတယ်ဗျ။ တော်တော်တန်ဖိုးကြီးမယ်နော်"

သီဟက ပင့်ပေးတော့ . . .

"ဟုတ်တယ် . . .။ ဒါ အစ်ကိုတို့သင်္ဘော ပြင်သစ်ကိုဆိုက်တုန်းက ဝယ်လာတာလေ။ သိတယ်မလား။ ပြင်သစ်ရေမွှေးဆိုတာ တခြားရေမွှေးတွေနဲ့ တူတာမှမဟုတ်တာ။ ဈေးလည်း တော်တော်ကြီးတယ်။ အစ်ကို့တစ်လစာတောင် ကုန်လုလုပဲ"

"ဟုတ်လား . . . မသိပါဘူး။ ကျွန်တော်တို့ကတော့ လေးငါးထောင်တန်ပဲ အကောင်းဆုံးလို့သုံးနိုင်တော့ သိပ်မသိဘူး"

"အဟင်း . . . ရပါတယ် ညီလေးရဲ့။ ဒီတစ်ခေါက် အစ်ကိုသင်္ဘောတက်ရင် ညီလေးတို့အတွက် ဝယ်လာပေးမယ်"

"ကျေးဇူးဗျာ . . .။ ကျွန်တော်တို့တော့ အစ်ကိုလက်ဆောင်ပေးမှပဲ ရေမွှေးကောင်းကောင်း သုံးဖူးတော့မယ်"

"အဟင်း . . . ဟင်း . . . ရပါတယ်။ ဒီလောက်က အစ်ကို့အတွက် ကိစ္စမရှိပါဘူး။ အဟင်း . . . ဟင်း . . . ဟင်း . . ."

ကိုယ့်ကို မြှောက်လို့မြှောက်မှန်းမသိ။ 'တဟင်း . . . ဟင်း' ဖြစ်ကာနေသော ကိုနိုင်ဝင်းပုံစံကိုကြည့်၍ ဝင့်ဝါတို့ ခေါင်းကုတ်သည်။ အခြေအနေကို သဘောပေါက်စွာ ငြိမ်နေရာမှ နွေးနွေးဝင်ပြောလိုက်သည်။

"ကိုနိုင်ဝင်း . . . နိုင်ငံခြားဧည့်သည်တွေနဲ့ ချိန်းထားတာရှိတယ်ဆို"

ခေါင်းကိုမော့၍ ပြုံးဖြီးဖြီးဖြစ်နေသော ကိုနိုင်ဝင်းမျက်နှာ တည်သွား၏။ နွေးနွေး ဘာကိုဆိုလိုသည်ကို သဘောပေါက်စွာ . . .



"အဟင်း . . . ဟုတ်တယ် . . . ဟုတ်တယ်။ ချိန်းထားတာရှိသေးလို့ သွားလိုက်ဦးမယ်"

အကုန်လုံးကို ဝေ့ကြည့်ရင်း ပြောလိုက်ပေမဲ့ အဓိကကတော့ နွေးနွေးဆီကိုပါ။ နွေးနွေးကလည်း မျက်နှာရိပ်မလျော့သေးသည်မို့ ဘားမှာရှိနေသော သူ့ကိုတစ်ချက်ပြုံးပြရင်း ထွက်သွားဖို့ပြင်သည်။ ဒါပေမဲ့ . . .

"ညီလေး . . . ခဏ"

ကိုနိုင်ဝင်းစကားကြောင့် တစ်ဖက်ဝိုင်းမှ ပိုက်ဆံသိမ်းနေသော ဝိတ်တာလေး မော့ကြည့်သလို သူတို့လည်း ကြောင်သွားသည်။ 'ဘာမှာ ခေါ်လို့လဲ' ဟူသော ပုံစံမျိုးဖြင့် ဝိတ်တာလေး အနားရောက်လာတော့ . .

"အစ်ကို့ကို အဲဒီပိုက်ဆံလေး ခဏလောက်ပြပါလား"

"ဗျာ . . ."

ဒီတစ်ခါမှ တကယ်ပင် ဝိတ်တာလေး ကြောင်သွားတာပါ။ ဒါပေမဲ့ သူတို့တစ်ဝိုင်းလုံးကတော့ ကိုနိုင်ဝင်း ဘာသဘောနှင့်တောင်းသည်ဆိုတာ သဘောပေါက်လိုက်ပါသည်။

ဝိတ်တာလေး ဘာမှန်းမသိ လက်ထဲက ငါးရာတန်တစ်ရွက်ကို ကမ်းပေးတော့ ကိုနိုင်ဝင်း ယူကာကြည့်သည်။ သို့ပေမဲ့ ခဏချင်းပင် ခေါင်းယမ်းလိုက်ကာ . . .

"ကျေးဇူးပဲ . . . ညီလေး။ ရော . . . ယူသွားတော့"

ပြောပြီး နွေးနွေးကို တစ်ချက်ကြည့်ကာ ရပ်ထားသောကားဆီ လျှောက်လှမ်းသွားပါတော့၏။ လင်းခက် လိုက်ကြည့်နေရင်းမှ နားထဲသို့ စကားသံအချို့ဝင်လာသည်ကို သတိပြုမိသည်။ ဝင့်ဝါ၏အသံ။

"နွေးနွေး . . . သူ့ကိုပြောပြထားတာလား"

"မဟုတ်ဘူး . . .။ ရှာခိုင်းထားတာ"



www.burmeseclassic.com

www.burmeseclassic.com

# VIII

သတင်းစာ၏ မျက်နှာစာတစ်ခုကိုကြည့်ကာ မိန်းကလေးနှစ်ယောက် အံ့သြနေကြ၏။ နွေးနွေးကတော့ အံ့သြဟန်မပြပါချေ။ ဒါပေမဲ့ လင်းခက်ဆီမှထွက်လာမည့် နှုတ်ထွက်စကားကိုတော့ နားစွင့်နေဟန်ရှိသည်။

သီဟတို့အုပ်စုမှာလည်း သတင်းစာပါအကြောင်းအရာနှင့် ပတ်သက်၍ ခုနကပင် ဆွေးနွေးပြီးသွားပြီမို့ ဆိတ်ဆိတ်လျက်သာ ရှိနေပါသည်။

"ခွင့်မတောင်းဘဲ လုပ်ခဲ့မိတဲ့အတွက် တောင်းပန်ပါတယ်။ ဘယ်ဆီဘယ်ဝယ်မသိတဲ့ ပိုက်ဆံလေးရွက်ကို နွေးနွေးတစ်ယောက်တည်း ရှာမှာထက်စာရင် ကျွန်တော်တို့ပါ ကူရှာပေးတာက အကျိုးသက်ရောက်မှု ပိုရှိလိမ့်မယ်ထင်လို့ပါ"

နွေးနွေးဟု သုံးနှုန်းလိုက်သည့်အတွက် တစ်စုံတစ်ရာ ထူးခြားမှု မတွေ့ရ။ ပေါ့ပေါ့ပါးပါးပင်ဖြစ်သည်မို့ လင်းခက် ပင့်သက်ရှိုက်မိသည်။



ကျွန်မ နားလည်ပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့ ရှင်တို့ ကူရှာပေးချင်ရတာလဲဆိုတာကိုတော့ သိချင်တယ်"

"အရင်တစ်ခါ ပြောခဲ့သလိုပါပဲ။ ကျွန်တော်တို့ ကိုယ်တိုင်ကိုက အခုကိစ္စကို စိတ်ဝင်စားနေလို့ပါ"

နွေးနွေးဆီမှ တုံ့ပြန်မှုတစ်စုံတစ်ရာကို မကြားရ။ ဒါပေမဲ့ တိမ်ကင်းစင်သော အမူအရာရှိသည်ကြောင့် လင်းခက် စကားကိုဆက်လိုက်သည်။

"တက်ကျမ်းတစ်ခုထဲမှာ ကျွန်တော် ဖတ်ဖူးတယ်ဗျ"

ဘာမဆိုင်ညာမဆိုင် ခွဲထွက်သွားသောစကားကြောင့် အကုန်လုံးက သူ့ကို ဝိုင်းကြည့်ကြသည်။

"လူချမ်းသာတစ်ယောက် မောင်းသွားတဲ့ ကားအကောင်းစားကြီးကိုကြည့်ပြီး လူဆင်းရဲတစ်ယောက်က ပြောတယ်တဲ့ . . ."

"ဩော် . . .သူတို့တွေများ ကံကောင်းလိုက်ကြတာ။ ငါတို့မှာတော့ ဆိုးလိုက်တဲ့ကံ။ ကံတရားကြီးက တော်တော်မျက်နှာလိုက်တာပဲတဲ့"

"အဲဒီစကားကိုကြားတဲ့ တခြားလူချမ်းသာတစ်ယောက်က လူဆင်းရဲကို ပြောတယ်တဲ့"

"ကံတရားကြီးက မျက်နှာလိုက်တာ မဟုတ်ပါဘူး။ ခင်ဗျားတို့က ကံကောင်းအောင် မလုပ်တတ်တာပါတဲ့"

"အဲဒီစကားကို လူဆင်းရဲက . . .

"ကံကောင်းအောင် ဘယ်လိုလုပ်ရမှာလဲဗျ။ ကျွန်တော်လည်း ကံကောင်းလာမယ့်အချိန်ကို စောင့်နေတာပဲ။ ဒါပေမဲ့ အခုထိမှ ရောက်မလာတာ"

လူဆင်းရဲစကားကိုကြားတော့ လူချမ်းသာက သနားစရာသတ္တဝါတစ်ကောင်လိုကြည့်ပြီး ရယ်တယ်တဲ့။ ပြီးတော့ပြောတယ် . . .

"ဒီမှာ . . . ကံကောင်းခြင်းဆိုတာ ရပ်စောင့်နေရမယ့် အရာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး။ ခင်ဗျား ကံကောင်းချင်ရင် ကံကောင်းခြင်းတွေရှိရာဆီ ရောက်အောင်သွားရတယ်။ 'နေရိပ်လိုချင် နေပူကစောင့်' ဆိုတဲ့ ခပ်ညံ့ညံ့ပညာရှိကြီးတွေ ပြောတဲ့စကားကို သွားနားမယောင်နဲ့။ အဲဒါ ငပျင်းတွေအတွက် ငပျင်းကြီးတွေ ထွင်ထားတဲ့စကား။ တကယ့်တကယ်က နေရိပ်ကိုလိုချင် နေရိပ်ရှိရာဆီရောက်အောင် သွားရတယ်တဲ့"

သူ့စကားအား တစ်ဝိုင်းလုံးက နားထောင်နေကြသည်မို့ လင်းခက် ဆက်ပြောသည်။

"အခု ကျွန်တော်တို့လည်း ဒီအတိုင်းပဲပေါ့။ ထိုင်နေပုံနဲ့တော့ ဘယ်ဆီနေမှန်းမသိတဲ့ ပိုက်ဆံလေးရွက်က ရောက်လာမှမဟုတ်ဘူးလေ။ အဲတော့ ပိုက်ဆံရှိရာဆီပဲ ကျွန်တော်တို့သွားကြတာပေါ့"

တိတ်ဆိတ်နေကြပါ၏။ ခက်ခဲသည်ဆိုပေမဲ့လည်း သူရှင်းပြသည့်စကားကိုတော့ လက်ခံကြဟန်ရှိသည်။

"အဲဒါဆို အခုရော ဘာဆက်လုပ်မှာလဲ။ ပိုက်ဆံနံပါတ်တွေကို သတင်းစာထဲမှာကြော်ငြာပြီး ဖုန်းဆက်အလာကို စောင့်နေရမှာလား"

အရမ်းလှသော မေးခွန်းလေးပါပဲ။

"မစောင့်ပါဘူး။ ကံကောင်းချင်ရင် ကံကောင်းခြင်းတွေရှိရာဆီ ရောက်အောင်သွားရမယ်ဆိုတဲ့ စကားအတိုင်းပဲပေါ့။ ပထမဆုံး ကျွန်တော်တို့ ကံကောင်းအောင် အရင်လုပ်ရမယ်"

"ဘယ်လိုလုပ်မှာလဲ"

"အဟင်း . . . နွေးနွေးလုပ်ခဲ့တဲ့အတိုင်းပဲ လုပ်ကြတာပေါ့။ အဲဒီအတွက် အားလုံးရဲ့ အကူအညီလိုတယ်"

နားမလည်ကြပါ။ ထို့ကြောင့်ပင် . . .

"ဒီလို . . . . . . . . . . . . . . . ."



# IX

နေလုံးက အနောက်သို့ ငုပ်လျှိုး၍ မာကျူရီမီးရောင်များကို အစားထွန်းပေးထားသည်။ အချိန်ကား ည(၈)နာရီဝန်းကျင်။

ကစားကွင်းလေးတစ်ခုက အကြွေစေ့ပစ်သံ။ ဘောလုံးပစ်သံ၊ ဂိမ်းကစားသံ၊ တိုက်ကားမောင်းသံတို့ဖြင့် ဆူဆူညံနေသည်။ ထိုအထဲမှာ ကစားသာကစားနေရပေမဲ့ ကစားခြင်းတွင် အာရုံမရှိသော လူတစ်စုရှိနေပါ၏။ သူတို့ကတော့ လင်းခက်၊ နွေးနွေးအပါအဝင် အပေါင်းအသင်းများ။

လင်းခက် နွေးနွေး၏ ကံကြမ္မာပြောင်းလဲသွားရာ ကံကြမ္မာပုလာတ်ဘောတွင် တစ်ယောက်တည်းရပ်ကာ ဖလားတွေထဲသို့ အကြွေစေ့ပစ်ထည့်နေသည်။ ကျန်သူတွေကတော့ ဂိမ်းကစားသူကစား၊ တိုက်ကားမောင်းသူမောင်းနှင့် အချိန်တစ်ခုကို စောင့်နေကြသည်။

ဟုတ်၏။ သူတို့စောင့်နေသောအချိန်ဆိုတာ နွေးနွေးပေါ်တွင် မူတည်နေပါသည်။ အားလုံးကစားနေကြပေမဲ့ နွေးနွေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တည်း မကစား။ အနားယူရန် ပြုလုပ်ထားသော နံရံကပ်ထိုင်ခုံတန်းလေးများတွင်သာ တစ်ယောက်တည်း ထိုင်နေသည်။ သူမ၏အပေါ်မှာတော့ ကစားကွင်းတစ်ကွင်းလုံး၏ လျှပ်စစ်စွမ်းအားကို ထိန်းချုပ်ရာ ပလပ်ခုံတစ်ခုရှိနေ၏။

သူမ စိတ်ဝင်စားနေသည်က ထိုပလပ်ခုံပေါ်မှ ဒါးမိန်း။ ထိုင်သာ ထိုင်နေရပေမဲ့ မျက်လုံးအစုံကတော့ တစ်ကွင်းလုံး၏ ဝန်ထမ်းများဆီ ပြေးနေသည်။ ပုံမှန်လုပ်ဆောင်နေကျ တာဝန်ကိုယ်စီ လုပ်နေသည်မှလွဲ၍ မည်သူမျှ သူမဆီသို့ အာရုံမရှိပါ။

လက်မှနာရီကို ပင့်ကြည့်လိုက်ပါသည်။ အချိန်ကျတော့မည်။ ထို့အတူ လင်းခက်မှာလည်း ကံကြမ္မာရဟတ်၏ ဘေးပတ်လည်ကာရံထားသော ဝန်းခြံအပြင်ဘက်တွင် ရပ်ရင်း ရင်တဒိတ်ဒိတ်ခုန်နေသည်။

ကျန်သူအားလုံးမှာလည်း သူတို့နှစ်ယောက်လောက် အခြေအနေမဆိုးကြပေမဲ့ အားလုံးတော့ ရင်ခုန်နေပါသည်။ ထိုစဉ်မှာပဲ နွေးနွေး ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်ပါ၏။ ပြီးတော့ တစ်ကွင်းလုံးအား နောက်ဆုံးအကြိမ် တစ်ချက်ဝေ့ကြည့်ပြီး သူမတာဝန်ကို အလျင်အမြန်ဆုံး ပြုလုပ်လိုက်ရာ . . .

"ဟာ . . ."

"အို . . ."

"ဘယ်လိုဖြစ်တာလဲ၊ မီးပျက်သွားတာလား"

တစ်ကွင်းလုံး အာမေဋိတ်သံတွေနဲ့ ဆူဆူညံသွားသည်။ ကစားကွင်းလေးသည်ကား လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခံရမှုကြောင့် အမှောင်အတိကျသွားသလို အရာအားလုံးလည်း ခဏတာ ရပ်ဆိုင်းသွားသည်။

ထိုစဉ်မှာပဲ ကလေးတစ်ယောက်၏အော်ငိုသံကို ကြားရ၏။ လုံးဝ အမှောင်ကျသွားသည်မို့ လန့်ဖျပ်ကာ အော်ငိုခြင်းဖြစ်ပေသည်။ ထိုအော်ငိုသံနှင့်အတူ ဝန်ထမ်းတွေ ပျာယာခတ်ကုန်၏။



ဒါပေမဲ့ ခဏလေးပါပဲ။ တစ်မိနစ်ပင် မစွန်းလိုက် . . .

'ဟေး . . .' ခနဲ ကလေးတွေ၏အော်သံ၊ လက်ခုပ်တီးသံတွေနှင့်အတူ ကစားကွင်းက ပြန်လည်လင်းထိန်သွားသည်။ ခဏချင်းပဲ စက်ဖွင့်သံ၊ လှုပ်ရှားသံ၊ စက်ပစ္စည်းများ အလုပ်လုပ်သံတွေ ပြန်လည်ဆူညံသွား၏။ မီးပြန်လာပေပြီ။ ကစားကွင်း၏ အစိတ်အပိုင်းအားလုံးသည်က လျှပ်စစ်ရရှိမှုကြောင့် ပြန်လည်လည်ပတ်နေကြပြီ။

နွေးနွေး ဘယ်သူမှ သတိမထားမိခင်မှာပင် ကစားကွင်းထဲမှ ထွက်လာခဲ့မိတော့၏။ သူမနောက်မှာ ဝင့်ဝါ။ ထို့နောက်မှာ သီဟတို့အုပ်စုနှင့် အေးနွယ်။ အားလုံးထွက်သွားပြီးလို့ နောက်ဆုံးမှာမှ လင်းခက်ထွက်လာလေသည်။ လင်းခက်မျက်နှာက အောင်ပွဲရစစ်သူကြီးတစ်ယောက်လို ပြုံးမော့ကာနေပါ၏။

အပြင်ရောက်ရောက်ချင်းပင် . . .

"ဟေ့ကောင် . . . ဘယ်လိုလဲ အဆင်ပြေလား"

သီဟက ဆီးမေးတော့ လင်းခက် ပြုံးလျက်မှပင် လက်ထဲမှ ပိုက်ဆံတစ်ရွက်ကို ထောင်ပြလိုက်သည်။ ထောင်တန်နွမ်းနွမ်းလေးတစ်ရွက်ပါ။ ထိုပိုက်ဆံကိုမြင်တော့ နွေးနွေးက ဝမ်းသာအားရဖြင့် . . .

"ကံကောင်းပါစေဆိုတဲ့ ဖလားထဲကပေါ့"

"ဒါပေါ့ . . ."

"ဟေး . . ."

ကလေးငယ်တစ်ယောက်လို သူမလက်ခုပ်တီးကာ ထအော်၏။ အေးနွယ်က မချိုမချဉ်ပြုံးဖြင့် . . .

"ပိုက်ဆံရော ပြန်ထည့်ခဲ့ရဲ့လား"

"ထည့်တာပေါ့။ ပိုက်ဆံချင်း လဲတာပါဆိုမှ။ ငါတို့က သူများတွေလို အလကားနှိုက်လာတာမဟုတ်ဘူး"

"အောင်မာ . . ."



www.burmeseclassic.com

www.burmeseclassic.com

ခပ်ဆတ်ဆတ်အော်ရင်း မျက်စောင်းထိုးပါသည်။ ပြီးတော့ နှုတ်ခမ်းကိုကိုက်၍ . . .

"ဘာအလကားနှိုက်တာလဲ။ နောက်တစ်နေ့ပဲ သွားပြန်ထည့်ပေးတဲ့ဥစ္စာ။ မယုံရင် သူတို့ကိုလည်း မေးကြည့်ဦး"

ခါးကိုထောက်ကာ ရန်တွေ့သလိုပြောသော အမူအရာလေးအား လင်းခက် ကြည်ကြည်နူးနူး ကြည့်နေမိသည်။ နောက်ပြီး မျက်စောင်းတစ်ချက်ကိုလည်း အနီးကပ် 'ဒိုင်း'ခနဲ ပစ်ထိုးလိုက်သေး၏။

သူ့ရင်ကတော့ ဝဋ်ကြွေးတစ်ခုပါပဲ။

မညွှာမတာကို အခုန်မြန်နေတာလေ။

ရင်ခုန်နေလျက်မှပင် အမည်းရောင်ကောင်းကင်ကြီးအား မော့ကြည့်ရင်း လောကကြီးနဲ့ သူ စကားပြောဖြစ်ကြသေး၏။

"ကဲ . . . လောကကြီးရေ . . . ငါ့လက်ထဲမှာတော့ ကံကောင်းပါစေဆိုတဲ့ ပိုက်ဆံတစ်ထောင် ရောက်နေပြီ။ ငါတကယ် ကံကောင်းမှာလား"

❀ ❀ ❀



တကယ်ပဲ ကံကောင်းစေခဲ့ပါ၏။ အိမ်ပြန်ရောက်ရောက်ချင်းပင် ဖုန်းမြည်သံတစ်ချက်က ကံကောင်းခြင်းပိုက်ဆံကိုင်ထားသော သူ့ကို စောင့်မျှော်လျက်ရှိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com

# X

"သားရေ . . . အောက်မှာ ဧည့်သည်ရောက်နေတယ်"

အခန်းဝမှကြားရသော မေမေ့အသံကြောင့် လင်းခက် ခဏတော့ ကြောင်သွားမိသည်။ ဒါပေမဲ့ ချက်ချင်းပင် ဦးနှောက်မှ သတိပေးမှုတစ်ခု ရောက်လာကာ . . .

"ဩော် . . . ဟုတ်ကဲ့ မေမေ။ သား အခုပဲ ဆင်းလာခဲ့မယ်"

နာရီကိုကြည့်မိတော့ (၈) နာရီမတ်တင်းပင် ဖြစ်နေပြီ။ ကျောင်းသွားရဦးမှာဖြစ်ပေမဲ့ ယခုထိ မျက်နှာမသစ်ရသေး။ စားပွဲပေါ်မှ စစ်တုရင်ခုံဆီသို့ စူးစိုက်ကြည့်ကာ လက်ထဲမှ မြင်းရုပ်ကို တစ်ကွက်ရွှေ့လိုက်သည်။

"Check . . . ကဲ . . . မင်း ဘာတတ်နိုင်သေးလဲ"

တစ်ယောက်တည်း ကစားနေခြင်းဖြစ်ပေမဲ့ သူပွဲသိမ်းလိုက်နိုင်ပါပြီ။ ဒါဟာ မနက်နိုးထချိန်တိုင်း ဦးနှောက်ကို လေ့ကျင့်ပေးနေကျ Exercise တစ်မျိုးပါပဲ။ ပြီးတော့မှ ထိုင်ရာကထရင်း အောက်သို့ဆင်းလာခဲ့လိုက်သည်။



ဧည့်ခန်းမှာက အသက်(၄၀) ဝန်းကျင်ဦးကြီးတစ်ယောက် ထိုင်နေသည်။ လင်းခက် အပြုံးတစ်ခုဖြင့် နှုတ်ဆက်ကာ မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပါ၏။

"ဦးဖေဆန်းဆိုတာလား မသိဘူး"

"ဟုတ်ပါတယ် . . . ဦးလေးက ဦးဖေဆန်းပါ။ ဒါနဲ့ ငါ့တူက"

"ကျွန်တော် လင်းခက်ပါ ဦးလေး"

"ဩော် . . . ဦးလေး အိမ်ကမထွက်ခင် ငါ့တူဖုန်းကို လှမ်းဆက်သေးတယ်။ ဖုန်းပိတ်ထားတယ်ဆိုလို့ ဒီကိုပဲ တန်းလာလိုက်တာ"

"အင်း . . . ဟုတ်တယ်။ နိုးနေတာကြာပါပြီ။ စစ်တုရင်ထိုးနေတာနဲ့ အာရုံပျက်မှာစိုးလို့ ဖုန်းပိတ်ထားတာ"

". . . . ."

သူ့စကားကြောင့် ဦးဖေဆန်း အနည်းငယ်ကြောင်သွားသလို တော့ရှိသည်။ မေမေ ကော်ဖီလာချပေးတော့ 'ကျွန်တော် သောက်ပြီးခဲ့ပြီ' ဟု အားနာသလိုပြောပါသည်။ ဦးဖေဆန်းပုံကြည့်ရတာ ရိုးရိုးသားသားနှင့် လူအေးတစ်ယောက် ဖြစ်ဟန်တူသည်။ ဟန်ဆောင်ပန်ဆောင် အမူအရာတွေလည်း မတွေ့ရ။

မေမေပြန်ထွက်သွားတော့ တရိုတသေ ယူလာခဲ့ဟန်တူသော နှစ်ရာတန်တစ်ရွက်ကို အိတ်ထဲမှထုတ်ကာ . . .

"ရော့ . . . ငါ့တူ။ ငါ့တူလိုချင်တယ်ဆိုတဲ့ နှစ်ရာတန်"

အတော်နွမ်းနေပြီဖြစ်သည်ကြောင့် လင်းခက် ဖြည်းဖြည်းသက်သာပင် လှမ်းယူလိုက်သည်။ အလွတ်ရနေသော ဂဏန်းတွေပါပဲ။

ပစ – ၃၉၃၂၂၇

ရှင်းအောင်ပြောရပါက သတင်းစာမှ နောက်ဆုံးကဏန်းလေး၊ ပျော့ရှင်ကြည်နူးမှုတို့ ရင်ထဲမှာ ပြောမပြနိုင်အောင် ဖြစ်သွားရပါသည်။ အိမ်တိုင်ရာရောက်လာပေးသူ ဦးလေးကြီးကိုလည်း တော်တော်ကျေးဇူးတင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်။ ဒါ ကျွန်တော်လိုချင်တဲ့ နှစ်ရာတန်ပဲ။ ကျေးဇူးတင်လိုက်တာဗျာ"

တကယ်ပင် ဝမ်းသာအားရပြောလိုက်တော့ . . .

"တိုက်ဆိုင်မှုလို့ပဲ ပြောရမှာပေါ့ကွာ။ ဦးလေးက Taxi မောင်းတာလေ။ မနေ့က သတင်းစာမှာ ငါတို့ကြော်ငြာလေးကိုတွေ့တော့ ဘာရယ်မဟုတ်ပါဘူး။ ဦးလေးမှာရှိတဲ့ ပိုက်ဆံတွေနဲ့တိုက်ကြည့်တော့ နှစ်ရာတန်လေးတစ်ရွက်က သွားတူနေတယ်။ အဲဒီနှစ်ရာတန်ကလည်း ကားဒက်(ရှ်)ဘုတ်ပေါ်မှာ တင်ထားတာကြာပြီ။ သုံးပစ်တဲ့ထဲ ပါမသွားတာကံကောင်းတယ် ပြောရမယ်ကွ။ ငါတို့ဥစ္စာမှန်လို့ ပြန်ရတာ ဖြစ်လိမ့်မယ်"

ဦးလေးကြီး စကားဆုံးတော့ လင်းခက် တွေဝေသွားပါ၏။ Taxi မောင်းတာဆိုတော့ နွေးနွေးငှားစီးခဲ့သည့်ကားများ ဖြစ်နေမလားဟု အတွေးရောက်သွားခြင်းဖြစ်သည်။

မေးလည်း မှတ်မိမှာမဟုတ်တော့သည်မို့ ကျေးဇူးတင်စကားကိုသာ ထပ်ခါထပ်ခါ ပြောဖြစ်တော့၏။ ထိုက်တန်သော ကျေးဇူးပြုမှုတစ်ခုကိုလည်း လုပ်ပေးဖြစ်သည်။ နောက်တော့ စကားအနည်းငယ်ပြောကာ ဦးဖေဆန်းဆိုသူဦးလေးကြီး ပြန်သွားလေသည်။

ပြန်ပြန်ပြီးချင်းပင် လင်းခက် ဖုန်းကိုထုတ်ကာ ဂဏန်းအချို့နှိပ်လိုက်၏။ ပြီးတော့ . . .

"နွေးနွေး . . . ဘယ်မှာလဲ"

"ဘုရားကျောင်းမှာ . . ."

ᄌ ᄌ ᄌ



# XI

ဘုရားကျောင်းထဲကိုဝင်တော့ ပထမဆုံးတွေ့ရသည်က သူ့ကို အဖေတစ်ယောက်၏ မေတ္တာတော်တွေ၊ ကရုဏာတော်တွေနှင့် ကြည့်နေသော အဘဘုရားသခင်ပါပဲ။ လူက အလိုလို လုံခြုံသွားသလို ခံစားလိုက်ရသည်။

လင်းခက် ဦးညွှတ်အရိုအသေပြုကာ လည်ပင်းမှာဆွဲထားသော လက်ဝါးကပ်တိုင်သင်္ကေတကို ထုတ်၍နမ်းလိုက်ပါသည်။ ပြီးတော့မှ နွေးနွေးရှိရာဆီ တစ်လှမ်းချင်း တိုးသွားလိုက်၏။

"နွေးနွေး . . ."

ခေါ်သံကြောင့် ခုံပေါ်မှောက်အိပ်နေသော ဦးခေါင်းလေးမော့လာကာ သူ့ကိုလှည့်ကြည့်၏။

"ဟာ . . ."

ရင်ခွင်က ခဏချင်း ဗလောင်ဆူသွားသည်။ နွေးနွေးမျက်နှာမှာ မျက်ရည်စတွေနဲ့။ မျက်ခွံတွေမို့ကာ မျက်နှာတစ်ပြင်လုံးလည်း ရဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"နွေးနွေး . . . ဘာဖြစ်တာလဲ . . . ဘာဖြစ်လို့လဲ"

အလျင်စလိုပင် နွေးနွေးနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်ရင်း မေးလိုက်တော့ . . .

အရင်ဆုံး ရှိုက်သံတွေ ထွက်ကျလာ၏။ ပြီးတော့ မျက်ရည်တွေပါ နောက်ဆက်တွဲအဖြစ် ပျော်ဝင်အိတွဲကျလာကာ . . .

"ငါ အရမ်းစိတ်ညစ်တယ်ဟာ"

ငိုသံတစ်ဖက်နှင့် ဗလုံးဗထွေးပြောပေမယ့် ထိုစကားက သူ့ရင်ကို ထုတ်ချင်းပေါက်မတတ် ရှင်းလင်းသွားစေသည်။

"ဘာဖြစ်လို့လဲ . . . ဘာလို့စိတ်ညစ်တာလဲ"

ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကာ လူက အလိုလိုပင် မောဟိုက်လာသလို။

"ငါ ဒီဒုက္ခကြီးက ဘယ်တော့မှလွတ်မှာလဲဟာ။ အရမ်းစိတ်ညစ်တာပဲ"

ငိုသံစွက်သော စကားတို့ ဒုတိယမ္ပိ ထွက်ကျလာပြန်ပါသည်။

လင်းခက် မျက်မှောင်ကြုတ်ကာ တွေဝေမိသွားသည်။ နွေးနွေး ဘာကို ဆိုလိုမှန်း သဘောပေါက်ပေမဲ့ ဘာကြောင့် အခုလို ရှိုက်ကြီးတငင် ငိုကြွေးနေတာလဲ။ နားမလည်နိုင်ပါ။

"ငါ့ကိုပြောပြ။ နင်ဘာဖြစ်လို့လဲ"

တအိအိတွဲကျလာသော မျက်ရည်တွေကို လက်ခုံဖြင့်ပင့်သုတ်ကာ ရှိုက်ကြီးတငင် ငိုကြွေးသွားသည်။ လင်းခက် သက်ပြင်းချကာခေါင်းကိုယမ်းမိလိုက်၏။ သူရောက်လာသည့်အတွက် ပိုမိုဝမ်းနည်းသွားသည် ထင်သည်။

"နွေးနွေး . . . နင်ဘာဖြစ်ခဲ့တယ်ဆိုတာ ငါ့ကို ပြောပြလေ။ အဲဒီတော့မှ ငါဘာလုပ်ရမလဲသိမှာပေါ့။ အခုလိုငိုနေလို့ ပြီးသွားမှာမှ မဟုတ်တာ"

ခေါင်းကိုခါယမ်းကာ မျက်ရည်တွေကို အကျႌလက်မောင်းဖြင့်



ပင့်သုတ်နေ၏။ မျက်နှာတစ်ပြင်လုံး နီရဲနေပုံက တစ်စုံတစ်ရာကို ကြောက်လန့်နေသလိုလည်း ရှိသည်။ ပြီးမှ ငိုသံရောသောအသံဖြင့် . . .

"ဒီနေ့ ဖေဖေက ငါ့ကို ကျောင်းထိလိုက်မပို့ဘူး။ အရေးကြီးဖုန်းဝင်လာလို့ ငါ့ကို လမ်းတစ်ဝက်မှာချပေးပြီး အလုပ်ကိုသွားတယ်"

စကားကိုရပ်ကာ တစ်ချက်နှစ်ချက်ရှိုက်နေသည်။ ပြီး နှာခေါင်းတစ်ချက်ရှုံ့ကာ အသံကို ငြိမ်အောင်ထိန်းထားရပုံမျိုးနဲ့ . . .

"အဲဒါ ငါ Taxi ငှားဖို့ လျှောက်လာတုန်း ငါ့နောက်ကို ကောင်လေးတစ်အုပ် လိုက်လာတယ်။ ငါ အရမ်းကြောက်သွားပြီး Taxi မငှားဖြစ်တော့ဘဲ လျှောက်လာလိုက်တာ ဘယ်ရောက်လို့ရောက်နေမှန်းလည်း မသိတော့ဘူး။ အခု ဒီဘုရားကျောင်းကိုတွေ့လို့ ဝင်ပုန်းနေလိုက်တာပဲ။ ငါ အရမ်းကြောက်တာပဲဟာ"

ရင်ထဲမှာ နင့်သွားရသည်။ သူမကတော့ ပြောရင်း ဝမ်းနည်းလာပုံရကာ ဆက်လက်ငိုရှိုက်နေ၏။ တော်သေးသည်။ ရောက်ရှိရာပတ်ဝန်းကျင်နှင့် မြို့နယ်ကိုတော့ ဖုန်းထဲမှာ မှန်အောင်ပြောနိုင်လို့ . . .

"ငါဘာလုပ်ရမလဲဟာ။ ဒီဒုက္ခကြီးကို တဖြည်းဖြည်းနဲ့ကြောက်လာပြီ။ ငါ မခံနိုင်တော့ဘူး"

လင်းခက် အံကိုကြိတ်ရင်း သက်ပြင်းတစ်ချက် ချမိလိုက်ပါသည်။ ပြီးတော့ ခေါင်းကိုငုံ့ကာ ငိုရှိုက်နေသော သူမမျက်နှာအား သေချာကြည့်ရင်း . . .

"အခုလိုခံစားနေရတဲ့ ဒုက္ခကြီးကနေ နင် အမြန်ဆုံးလွတ်စေရမယ်လို့ ငါကတိပေးတယ်"

အံ့သြသလို မော့ကြည့်တော့ . . .

"ဟုတ်တယ် . . . ။ နင်ယူသုံးမိတဲ့ ပိုက်ဆံနှစ်ထောင့်လေးရာလုံး အမြန်ဆုံးရှာတွေ့စေရမယ်လို့ ငါကတိပေးတယ်"

ပထမတော့ ဝေဝေဝါးဝါး သူ့ကိုကြည့်နေ၏။ နောက်မှ သူ့မျက်လုံးတွင်းရှိနေသော တိကျမှုတစ်ခုကို မြင်တွေ့သွားပုံက . . .



www.burmeseclassic.com

www.burmeseclassic.com

"နင် တကယ်ပြောတာလား . . ."

လင်းခက် ကြင်ကြင်နာနာပြုံးမိရင် . . .

"တကယ်ပေါ့ . . ."

လင်းခက်စကားဆုံးတော့ သူမမျက်ဝန်းအိမ်မှ မျက်ရည်စတွေကို တစ်ရှူးဖြင့် သုတ်ပစ်နေသည်ကို တွေ့ရသည်။ သုတ်ပေးချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်နေပေမဲ့လည်း ကိုယ့်စိတ်ကိုယ်သာ ချုံးနှိမ်ပစ်နေရပါသည်။

"တကယ်ဟုတ်မဟုတ် နင့်ကို အခုပဲ သက်သေပြမယ်။ ဒီမှာကြည့် . . ."

ပြောပြောဆိုဆို ဦးဖေဆန်းဆီမှရလာခဲ့သော နှစ်ရာတန်အားသူမမျက်လုံးရှေ့တွင် ဖြန့်ပြလိုက်တော့ . . .

"ဟယ် . . ."

အာမေဋိတ်သံတစ်ခုက တိုးတိုးရှရှ ဖြစ်ထွန်းသွားသည်။ ပြီးတော့ ဆတ်ခနဲဆွဲယူ၍ သေချာထပ်ကြည့်ကာ . . .

"ဟယ် . . . နင် . . . ဒါကို . . . ဘယ်လို . . ."

ကြည်နူးမှုတွေ၊ ပျော်ရွှင်မှုတွေ၊ မြတ်နိုးမှုတွေနဲ့ သူမကို ဝှံဝှံစားစားကြည့်ကာ . . .

"ဘယ်လိုလဲ . . . ယုံပြီလား"

ဝမ်းသာလုံးဆို့သော ပုံစံမျိုးနဲ့ သူမ ခေါင်းညိတ်ပြပါသည်။ လှိုက်လှိုက်လှဲလှဲပြုံးနေသော သူမမျက်နှာလေးကို ဖြူဖြူစင်စင်ကြည့်ရင်း လင်းခက် အတိုင်းအဆမရှိ ကြည်နူးနေမိသည်။ ဒီပိုက်ဆံရလာပုံ အဆင့်ဆင့်ကိုလည်း ပြောပြလိုက်၏။ လင်းခက်စကားဆုံးတော့ . . .

"ဒါဆို နောက်ထပ်သုံးရွက်ပဲ ရှာရတော့မှာပါနော်"

လင်းခက် အပြုံးနဲ့သာ ခေါင်းညိတ်ပြလိုက်သည်။ ဒါပေမဲ့ ခဏချင်းပင် သူမမျက်နှာ ပြန်လည်တည်တံ့သွား၏။ ပြီးတော့ နှစ်ရာတန်



လေးကို လွတ်ထွက်သွားမှာစိုးသည့်အလား ရင်မှာပိုက်ကာ တုန်ရီဖျော့တော့သော လေသံဖြင့် . . .

"ဒါပေမဲ့ အဲဒီပိုက်ဆံတွေကို ရှာလို့ရော ရပါဦးမလားဟင်"

လင်းခက် 'ဟက်' ခနဲ တစ်ချက်ရယ်လိုက်ကာ . . .

"ရ,ရမှာပေါ့"

"လာ . . ."

ဟုဆိုကာ လင်းခက် မတ်တတ်ထရပ်တော့ သူမ ကြောင်ကာကြည့်၏။

"ကျန်တဲ့ပိုက်ဆံတွေ အမြန်ဆုံးတွေ့အောင် သွားဆုတောင်းကြမယ်"

သူမမျက်လုံးတို့ ဝင်းသွားကာ . . .

"ဟုတ်တယ်၊ ဟုတ်တယ်"

ဟု အပျော်တစ်ဝက်နဲ့ ပြောပြီး မတ်တတ်ထရပ်သည်။ နောက်အလယ်လှေကားလမ်းမှ နှစ်ဦးယှဉ်ကာ တရားဟောစင်နားကို တိုးကပ်သွားလိုက်သည်။ တရားဟောစင်ရှေ့ ရောက်သွားစဉ်မှာပဲ လင်းခက်ဒူးထောက်ထိုင်ချလိုက်ပါ၏။

ပြီးတော့ လက်နှစ်ဖက်ကိုယှက်ကာ ညာဘက်လက်ညှိုးကို ဘယ်ဘက်နား၊ ဘယ်ဘက်လက်ညှိုးကို ညာဘက်နားတွင်းသို့ ထည့်ကာမျက်လုံးမှိတ်ဆင်းလိုက်သည်။ သူ့ပုံစံကိုကြည့်၍ နွေးနွေးက . . .

"ဟဲ့ . . . နင့်ဟာက ဘယ်လိုပုံကြီးလဲ"

သူ့ပုံစံကို မျက်လုံးပြူးလေးနှင့်ကြည့်ကာ မေးသည်ကြောင့် . .

"ဩော် . . . ဒါလား၊ ဒီလိုလုပ်ပြီးဆုတောင်းတာ ရှေး 'ဂေါ်လူမျိုး' တွေရဲ့ အစဉ်အလာတစ်ခုပေါ့။ ရှေးဂေါလူမျိုးတွေက ကောက်ရိပ်သိမ်းပွဲပြီးတဲ့အခါတိုင်း ရွာလုံးကျွတ် ဆုတောင်းပွဲတစ်ခုကို လုပ်ကြတယ်တဲ့။ အခု ငါလုပ်သလိုပုံစံမျိုးလုပ်ပြီး မိုးနတ်ဘုရားဆီကို ဆုတောင်းတိုင်တည်ကြတယ်။ နောက်နှစ်မှာလည်း အခုလိုမျိုး ကောက်ပဲသီးနှံတွေ



www.burmeseclassic.com

www.burmeseclassic.com

အတွက် ကောင်းပါစေပေါ့။ ဆုတောင်းပြည့်တယ်လို့လည်း ယုံကြည်ကြတယ်"

"တကယ်ရော ပြည့်လား"

"အင်း . . . နောက်နှစ်တွေမှာလည်း ကောက်ပဲသီးနှံတွေ အတွက် ကောင်းကြတယ်တဲ့"

"ဟယ် . . . အဲဒါဆို ငါတို့လည်း သူတို့လုပ်သလို လုပ်ပြီး ဆုတောင်းရင် ဆုတောင်းပြည့်မှာပေါ့"

"အေးပေါ့ . . ."

လူကြီးစကားနားထောင်သော ကလေးငယ်တစ်ယောက်လို သူမ ဒူးထောက်ထိုင်ချလိုက်ပါသည်။ ပြီးတော့ လင်းခက်လုပ်သလို လက်နှစ်ဖက်ယှက်ပြီ ညာဘက်လက်ညှိုးကို ဘယ်ဘက်နား၊ ဘယ်ဘက်လက်ညှိုးကို ညာဘက်နားသို့သွင်း၍ မျက်လုံးမှိတ်ဆင်းသွားသည်။

ချစ်စဖွယ် သူမပုံစံလေးအားကြည့်ရင်း ရှူးသွပ်သွားမတတ် ရင်တွေခုန်နေမိပါသည်။ 'ချစ်လိုက်တာ' ဟူသောစကားကိုလည်း ရင်ထဲမှာ ပြောနေတာ အကြိမ်ရေ ဘယ်လောက်များ များနေပြီလည်းမသိတော့။

သူကတော့ ဆုတစ်ခုကိုသာ တမ်းတမ်းတတ တောင်းရမ်းမိပါသည်။ အဲဒါက . . .

"ချစ်သူပြုံးဖို့ အပျော်တွေထုပ်ပိုးပေးနိုင်သူ ဖြစ်ပါစေ"

တကယ်ပါချစ်သူ . . .

မင်းပျော်မယ်ဆို အဒိုတွေလည်း သတ်ပစ်ရဲတယ်။

ᴥ ᴥ ᴥ



## XII

ပျော်စရာနေ့လယ်ခင်းတစ်ခုတော့ မဟုတ်ပါ။ ကျောင်းဝန်း၏ အတွင်းတစ်နေရာတွင် ကျောင်းသားတစ်ယောက် ရိုက်ကြိုးတင်င ငိုကြွေးလျှက်ရှိနေသည်။

"ကျွတ် . . . ဘာလို့ ဇွတ်ငိုနေတာလဲကွ။ မင်း ယောကျ်ား မဟုတ်ဘူးလား"

သီဟက ဒေါနှင့်မောနှင့်ပြောတော့ ငိုရှိုက်သူကောင်လေးမှာ ခေါင်းငုံ့သွား၏။ တခြားသူမဟုတ်။ သီဟနှင့် ညီဝမ်းကွဲတော်စပ်သူ ယခုမှ ပထမနှစ်စတက်သော ဌေးသူရဆိုသည့် ကောင်လေးဖြစ်သည်။

"မင်းပါးကို ဘယ်သူရိုက်သွားတာလဲ။ ဘာလို့ရိုက်တာလဲ"

ဒီမေးခွန်းက သီဟပင်မဟုတ်။ သူတို့လည်း သိချင်နေသော မေးခွန်းပါ။ ဌေးသူရ၏ပါးတစ်ဖက်က မြင်မကောင်းအောင် ရဲရဲလှပ်နေသည်။ လက်ငါးချောင်းရာပင် အထင်းသားပေါ်နေ၏။ အားနဲ့မာန်နဲ့ ဆော်ထားပုံပါပဲ။

"ဟေ့ကောင် . . . ငါမေးနေတယ်လေ။ မင်းပါးကို ဘယ်သူ ရိုက်တာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်းနဲ့ ဒေါသထွက်လာပုံရကာ အသံကျယ်သွားသည်မို့ အနီးအနား ဖြတ်သွားဖြတ်လာတွေပင် ဝိုင်းကြည့်ကုန်သည်။ လင်းခက် သက်ပြင်းကိုချကာ သီဟပခုံးအား လှမ်းပုတ်ရင်း . . .

"သီဟ . . . တိုးတိုး၊ လူတွေ ဝိုင်းကြည့်ကုန်ပြီ"

သီဟကိုပြောရင်း ဒွေးသူရနား တိုးကပ်သွားလိုက်သည်။ နောက် ပခုံးဖက်ကာ ညင်သာသာလေသဖြင့် . . .

"ညီလေး . . . ဆက်ငိုမနေနဲ့တော့။ လူတွေလည်း မင်းကို ဝိုင်းကြည့်ကြကုန်ပြီ။ ဘာဖြစ်ခဲ့တယ်ဆိုတာ အစ်ကိုတို့ကိုပြောပြ။ ဖြေရှင်းလို့ရရင် အတတ်နိုင်ဆုံး အစ်ကိုတို့ ဖြေရှင်းပေးမယ်"

လင်းခက်စကားကြောင့် ငိုနေရာမှ ခေါင်းကိုယမ်းရင်း တစ်ချက်နှစ်ချက်ရှိုက်သည်။ ပြီးတော့မှ ငိုသံပါဖြင့် . . .

"အစ်ကိုတို့ ဖြေရှင်းပေးလည်း ရမှာမဟုတ်ပါဘူးဗျာ"

"မဟုတ်ဘူးလေကွာ . . . ။ အစ်ကိုတို့ ဖြေရှင်းပေးလို့မရဘူးဆိုတာ ညီလေးဘာဖြစ်ခဲ့တာလည်း ပြောပြမှသိမှာပေါ့။ ညီလေး ဘာဖြစ်ခဲ့တာလဲ"

လင်းခက်စကားဆုံးတော့ ခေါင်းပိုငုံ့သွားသည်ထင်၏။ ပုံစံကြည့်ရတာ ပြောဖို့ မဝံ့မရဲဖြစ်နေပုံရသည်ကြောင့် . . .

"ရဲရဲပြော . . . ညီလေး။ အစ်ကိုတို့ကို ရှိန်စရာမလိုဘူး။ ယောကျ်ားလေးချင်းတွေပဲ"

တော်တော်နဲ့ စကားသံထွက်မလာပါ။ ပြောရန်စကားက အတားအဆီးတစ်ခုခံထားသလို ဖြစ်နေသည်လားမသိ။ တံတွေးခဏခဏ မျိုချသည်ကိုတော့ သတိထားမိသည်။ အတော်ကြီး ကြာသွားပြီးမှ နှုတ်ခမ်းလှုပ်ရုံလေသံမျိုးနဲ့ . . .

"ကျွန်တော် ပါးရိုက်ခံလိုက်ရတာ . . ."

"သိတယ်လေကွာ . . . ။ မင်းပါးရိုက်ခံရမှန်း သိတာပေါ့။ ဘယ်သူရိုက်တာလဲ၊ ဘာကြောင့်ရိုက်တာလဲကို မေးနေတာ"



သီဟက စိတ်မရှည်သလို ဝင်ပြောတော့ . . .

"မိန်းကလေးလား၊ ယောကျ်ားလေးလား"

ခန့်မော်က ဝင်မေးသည်။

"မိန်းကလေး . . ."

"ဘာ . . ."

"ဘာဖြစ်တယ် . . ."

နားထောင်သူအားလုံး၏ နားတွေ သံရည်ပူလောင်းထည့်ခံလိုက်ရသလို ပူပြင်းစပ်လောင်သွားသည်။ ဒါ သူတို့ အခံပြင်းဆုံး ကိစ္စတစ်ရပ်ပါ။ ယောကျ်ားတစ်ယောက်၏ပါးကို ရိုက်သွားရဲသည့် မိန်းကလေးအား မြင်ဖူးချင်သွားသလို ကိုယ့်ပါးပေါ် မိန်းကလေးတစ်ယောက် လက်ဝါးအရောက်ခံခဲ့သည့် ဒွေးသူရကိုလည်း ယောကျ်ားချင်း ခံပြင်းသွား၏။

"ဘယ်သူလဲ . . . ဘယ်သူရိုက်သွားတာလဲ"

မျက်ရည်ကို လက်ခုံဖြင့်ပင်သုတ်ရင်း ခေါင်းရမ်းသည်။ ပြီးတော့ လွယ်အိတ်ထဲမှ စာတစ်စောင်ကိုထုတ်ကာ လင်းခက်လက်တွင်းထည့်ပေး၏။

စာကိုတွေ့တွေ့ချင်း လင်းခက် မျက်လုံးပြူးသွားလေသည်။ ချက်ချင်းပင် ဖွင့်ဖတ်လိုက်တော့ . . .

**သူမြင်နိုင်တဲ့ နေရာကနေပြီး နှစ်ပတ်လောက် ဆက်တိုက် တံတွေးထွေးပါ။**

**ထွေးတဲ့နေရာမှာ သူ့ကို သေချာကြည့်ပါ။ ပြီးတော့မှ တစ်နေရာရာကို အားထည့်ပြီး ထွေးပစ်လိုက်ပါ။**

**"ထွီ" လို့ အသံမြည်ပါစေ။**

**တစ်ခုခု ထူးခြားလာပါလိမ့်မယ်။**

**Heart Beat**



www.burmeseclassic.com

www.burmeseclassic.com

စာကိုဖတ်ပြီးတော့ လင်းခက် တွေဝေသွားသည်။ ငြိမ်သက်သွားသော လင်းခက်ကိုကြည့်ကာ သီဟ လက်ထဲမှစာကို ဆွဲယူသွား၏။ သီဟလည်း သူ့အတိုင်းတွေဝေသွားမှာ သေချာပါသည်။ ထိုစဉ်မှာပဲ . . .

"ကျွန်တော်စိတ်ဝင်စားနေတဲ့ မမကြီးကို ကိုသီဟသိမှာပါ"

သီဟက တွေတွေငေးငေး ရပ်နေရာမှ . . .

"သိတယ်။ နန်းစုစုခိုင်ကို ပြောတာမလား"

"ဟုတ်တယ်"

ဒီလောက်ဆို လင်းခက် သဘောပေါက်လိုက်လေပြီ။ နန်းစုစုခိုင်ဆိုသည်မှာ အခြားသူမဟုတ်။ ဓာတုကလျာဟု နာမည်ကြီးသော ဓာတုဗေဒ၏ ပင်တိုင်စံ Queen ဖြစ်သည်။

"သိတဲ့အတိုင်းပဲ။ မာနက ဟိမဝန္တာကျောရိုးလောက်ရှိနေတော့ သူ့ကို ဘယ်လိုလိုက်ရမှန်းမသိလို့ ရင်ခုန်သံအဖွဲ့ကို အကူအညီတောင်းတာ။ အခုလို စာပြန်တာပဲ"

"ဒီစာထဲကအတိုင်း လိုက်လုပ်လို့၊ မင်းကို ဟိုက ဆော်လွှတ်လိုက်တာပေါ့။ အဲလိုလား . . ."

"ဟုတ်တယ် . . ."

ဌေးသူရ ပါးကို တစ်ချက်ပွတ်ကာပြောတော့ သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြပါသည်။

"အမှန်က ညီလေး နားလည်မှုလွဲသွားတာပါ"

လင်းခက် လေသံအေးဖြင့်ဆိုလိုက်တော့ ဌေးသူရ နားမလည်သလို မော့ကြည့်ပါ၏။

"ဟုတ်တယ် . . . ဒီအတိုင်းလုပ်ရမှာပဲ။ မှားတာက မင်းမှားတာ"

သီဟကပါ ထပ်ပြောတော့ ဌေးသူရ မျက်နှာတည်သွားသည်။ သူ့ခမျာ စာထဲကအတိုင်းလုပ်တာကိုပင် မှားတယ်ဆိုတော့ . . .



ဘာမှားတာလဲဗျ . . . စာထဲကအတိုင်း လုပ်တာပဲ"

"စာထဲကအတိုင်း လုပ်တာမှန်တယ်။ ညီလေးတို့ပြန်မှုက မှားသွားတာ။ ဒီလိုမိန်းမမျိုးကို လိုက်မယ်ဆို အရင်ဆုံးလုပ်ရမှာက မာနကို ချိုးပစ်ရမှာပဲ။ ဒါပေမဲ့ ညီလေးက မာနကိုချိုးမပစ်ဘဲ ခေါင်းငုံ့ခံလာတာကိုး"

လင်းခက် စကားဆုံးဆုံးချင်း . . .

"သူ့မာနကို သွားဆွပြီး သူပါးရိုက်တာခံလာတာကိုပဲ စဉ်းစားကြည့်။ မင်း ရှုံးသွားတာပေါ့။ နောက်ထပ် မင်း ဘာဆက်လုပ်မလဲ။ လုပ်စရာမရှိတော့ဘူး။ အကယ်၍သာ ပါးရိုက်မခံခဲ့ဘဲ အနိုင်တစ်ခုခု ထပ်ရအောင် လုပ်ခဲ့မယ်ဆိုရင် ဒီပွဲမှာ မင်းသာသွားပြီ။ နောက်ပွဲတွေအားလုံး အနိုင်ကစလို့ရပြီ။ ဆက်မကစားချင်ရင်တောင် အနိုင်နဲ့ ပိုင်းလိုက်ရုံပဲ"

သူတို့နှစ်ဦးစကားတွေကြောင့် ဌေးသူရမှာ နောင်တပဲ ရရတော့မလို။ နောက်တစ်ခါပဲ တံတွေးသွားပြန်ထွေးရတော့မလို ဝေခွဲမရ ဖြစ်သွား၏။ လျှော့တော့ မလျှော့ချင်သေး။

"ဒါဆို ကျွန်တော်က ပါးရိုက်မခံဘဲ ဘာလုပ်ခဲ့ရမှာလဲ"

"ဘာလုပ်ရမှာလဲကွ။ မင်း မြန်မာကားတွေ မကြည့်ဖူးဘူးလား။ ပါးရိုက်မယ့်လက်ကို ကိုင်ပြီး ဖက်နမ်းပစ်လိုက်ပေါ့"

သီဟမှာ ညီဖြစ်သူခံလာရသည့်အတွက် တော်တော်ခံပြင်းနေဟန်တူသည်။

"ဒါမှမဟုတ်၊ ပါးရိုက်တဲ့လက်ကိုပဲ တံတွေးနဲ့ ပြန်ထွေးလာခဲ့ပါလား။ ထွီ . . ."

ပေါက်ကွဲစွာပြောရင်း တံတွေးတစ်ချက် ကောက်ထွေးသည်။

"ဟုတ်ပါ့ကွာ။ အဲဒီအတိုင်း လုပ်ခဲ့ရမှာ။ ထွီ . . ."

လင်းခက်လည်း စိတ်ပေါက်ပေါက်ဖြင့် နီးစပ်ရာသစ်ပင်ကို လှမ်းထွေးလိုက်၏။ ခန့်မော်နှင့် စိုင်းပြည့်ကတော့ ဘာမှမပြော။



www.burmeseclassic.com

www.burmeseclassic.com

လက်ထဲမှ စာရွက်ကိုခေါက်ကာ ဒွေးသူရလွယ်အိတ်တွင် ပြန်ထည့်ပေးရင်း ခန့်မော်က . . .

"မေ့ပစ်လိုက်ပါကွ။ မိန်းကလေးတွေ ပေါပါတယ်"

"ညီလေးက အခုမှ First Year ပဲရှိသေးတာ။ နန်းစုစုခိုင်လို သက်ကြားအိုကြီးကို စိတ်ဝင်စားမနေပါနဲ့။ မင်းထက် လေး၊ ငါးနှစ်ကြီးနေတဲ့ ဥစ္စာ။ ဘာလုပ်မှာလဲ"

လင်းခက် စကားကိုရပ်ကာ ဒွေးသူရပခုံးအား ပွေ့ရင်း မတ်တတ်ထစေလိုက်သည်။ ပြီးတော့ ပတ်ဝန်းကျင်ကို လက်ညှိုးထိုးပြရင်း–

"ဟိုမှာကြည့်လိုက် . . . ။ မင်းနဲ့ရွယ်တူ အလွှင်လေးတွေ အများကြီး။ မင်းစိတ်ကို သစ်ပစ်လိုက်တော့။ ကြီးရင်မှီဆိုတာ သစ်ပင်ပဲ ကောင်းတယ်ကွ။ ဟုတ်လား"

နောက် ဟိုဟိုဒီဒီ အားပေးစကားပြောပြီး ဒွေးသူရကို စာသင်ခန်းတွင်းသို့ လိုက်ပို့လိုက်ကြပါသည်။

ဒါပေမဲ့ ထိုနေရာပတ်ဝန်းကျင်မှာ သူတို့ လုံးဝမသိလိုက်သော ကိစ္စတစ်ခု ရှိနေပါ၏။

• • •

ဒွေးသူရကိုလိုက်ပို့ပြီး အဆောင်မှအထွက်တွင် ဓေယျနှင့်ဆုံသည်။ ဓေယျက ပြုံးပြသည်မို့ လင်းခက် ချိုချိုသာသာပင် ပြန်လည်ပြုံးပြလိုက်ပါ၏။

"မတွေ့တာကြာပြီ လင်းခက်"

"အေးကွာ . . . ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုနဲ့ အလုပ်ရှုပ်နေလို့။ မင်းရော ဘယ်ပျောက်နေတာလဲ"

"မပျောက်ဘူးကွ ရှိတယ်။ အပြင်မထွက်တာ"

"သြော် . . ."



"ဒါနဲ့ မင်း ဟိုသတင်း ကြားပြီးပြီလား"

လင်းခက် မျက်မှောင်ကြုတ်ကာ ပြန်မေးလိုက်သည်။

"ဘာသတင်းလဲ"

"နောက်လထဲမှာ တို့ကျောင်းကို နိုင်ငံခြားတက္ကသိုလ်တစ်ခုက လေ့လာရေးအဖွဲ့တစ်ဖွဲ့ ရောက်လာမယ်တဲ့ကွ။ အဲဒါနဲ့ပတ်သက်ပြီး မေဂျာတိုင်းက Roll - 1 တွေကို ပါချုပ်က ခေါ်တွေ့နေတယ်။ ဘာလုပ်ဖို့လဲတော့မသိဘူး"

"ဟုတ်လား . . . မင်းသွားပြီးပြီလား"

လင်းခက်အမေးကြောင့် ဓေယျက မချိုမချဉ်ကြည့်ကာ . . .

"ဘယ်လိုလုပ် သွားရဦးမှာလဲ။ ငါ့ကိုခေါ်ရင် မင်းကိုလည်း ခေါ်မှာပေါ့"

"ဟုတ်သားပဲ"

လင်းခက် ခေါင်းကိုညိတ်ရင်း အဖြေပေးမိသည်။ ဓေယျက သူ့ကို ခပ်စူးစူးကြည့်၍ . . .

"မင်းရော . . . ဘယ်လိုလဲ၊ စိတ်တုရင် ထိုးဖြစ်သေးလား"

လင်းခက် ခေါင်းကို ခပ်သွက်သွက်ယမ်းရင်း . . .

"မအားတာနဲ့ မထိုးဖြစ်ပါဘူးကွာ။ အခုနေထိုးရင် ငါမင်းကို ရှုံးမှာ သေချာတယ်။ ထရိန်နင်ပြတ်နေတော့ လက်ကျနေလောက်ပြီ"

'ဟုတ်ရဲ့လားကွာ' ဟူသောပုံစံဖြင့် ဓေယျသူ့ကိုကြည့်ကာ ရယ်ပါ၏။

"ထိုးရင်လည်း နောက်နှစ်မှသာထိုးတော့ . . . ဟော့ကောင်ရေ၊ ဒိုလ်လုပွဲ သုံးခါလုပ်ပေးတာတောင် အဖြေမထွက်လို့ ဆရာတွေလည်း တင်းနေပြီ"

နှစ်ယောက်သား ပေါ့ပေါ့ပါးပါး ရယ်ဖြစ်ကြပါ၏။ ပြိုင်ဘက်ဆိုတာ တကယ်တော့ အဆင့်မြင့်သူငယ်ချင်းတွေပင် မဟုတ်ပါလား။

နောက်တော့ အပြန်အလှန်နှုတ်ဆက်ရင်း ကိုယ့်လမ်းကိုယ်



www.burmeseclassic.com

www.burmeseclassic.com

လျှောက်ခဲ့ကြပါသည်။

ထိုစဉ်မှာပဲ Ring Tone တစ်ခုက ဘောင်းဘီအိတ်ထဲမှ အကြောက်အကန် တိုးထွက်လာ၏။

သူ၏လက်မလေး လှုပ်ရှားပြီးသွားစဉ် . . .

"ဟုတ်ကဲ့ . . . အမိန့်ရှိပါ"

"09 . . . ကလား မသိဘူးရှင့်"

"ဟုတ်ပါတယ် . . ."

"သတင်းစာမှာ ကြော်ငြာထားတဲ့ ငါးရာတန်တစ်ရွက် ကျွန်မ ရထားလို့ပါ"

"ဗျာ . . ."



## XIII

လင်းခက် ဆန္ဒစောစွာ ကားကိုခပ်သွက်သွက် မောင်းလာခဲ့သည်။ မနက် (၈) နာရီဝန်းကျင်ရှိပြီဖြစ်ပေမဲ့ ပတ်ဝန်းကျင်က အဖြူရောင်နှင်းစက်တွေ ပေကျံလျက်ပင် ရှိသေးပါ၏။ ဘေးမှန်တံခါးဖွင့်ကာ မောင်းလာသည်ကြောင့် ခပ်အုပ်အုပ်ဝေနေသော နှင်းတွေမှာ သူ့ကို လာရောက်တိုးဝှေ့နေကြ၏။

မနေ့ကချိန်းဆိုထားခဲ့သော ဖုန်းတစ်ခုအတွက် ယခုကဲ့သို့ မနက်စောစောစီးစီး ကျောင်းသို့ ရောက်ရှိလာရခြင်းဖြစ်ပါသည်။ သတင်းစာမှာကြော်ငြာထားသော ငါးရာတန်တစ်ရွက်ကို သူမ ရရှိထားသည်တဲ့။ မနေ့က ဖုန်းဆက်ဆက်ချင်း လာယူမည်ပြောသော်လည်း တစ်ဖက်မှ အဆင်မပြေခဲ့ပါ။ သို့ပေမဲ့ လင်းခက်တို့ ကျောင်းသို့လာရန် ကိစ္စတစ်ခုရှိသည်ကြောင့် လာရင်းနှင့်တွေ့မည်ဟု ဆိုပါသည်။

ထို့ကြောင့်သာ ယခုကဲ့သို့ လင်းခက် ဝီရိယကောင်းနေခြင်းဖြစ်ပါ၏။ ကျောင်းထဲကို ကားကွေ့ဝင်လိုက်တော့ လူပင် သိပ်မရှိသေး။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသို့ရောက်လျှင် ဖုန်းခေါ်မည်ဆိုသည့်အတွက် ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ် လင်းခက် ကြိုရောက်နေမှဖြစ်ပေမည်။

ကားကို စက်သတ်လိုက်တော့ မှန်မှာ နှင်းတွေဖွေးဖွေးလွှပ်နေ၏။ မသုတ်ဘဲထားကာ ဆားမှန်ကိုပါ တင်လိုက်သည်။ စောသေးသည်မို့ အောက်လည်းမဆင်းချင်သေး။ ပိုဆိုးတာက သူတစ်ယောက်တည်း။

ဟိုကောင်တွေကတော့ နောက်ကျပြီးမှ ကျောင်းရောက်လာမှာ သေချာပါသည်။ မနေ့က ဂစ်တာကိုယ်စီပိုက်ကာ အုပ်စုလိုက် ကားတစ်စီးဖြင့် သီချင်းလိုက်ဆိုကြသည် မဟုတ်ပါလား။ ညနေဘက် သူ့ကိုဖုန်းဆက်ခေါ်ပေမဲ့ မလိုက်ချင်သဖြင့် အိမ်မှာနေခဲ့ခြင်းဖြစ်သည်။ အရင်နှစ်တွေကတော့ ယခုလို ခရစ်စမတ်ပွဲတော်နားနီးလာလျှင် လင်းခက် မပါမဖြစ်။

ဘယ်လောက်ပဲဝေးဝေး ကားကို ကိုယ်တိုင်မောင်းကာ သူငယ်ချင်း အပေါင်းအသင်းတွေအိမ် သီချင်းလိုက်ဆိုနေကျ။ ယခုတော့ လူက ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်ကာနေသည်။ ကြီးမားသော စိတ်ဖိစီးမှုတစ်ခုက သူ့အား ကြီးစိုးထားသည် မဟုတ်ပါလား။

နာရီကိုငုံ့ကြည့်၍ တစ်ယောက်တည်း တိုးတိုးဆိုဖြစ်သည်။

"ဒီဇင်ဘာ (၂၀) တောင် ရောက်ပြီပဲ"

ခရစ်စမတ်နေ့ရောက်ရန် (၄)ရက်သာ လိုတော့သည်။ လင်းခက် အတွေးတစ်ခုကို ဆန့်ထုတ်ရင်း မျက်လုံးမှိတ်စင်းထားလိုက်ပါသည်။ လက်မှာတော့ ဖုန်းလေးကို ထုတ်ကာကိုင်ထားမိ၏။ မည်မျှကြာသွားသည် မသိလိုက်။

"ဒေါက် . . . ဒေါက် . . ."

တံခါးခေါက်သံကြောင့် မျက်လုံးဖွင့်ကြည့်လိုက်တော့ သီဟ။ Lock ဖွင့်ပေးလိုက်တော့ သီဟက တံခါးကိုဆွဲဖွင့်ကာ . . .

"ဟေ့ကောင် . . . အိပ်ပျော်နေတာလား"

"မဟုတ်ပါဘူး။ အပြင်မှာ နှင်းတွေဝေနေတာနဲ့ . . ."



သီဟကားထဲကို ဝင်ထိုင်ပြီးပြီးချင်း . . .

"ဒီနေ့ စောလှချည်လား"

လင်းခက်ပြန်မဖြေဘဲ လက်ထဲမှဖုန်းကိုသာ ထောင်ပြလိုက်သည်။ သဘောပေါက်သလို သီဟခေါင်းညိတ်ပြသည်ကို တွေ့ရ၏။

"သီဟ . . . မင်းညက သီချင်းဆိုလိုက်သွားတယ် မဟုတ်ဘူးလား"

"လိုက်တယ်လေ . . . ဘာဖြစ်လို့လဲ"

"မသိဘူး။ မင်းတို့တွေ အိပ်ရေးပျက်ပြီး နောက်ကျမှ ရောက်လာမယ်ထင်နေတာ"

"အိပ်ရေးတော့ ပျက်တယ်ကွ။ ဒါပေမဲ့ မင်းကိစ္စကို စိတ်ဝင်စားတာနဲ့ အစောကြီးထလာတာ။ ဟိုကောင်တွေကတော့ အိပ်တုန်းပဲ ရှိလိမ့်ဦးမယ်။ ဒါနဲ့ ဘယ်အချိန်ချိန်းထားတာလဲ"

"သူ ကျောင်းထဲရောက်ရင် ဆက်မယ်လို့တော့ ပြောတာပဲ"

သီဟ သဘောပေါက်သလို ခေါင်းညိတ်ပါ၏။ အပြင်မှာ နှင်းတွေ ကျဲပါးစပြုနေပြီ။

"လာကွာ . . . ဗိုက်ဆာတယ်၊ တစ်ခုခုသွားစားရအောင်"

ဒီလိုနှင့် သူတို့နှစ်ယောက် ကန်တင်းတွေဘက် ထွက်ခဲ့သည်။ စားသောက်ပြီးတော့ အတန်းချိန်နီးပြီမို့ စာသင်ဆောင်များရှိရာဆီသို့ ထွက်ခဲ့ကြပါ၏။ သို့ပေမဲ့ နေ့တစ်ဝက်ကျိုးသည့်တိုင်အောင် စောင့်နေသောဖုန်းက ရောက်မလာပါ။

"ဟေ့ကောင် . . . ဘယ်လိုလဲ"

လည်ပင်းတရှည်ရှည်ဖြင့် သီဟကမေးတော့ . . .

"တစ်ခုခုတော့ လွဲနေပြီကွ။ ဘာလို့ အခုထိ မလာသေးတာလဲ"

"မင်းကို တမင်များ နောက်လိုက်တာလား။ မနေ့က ဝင်ထားတဲ့ record ရှိသေးတယ်မလား။ လှမ်းဆက်ကြည့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပျက်လက်ပျက် ခေါင်းယမ်းမိလိုက်ပါသည်။

"မနေ့ညနေကတည်းက ငါဆက်ပြီးပြီ။ ဆက်သွယ်ရေးဖုန်းကြီး" ကိစ္စက ပြတ်လေပြီ။ ဆက်စောင့်ရုံမှတစ်ပါး သူတို့အတွက် လုပ်စရာမရှိတော့။ ဒါပေမဲ့ သူတို့ ကံကောင်းခဲ့ပါသည်။ နေ့တစ်ဝက် ကျိုးပြီး မိနစ်အနည်းငယ် စွန်းသွားပြီးစဉ်မှာ တစ်မျှော်တစ်ခေါ်စောင့် နေသောဖုန်းလေးက အော်မြည်လာ၏။

လင်းခက် ကပျာကယာပင် ဖုန်းထူးလိုက်တော့ . . .

"ကျွန်မရောက်နေပြီ"

"ဟာ . . . ဘယ် . . . ဘယ်မှာလဲမသိဘူး"

ဝမ်းသာလုံးပဲဆို့သွားသလို အပျော်တွေပဲ ခလုတ်တိုက်သွား သလို စကားတို့ထစ်သွားစဉ် . . .

"E - မေဂျာ . . . တတိယနှစ်အခန်းထဲမှာ"

မကြာလိုက်။ ပြေးထွက်သွားသော ခြေသံနှစ်ခုကို ဆူဆူညံညံ ကြားလိုက်ရလေသည်။



# XIV

E - မေဂျာ အခန်းရှေ့ရောက်ရောက်ချင်း လင်းခက် ဖုန်းထုတ် ဆက်လိုက်ပါသည်။ ဖုန်းကို နားတွင်ကပ်ကာ အခန်းတွင်းသို့လည်း ကြည့် နေမိသည်။ ဖုန်းမှာ ချက်ချင်းဝင်သွားသည်ကြောင့် . . .

"အစ်မရေ . . . ကျွန်တော် အခန်းရှေ့ကို ရောက်နေပြီခင်ဗျာ။ ဘယ်မှာလဲမသိဘူး"

နောက်ပိုင်းခုံတန်းတစ်ခုဆီမှ မတ်တပ်ထရပ်လိုက်သော မိန်း ကလေးတစ်ယောက်ကို တွေ့ရသည်။ ထိုမိန်းကလေးမှပင် . . .

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ရှင့်ကို တွေ့နေရပြီ။ ကျွန်မ ထွက်လာခဲ့မယ်"

အခန်းတွင်းမှ ထိုမိန်းကလေးနှင့်အတူ နောက်ထပ် မိန်းကလေး တစ်ဦးပါ ထွက်လာတော့ လင်းခက် ခပ်သွက်သွက်လှမ်းသွားလိုက်သည်။ အနားရောက်ရောက်ချင်း . . .

"ကျွန်တော့်နာမည် လင်းခက်ပါ။ သတင်းစာမှာ ကြော်ငြာထား တာ ကျွန်တော်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ . . . ။ ကျွန်မနာမည် မေဖူးငုံလို့ခေါ်ပါတယ်။ ကိစ္စရှိနေလို့ နောက်ကျပြီးမှ ဖုန်းခေါ်မိတဲ့အတွက် ခွင့်လွှတ်ပါ"

"ဟာ . . . ရပါတယ် . . . ရပါတယ် . . . မဟုတ်တာဘဲ။ အခုလို ကျောင်းထိရောက်အောင် တကူးတကလာပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"

လင်းခက်စကားကြောင့် မိန်းကလေးက အားမှသူငယ်ချင်းဖြစ်ဟန်တူသူကို ကြည့်၏။

"အင် . . . တကူးတကရယ်လို့လည်း မဟုတ်ပါဘူး။ ဒီကျောင်းကိုလာဖို့လည်း ကျွန်မမှာ ကိစ္စတစ်ခုရှိနေလို့ပါ။ ကျွန်မက နည်းပြဆရာမလေ"

"ဪ . . ."

အခုမှပဲ ခြေဆုံးခေါင်းဆုံး ကြည့်မိ၏။ ဟုတ်ပေသည်။ အသက်အရွယ်က သိပ်မကွာဆိုပေမဲ့ လင်းခက်ထက် သုံးလေးနှစ်တော့ ကြီးနိုင်သည်။ မြန်မာဆန်ဆန် အဝတ်အစားကို ရိုးရိုးယဉ်ယဉ်ဝတ်ထားပြီး မျက်မှန်ပါးတစ်လက်ပါ တပ်ထားသည်မို့ ကြည့်ရတာ ကျက်သရေရှိနေသည်။

"ဪ . . . ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ။ ကျေးဇူးပါ တီချယ်"

တီချယ်မမ မပွင့်တပွင့် ပြုံးလိုက်ပါသည်။

"ရပါတယ် . . . တီချယ်လို့ ခေါ်စရာမလိုပါဘူး။ ကျွန်မက ဒီကျောင်းကမှ မဟုတ်တာဘဲ"

ဘယ်လိုပဲဖြစ်ဖြစ် လင်းခက်နှင့်သီဟတို့ ကျိုးကျိုးနွံနွံ ပြုံးပြဖြစ်ကြသည်။ အသက်ကြီးကြီးငယ်ငယ် ဆရာက ဆရာပင်မဟုတ်ပါလား။ ထိုခဏမှာပင် . . .

"ဒါနဲ့ ရှင်ကြော်ငြာထားတဲ့ ငါးရာတန်နှစ်ရွက်ထဲမှာ . . . ဆဈ - ၇၁၄၂၁၂၈ ဆိုတဲ့ ပိုက်ဆံ ပါပါတယ်နော်"



"ပါပါတယ် . . .။ ဆဈ - ၇၁၄၂၁၂၈ ပါတယ်။ တီချယ့်မှာရှိနေတာ အဲ့ဒီပိုက်ဆံလား"

"ဟုတ်တယ်"

ဟုဆိုကာ အိတ်ကိုဖွင့်သည်။ ပြီးတော့ လက်တွင်းမှာ ငါးရာတန်လေးတစ်ရွက် ပါလာ၏။ အပေါ်ဆုံးထပ်ပေမို့ လေဖွဲ့ဖွဲ့တိုက်နေရာ ငါးရာတန်လေးက လက်ထဲမှာတလွင့်လွင့်။ လင်းခက် အသက်ပင်မရှူရဲ။

တီချယ်မမက ချက်ချင်းမပေးသေးဘဲ ပိုက်ဆံပါ ဂဏန်းတို့ကို အသံထွက် ဖတ်နေသေးသည်။

"ဆဈ - ၇၁၄၂၁၂၈ . . . ဟုတ်တယ် . . . ရော . . ."

အပေါ်ဆုံးထပ်ပေမို့ လေက သွက်သွက်ခါခါ တိုက်ခတ်နေသည်။ အနီရောင်လက်သည်းနှစ်ခုကြားမှ ငါးရာတန်လေးတစ်ရွက်မှာ လေကိုအန်တုရင်း ယူဆောင်သူကို စောင့်မျှော်နေစိုက် . . .

လင်းခက် အလျင်အမြန်ဆွဲယူကာ ပါရှိသောဂဏန်းတို့အား အမောတကော ဖတ်ကြည့်လိုက်တော့ . . .

ရင်တစ်ခုလုံးက အတိုင်းအဆမရှိ ပေါ့ပါးလွတ်မြောက်သွားပါပြီ။ 'ဟေး' ဟု ထမအော်ရုံတမယ် ဝမ်းသာစိတ်တို့ဖြင့် မွှန်ထူသွားစဉ် . . .

"ပြစမ်း . . ."

ဆွဲယူလိုက်သော သီဟ၏လက်တစ်ဖက်။ လျှက်မောပျော်ရွှင်မှုတို့ဖြင့် လွှတ်လွှတ်ကျွတ်ကျွတ် လွှတ်ပေးလိုက်သော သူ့လက်။ မပြောမဆို ဖြိုးဖြိုးဖျန်းဖျန်း တိုက်ခတ်လာသောလေ။ ပိုက်ဆံလေးက ဟိုမရောက် ဒီမရောက်။ ဟိုလူ့လက်မကျ၊ ဒီလူ့လက်မကျ။

ထိုသို့သောအခြေအနေတွေ အမှတ်မထင် ပေါင်းစုသွားစဉ်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . ."

"ဟော့တော့ . . ."

"ဘုရားရေ . . ."

'ဟူး'ခနဲပင့်တင်လိုက်သည့် လေအဟုန်ကြောင့် ပိုက်ဆံလေးက နှစ်ယောက်လက်ကြားမှလွတ်ကာ တလူလူ လွင့်သွားသည်။

"ဟာ . . ."

"ဟော့ကောင် . . . ဘယ်လို . . ."

အံ့သြမှု၊ ကြောင်ငေးမှု၊ မထင်မှတ်မှုများစွာနဲ့ မျက်နှာပေါင်းစုံက တစ်ခဏတာ ကြောင်အမ်းသွားသည်။ ငါးရာတန်လေးတစ်ရွက်ကတော့ အဆောင်အပေါ်ဆုံးထပ်ဆီမှ တလူလူ လွင့်ကာလွင့်ကာနှင့် . . .

ပထမလေခေါ်ဆောင်ရာနောက်။ ဒုတိယ ဝရန်တာ၏အပြင်။ တတိယ တရစ်ဝဲဝဲလှည့်လည်ကာ သစ်ပင်တစ်ပင်၏ထိပ်ဖျား။ စတုတ္ထ သစ်ပင်ထိပ်ဖျားမှ မထိတထိ ချွတ်ချော်ကျကာ ကမ္ဘာမြေကြီး၏ နေရာတစ်ခုဆီသို့ . . .

မည်သူမျှ စကားမပြောနိုင်ကြတော့ပါ။ လင်းခက် ရင်ထဲမှာ နဂါးခုနစ်ကောင်လောက် ဝင်ကသွားပြီ။ သီဟာကို ကြည့်မိတော့လည်း ကျောက်ရုပ်တစ်ခုတမျှ။ မေဖူးငုံတို့နှစ်ယောက်လည်း တဒင်္ဂဖြစ်ပျက်မှုကိုကြည့်ကာ ကြောင်ငေးနှုတ်ဆိတ်လို့ . . .

ဘာလုပ်သင့်သည်ဆိုတာ ချက်ချင်း သဘောပေါက်လိုက်ပါသည်။ ထို့ကြောင့် . . .

"သီဟ . . . အဲဒီပိုက်ဆံကို သေချာကြည့်ထား။ ငါအခုပဲ ဆင်းယူမယ်"

သွက်သွက်ခါခါပြောပြီး ပြေးထွက်ဖို့ ဟန်ပြင်လိုက်စဉ်မှာပဲ ..

"ဟိုကောင်လေး . . . မယူနဲ့။ အဲဒါ ငါတို့ပိုက်ဆံ"

သီဟာ၏ အော်သံကျယ်ကြီးကြောင့် ပြေးအံ့ဆဲဆဲခြေလှမ်းကို ရပ်ကာ လှည့်ပြန်လှည့်ကြည့်လိုက်တော့ . . .



"ဟာ . . . ဟော့ကောင် . . . မလုပ်နဲ့ . . . မလုပ်နဲ့။ အဲဒါ ငါ့ပိုက်ဆံ"

သွားလေပြီ။ ရေသန့်ဘူးရောင်းသော ခေါင်းတုံးပြောင်ပြောင် ကောင်လေးမှာ ဆတ်ခနဲ ထိုပိုက်ဆံကိုကောက်ယူရင်း ခပ်သွက်သွက် လစ်လေတော့သည်။

"ဟာ . . . ဟော့ကောင် . . . ရပ် . . . အခုရပ်စမ်း။ ဟော့ကောင် . . ."

လိပ်ခေါင်းထွက်မတတ် လင်းခက် ကုန်းအော်လိုက်သော်လည်း တကယ်လက်တွေ့မှာက . . .

ရင်ခွင်က ဒုတိယအကြိမ် ဟာဆင်းသွားသည်။ ဒီတစ်ခေါက် ထိချက်က ဒူးများပင် ညွှတ်ကျသွားရလောက်အောင် ပြင်းထန်ပါ၏။

ထိုစဉ်မှာပဲ အောင်မြင်ခန့်ညားသော သီဟာ၏ အသံတုန်တုန်ကြီး ထွက်လာသည်။

"မပူနဲ့ဟော့ကောင် . . . အဲဒီကောင်လေးရှိတတ်မယ့်နေရာကို ငါသိတယ်"

ရေလွတ်၊ မီးလွတ် တစ်နှစ်လောက်အဓိဋ္ဌာန်ဝင်ထားရသလို သေလုသေခင်မျက်နှာနဲ့ ပြောသူ သီဟာကို အသက်အောင့်ကြည့်မိတော့ . .

"ကြာပါတယ်ကွာ။ လာ . . . အခုပဲ လိုက်ကြမယ်"

www.burmeseclassic.com

## XV

ဖယ်ရီတစ်ကွင်းလုံးလည်း နံ့နေပါပြီ။ အခုအချိန်ထိ ပိုက်ဆံမ,သွားသူ ကောင်လေးနှင့်တူတာ မတွေ့သေး။ လင်းခက်တစ်ကိုယ်လုံးချွေးပျံနေသလို သီဟလည်း မျော့မျော့သာကျန်တော့သည်။ ဒါပေမဲ့ သူ့အပြစ်နဲ့သူမို့ ပေါဟဲဆိုက်နေတာတောင် မလျှော့သေး။

"မဟုတ်ဘူးကွ . . .။ အရင်နေ့တွေဆို အဲဒီကောင်လေး ဒီဖယ်ရီကွင်းထဲမှာပဲ ရှိတယ်။ ညနေပြန်ခါနီးဆို ဖယ်ရီတွေပေါ် ရေသန့်ဘူးတက်ရောင်းနေကျ"

"ဟုတ်လို့လားကွာ . . .။ ဖယ်ရီတစ်ကွင်းလုံးလည်း နံ့နေပြီ။ တစ်ကျောင်းလုံးလည်း ရှာစရာမြေမရှိတော့ဘူး။ အဲဒီကောင်လေးကို မင်းတကယ်သိတာရော ဟုတ်လို့လား"

သီဟက နဖူးမှချွေးကိုသုတ်ကာ . . .

"မင်းကို လိမ်ပါ့မလားကွ။ ငါ နေ့တိုင်း ဖယ်ရီစီးနေတာ သိတာပေါ့"



လင်းခက် စိတ်ပျက်ပျက်နှင့်သာ ခေါင်းယမ်းမိပါသည်။ ထိုစဉ်မှာပဲ အိပ်မှုန်စုံမွှားပုံစံဖြင့် ခန့်မော်နှင့်စိုင်းပြည့်တို့ရောက်လာကာ . . .

"ဟေ့ကောင်တွေ . . . တစ်နေကုန် ဘယ်လျှောက်သွားနေတာလဲ။ ရှာလိုက်ရတာကွ"

ယခုမှပင် အိပ်ရာမှနိုးလာသလို 'ဝါး' ခနဲ တစ်ချက်သမ်းကာ ခန့်မော်ကမေးတော့ . . .

"ခန့်မော် . . . မင်း . . . ဟိုရေသန့်ဘူးရောင်းတဲ့ ခေါင်းတုံးလေးကို သိလား"

ဘာမျှမဆိုင်သည့်မေးခွန်းမို့ ခန့်မော်အူတူတူဖြင့် သီဟကိုကြည့်ပြီး . . .

"ဘယ်က ခေါင်းတုံးလေးလဲ"

"ဟိုကွာ . . . ညနေဘက် ငါတို့ဖယ်ရီပေါ် ရေသန့်ဘူးတက်တက်ရောင်းတဲ့ ခေါင်းတုံးလေး"

ခန့်မော်အနည်းငယ် စဉ်းစား၍ . . .

"ဪ . . . ဒီကောင်အဖေခေါ်နိုင်းတဲ့ ခေါင်းတုံးလေးကိုပြောတာလား"

စိုင်းပြည့်ကို လက်ညှိုးထိုးကာပြောတော့ . . .

"အေး . . . ဟုတ်တယ် . . . ဟုတ်တယ်။ အဲဒီ ခေါင်းတုံးလေး"

စိုင်းပြည့်အကျင့်တစ်ခုပါပဲ။ ကျောင်းမှာ မုန့်လိုက်ရောင်းသောကလေးတိုင်းသည် မုန့်ရောင်းရုံတင်မဟုတ်။ သောက်ပြီးသား ရေသန့်ဘူးခွံများကိုလည်း လိုက်တောင်းတတ်သည်။ စိုင်းပြည့်အကျင့်တစ်ခုကသူ့ဆီမှ ရေသန့်ဘူးခွံလာတောင်းသော ကလေးတိုင်းလို 'အဖေ'ဟု အခေါ်တစ်ရာပြည့်အောင် ခေါ်ခိုင်းသည်။ ခိုင်းသည့်အတိုင်း 'အဖေ'ဟု သူ့ကိုအခါတစ်ရာခေါ်ပါမှ ရေသန့်ဘူးခွံပေးခြင်းဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . တွေ့တယ်လေ။ ခုနတောင် ငါတို့အိပ်နေတဲ့နား ရောက်လာလို့ ဒီကောင် အဖေလုပ်လိုက်သေးတယ်"

"ဟင် . . . ဟုတ်လား။ ဘယ်နားမှာလဲ"

"ငါတို့ဖယ်ရီပေါ်မှာ"

သီဟမျက်လုံးများ သိမ်းငှက်တစ်ကောင်၏ အကြည့်လိုမျိုး ဖယ်ရီတစ်ကွင်းလုံးပေါ် ဝဲသွား၏။

"ဘယ်မှာလဲ . . . ငါတို့ဖယ်ရီ"

"ဒီမှာနေပူလို့ ဟိုဘက်လမ်းပေါ်မှာ ထိုးထားတယ်"

"အဲဒီကိုသွားမယ်"

အလျှင်စလိုပင် သီဟ ရှေ့ကထွက်သွားတော့ နောက်ကလိုက်ရပြန်ပါ၏။ ရေးကြီးသုတ်ပြာနိုင်လွန်းသော သူတို့ပုံစံများကိုကြည့်၍ ခန့်မော်က . . .

"ဘာတွေလဲကွ . . . ငါတို့ကိုလည်း ပြောဦး"

"အေး . . . ဟုတ်တယ်။ ဘာတွေ ဖြစ်ကြတာလဲ"

မပြောလို့လည်း မဖြစ်သည်မို့ လမ်းလျှောက်နေရင်းမှပင် လင်းခက် ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။

နားထောင်ပြီးတော့ ခန့်မော်နှင့် စိုင်းပြည့်တို့နှစ်ယောက်လည်း မရိုးမရွဖြစ်သွားကြ၏။ သီဟကတော့ မျက်နှာကြီးမည်းကာ ရှေ့သို့ပင် ခပ်သွက်သွက်သွားနေပါသည်။

ဖယ်ရီရှေ့ရောက်တော့ ကားပေါ်တက်ကြည့်ကြသည်။ အကဲ ပိုနေသော စုံတွဲနှစ်တွဲမှလွဲ၍ ခေါင်းတုံးနှင့်တူတာမရှိ။ ခန့်မော်က အနီး နားမှာရှိနေသော ဈေးသည်ကောင်လေးတစ်ယောက်ကို လှမ်းမေးသည်။

"ဟေ့ကောင် . . . ခုန ဒီနားမှာ ရေသန့်ဘူးရောင်းနေတဲ့ ခေါင်းတုံးလေးကို တွေ့သေးလား"

"တွေ့တယ်လေ . . .။ ဟိုဆိုင်ထဲမှာ ရေသန့်ဘူးလဲနေတယ်"

အကုန်လုံးက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြကာ



ညွှန်ပြသောဆိုင်ထဲသို့ သွားရန်ပြင်စဉ်မှာပဲ သူတို့ရှာနေသော ခေါင်းတုံးလေးမှာ ဆိုင်ထဲမှထွက်လာပါ၏။ သီဟက အသံကျယ်ကြီးဖြင့် . . .

"ဟေ့ကောင် . . . ဒီကိုလာဦး"

ရေသန့်ဘူးယူမည်ထင်ကာ ခေါင်းတုံးလေးက အားရဝမ်းသာ ပြေးလာပြီး . . .

"အစ်ကိုကြီး . . . ဘယ်နှဘူးလဲ"

ဘယ်နှဘူးမှမဟုတ်ဘူး။ ဒီကိုလာခဲ့"

သီဟက ပြောပြောဆိုဆို ခေါင်းတုံးလေးနားပြေးသွားပြီး ကုပ်ကို ဖမ်းဆွဲသည်။ ကလေးမှာ ဘာမှန်းညာမှန်းမသိ၊ ထိတ်လန့်ကာ သီဟကို မျက်လုံးပြူးကြည့်တော့ . . .

"မင်း . . . နေ့လယ်က ဟိုဘက်အဆောင်ရှေ့မှာ ကျနေတဲ့ ငါးရာတန်တစ်ရွက် ကောက်သွားတယ်မလား"

"မ . . . မကောက်ပါဘူး . . ."

"ဟေ့ကောင် . . . မင်းမလိမ်နဲ့။ ငါ မင်းကို သေချာမြင်တယ်။ ပြောစမ်း . . . အခု အဲဒီပိုက်ဆံ ဘယ်မှာလဲ"

လင်းခက် စုတ်တစ်ချက်သပ်၍ သီဟကိုဖယ်ထုတ်ကာ . . .

"အစ်ကိုကြီးတို့က ညီလေးကို ဘာမှမလုပ်ဘူး။ ညီလေးကောက်သွားတဲ့ ပိုက်ဆံကိုလည်း အလကားပြန်မတောင်းဘူး။ ရော့ . . .ဒါညီ အတွက် မုန့်ဖိုး။ နေ့လယ်ကကောက်သွားတဲ့ ငါးရာတန် အစ်ကိုကြီးတို့ ကို ပြန်ပေးနော်။ လိုမှာတယ်"

လင်းခက်လက်ထဲမှ ပိုက်ဆံတစ်ထောင်ကိုကြည့်ကာ ကောင်လေး ကြက်သေ သေနေသည်။ ဘာပြောလို့ပြောရမှန်းမသိလည်း ဖြစ်နေပုံရ၏။

"လိမ်မှာပါတယ်ကွာ . . . ညီလေးကို အစ်ကိုကြီးတို့ တကယ် ဘာမှမလုပ်ဘူး။ အစ်ကိုကြီးပိုက်ဆံ ပြန်ပေးနော်"

"သားမှာ မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . ."

လင်းခက် အလန့်တကြားပင် ကောင်လေးကိုကြည့်မိတော့ . .

"အစ်ကိုကြီးတို့လိုပဲ ကျွန်တော်ကောက်ရတဲ့ပိုက်ဆံကို အစ်ကိုကြီးတစ်ယောက် လာယူသွားတယ်"

"ဘာ . . ."

"ဒီမှာ . . . သားကိုတောင် မုန့်ဖိုးနှစ်ထောင် ပေးသွားသေးတယ်"

ကောင်လေးက ဘောင်းဘီနောက်အိတ်အတွင်းမှ ထောင်တန်အသစ်လေးနှစ်ရွက်အား ထုတ်ပြတော့ . . .

"ဘာ . . . ဘာဖြစ်တယ်။ ငါတို့လိုပဲ မင်းဆီကပိုက်ဆံကို လူတစ်ယောက် လာယူသွားတယ်။ ဟုတ်လား . . ."

"ဟုတ်တယ် . . ."

"ဘယ်သူလဲ"

"သားလည်းမသိဘူး။ ဒီမှာကျောင်းတက်နေတဲ့ အစ်ကိုကြီးတစ်ယောက်ပဲ"

သွားလေပြီ . . . ။ သူတို့ အပင်ပန်းခံမှုတွေအကုန်လုံး ရေစုန်မျောသွားခဲ့ပြီ။ ဒါပေမဲ့ စိတ်ထဲမှာတော့ အတွေးတစ်စက မွှေနှောက်နေရာယူသွား၏။ အဲဒါက . . .

"ပိုက်ဆံယူသွားတာ ဘယ်သူဖြစ်မလဲ"

နောက်တစ်ခုက . . .

နွေးနွေးအတွက် တတိယမြောက်ပိုက်ဆံ သူရှာမပေးနိုင်တော့ဘူးလား။



# XVI

တစ်ညလုံး စဉ်းစားတာပင် အဖြေမထွက်သည့်မို့ တစ်ခေါင်းလုံး နောက်ကျိရှုပ်ထွေးနေသည်။ ပိုက်ဆံယူသွားတာ ဘယ်သူဖြစ်နိုင်မလဲ။ ကိုနိုင်ဝင်းလား။

ဟုတ်ဟန်တော့မတူ။ ခေါင်းတုံးလေးကတော့ ဒီကျောင်းကကျောင်းသားတစ်ယောက်ဟု ပြောသည်။ ဒါဆို ဘယ်သူဖြစ်နိုင်မလဲ။ နွေးနွေးကို စိတ်ဝင်စားနေသူတစ်ယောက်လား။ နွေးနွေးကို စိတ်ဝင်စားသူဆိုလျှင် ပိုက်ဆံကိစ္စ မည်သို့သိနေသနည်း။ အေးနှယ်တို့၊ ဝင့်ဝါတို့ဆီကလား။ ဒါမှမဟုတ် နွေးနွေးဆီကပဲလား။ ကိုနိုင်ဝင်းသိထားတာမှန်ပေမဲ့ ကိုနိုင်ဝင်းလိုလူက ဒီလိုကိစ္စမျိုးကို နောက်တစ်ယောက်ပေးမသိတန်ရာ။

သီဟတို့အုပ်စုကို မေးကြည့်ပေမဲ့ ထိုကိစ္စကို မည်သူမျှပြောပြထားခဲ့ဟု ဆိုကြသည်။ ပြီးတော့ အခုအတောအတွင်း နွေးနွေးကို စိတ်ဝင်စားသူတွေလည်း တဖွဲဖွဲများပြားလာတာကို သတိထားမိသည်။ ဖြစ်နိုင်ချေကတော့ နွေးနွေးကို စိတ်ဝင်စားသူတွေထဲက တစ်ယောက်ယောက်သာ ဖြစ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကိစ္စကို ဘာမျှမသိဘဲ သတင်းစာဖတ်မိ၍ သိထားသူဆိုလျှင်လည်း သူ့ကို သေချာပေါက် ဆက်သွယ်ရပေလိမ့်မည်။ အခုထိတော့ ဆက်သွယ်မလာသေး။ သူ့ဆီမရောက်ဘဲ နွေးနွေးဆီကိုများ ထိုပိုက်ဆံ ရောက်နေပြီလား။

စိတ်ညစ်ညစ်နှင့် ကျောင်းရောက်လာစဉ်မှာပဲ နောက်ထပ်စိတ်ညစ်စရာတစ်ခုကို ထပ်ကြုံရပါ၏။

"လင်းခက် . . . မင်းကို ဆရာမလာမှာသွားတယ်။ ရောက်ရင် ပါမောက္ခရုံးခန်းကို လာခဲ့ပါတဲ့"

လင်းခက် ပျာသွားသည်။ ပြောသူကျောင်းသားကိုကြည့်ကာ ထစ်ထစ်ငေါ့ငေါ့ဖြင့် . . .

"ဘာ . . . ဘာဖြစ်လို့လဲ"

"မသိဘူး . . . ။ ဇေယျကိုလည်း ခေါ်သွားတယ်"

လင်းခက် မျက်မှောင်ကုပ်မိသွားပါသည်။ ဇေယျကိုပါ ခေါ်သွားတယ်ဆိုတော့ ဟိုတစ်နေ့က ဇေယျပြောသွားတဲ့ကိစ္စလား။ ဟုတ်မဟုတ်မသိပေမဲ့ ချအုံ့ဆဲဆဲကျောပိုးအိတ်ကို ပြန်လွယ်ရင်း ရုံးခန်းဘက် ထွက်ခဲ့လိုက်သည်။

ရောက်သွားတော့ ဇေယျပင်မဟုတ် ကျောင်းသားနောက်တစ်ယောက်နှင့် ကျောင်းသူနှစ်ယောက်ကိုပါ ထပ်တွေ့ရသည်။

"မောင်လင်းခက် . . . လာ . . . မင်းကို စောင့်နေတာ".

ပါမောက္ခစကားကြောင့် လွတ်နေသော ဇေယျဘေးထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။ ပါမောက္ခကတော့ စားပွဲတစ်ဖက်မှနေ၍ ငြိမ်သက်မှုတစ်ခုကို စောင့်နေပါသည်။ လင်းခက်ထိုင်ပြီး၍ ငြိမ်သက်သွားကာမှ ပါမောက္ခစကားကိုစသည်။

"မင်းတို့ငါးယောက်ကို အခုလိုခေါ်တွေ့ရတဲ့ အကြောင်းက နောက်လထဲမှာ ပြည်ပတက္ကသိုလ်တစ်ခုက လေ့လာရေးအဖွဲ့တစ်ဖွဲ့ တို့ဆီကို အလည်အပတ်သဘောမျိုး လာလိမ့်မယ်။ ရည်ရွယ်ချက်ကတော့ ပုဂံကို သွားလေ့လာဖို့။ အဲဒီအတွက် တို့တွေက လိုက်ပို့ပေးရမယ်။

လိုက်ပို့ဖို့ လူရွေးကြည့်တော့ ရှေးဟောင်းယဉ်ကျေးမှု၊ ပုဂံသမိုင်းအကြောင်းနဲ့ပတ်သက်လို့ အသင့်တော်ဆုံးက တို့မေဂျာလို့ ကျောင်းအုပ်ကြီးက သတ်မှတ်တယ်။ တို့မေဂျာကပဲ ဦးဆောင်ပြီးလိုက်ပို့ပေးရမယ်ပေါ့။ အဲဒီအတွက် မင်းတို့ကိုခေါ်တွေ့တာ"

ဆက်မပြောသေးပေမဲ့ နားထောင်သူအားလုံး သဘောပေါက်သလိုတော့ ရှိသွားကြသည်။

"ငါတို့ဆရာအဖွဲ့နဲ့အတူ ပုဂံကိုလိုက်ခဲ့ဖို့ မင်းတို့ငါးယောက်ကို ရွေးထားတယ်။ မင်းတို့လုပ်ရမယ့်တာဝန်က ပုဂံဘုရားတွေရဲ့ သမိုင်းကြောင်း၊ ပုဂံမြို့ရဲ့ရာဇဝင်ကို ရှင်းပြပေးဖို့ပဲ"

ပါမောက္ခစကားကို ရပ်လိုက်တော့ အခန်းတစ်ခုလုံးက အပ်ကျသံမကြားရလောက်အောင် တိတ်ဆိတ်သွားသည်။ ရင်ထဲမှာလည်း ကိုယ်စီကိုယ်စီ နွေးသွားကြ၏။ လင်းခက်အတွက်ကတော့ ကံဆိုးမှုတစ်ခုပါပဲ။ ဒါပေမဲ့ . . .

"အခက်အခဲရှိလို့ မလိုက်နိုင်ဘူးဆိုရင် ငါ့ကို ကိုယ်တိုင်လာပြောနိုင်တယ်။ ဟုတ်ပြီလား . . ."

ထိုစကားကြားရတော့ အနည်းငယ် စိတ်သက်သာရာရသွား၏။ ပြောစရာစကားလည်း မရှိတော့ပြီမို့ ကိုယ်စီကိုယ်စီ မတ်တတ်ထရပ်လိုက်ကြပါသည်။ ပြီး ပါမောက္ခကို အရိုအသေပေးကာ ထွက်သွားဖို့ဟန်ပြင်လိုက်ကြစဉ်မှာပဲ . . .

"ခဏနေကြဦး . . . ။ ဘယ်သူရယ်လို့တော့ ငါမပြောဘူး။ မင်းတို့ငါးယောက်အုပ်စုအတွက် ခေါင်းဆောင်တစ်ယောက်ကို အားလုံးပြီး ရွေးထားကြ"

စကားဆုံးတော့ ပါမောက္ခမျက်လုံးတွေက သူ့ဆီရောက်လာပါသည်။ ပြီးတော့ ဇေယျ . . . ။





www.burmeseclassic.com

www.burmeseclassic.com

ကျန်သုံးယောက်မျက်လုံးတွေကလည်း တိုင်ပင်မထားဘဲ သူတို့နှစ်ယောက်ဆီမှာ . . .

ထိုင်ခုံမှထ၍ ရုံးခန်းတွင်းမှ နေးကွေးစွာ လင်းခက်ထွက်လာခဲ့သည်။ ကျန်လူတွေကတော့ ပျောင်ရွှင်နေမည်ထင်ပါသည်။ သူ့အတွက်မှာတော့ . . .

အပြင်ရောက်စဉ်မှာပဲ တံခါးဘေးတွင် ရပ်စောင့်နေသော တစ်စုံတစ်ယောက်ကို တွေ့လိုက်ရ၏။ ဖေယျက တံခါးပေါင်ကို မှီနေရာမှ ကိုယ်ကို မတ်တတ်ရပ်ကာ . . .

"လင်းခက် . . . ငါတို့ တစ်ရက်လောက်တွေ့ကြမှနဲ့တူတယ်"

စကားကို ချက်ချင်းမတုံ့ပြန်ဖြစ်ပါ။ အဝေးတစ်နေရာကို ခပ်ကြာကြာ ငေးပြီးသွားတော့မှ . . .

"အေးလေ . . . တွေ့ကြတာပေါ့"

❖ ❖ ❖



# XVII

ဝယ်ထားသောပစ္စည်းကို လက်တစ်ဖက်မှဆွဲကာ ပြန်အမ်းငွေကိုယူ၍ နိုင်ဝင်း ဆိုင်ထဲမှထွက်လာခဲ့သည်။ ကားပေါ်ရောက်တော့ သွားစရာကိစ္စတစ်ခုရှိသေးသည်မို့ အဆင်ပြေရာလမ်းကြောင်းပေါ် ကားကိုဦးတည်မောင်းနှင်ခဲ့ပါသည်။

သိပ်မကြာလိုက်။ မီးနီတွေ့၍ ရပ်ပေးထားရစဉ် . . .

"အစ်ကိုကြီး . . . ပန်းယူဦးမလား"

ဖိတ်ခေါ်သံတစ်ခုနှင့်အတူ စံပယ်ပန်းကုံးများ လက်မှာဆွဲထားသည့် ကောင်လေးတစ်ယောက် ကားနားကပ်လာသည်။ အတွင်းကိုစောင်း ငုံ့ကြည့်မိတော့ အရင်ချိတ်ဆွဲထားသောပန်းတွေမှာ ခြောက်သွေ့ကြွေကျနေပြီမို့ . . .

"အေး . . . ပေး . . . တစ်တွဲဘယ်လောက်လဲ"

"တစ်ရာပါ အစ်ကိုကြီး"

"နှစ်တွဲပေး . . ."

ပြောလည်းပြော၊ ဒက်ရှ်ဘုတ်ပေါ်တင်ထားသည့် ခုနဆိုင်မှ ပြန်အမ်းငွေနှစ်ရာကိုယူကာ ပန်းသည်ကောင်လေးကို ထိုးပေးလိုက်သည်။ စံပယ်ပန်းတွဲအား ချိတ်ဆွဲပြီးစဉ်မှာပဲ မီးပွိုင့်မှာ စိမ်းသွားပြီမို့ ကားကိုမောင်းထွက်ခဲ့လိုက်ပါ၏။ မီးပွိုင့်ကိုကျော်လာ၍ ခပ်ဝေးဝေးရောက်သွားပြီးစဉ်၌ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . ."

ရင်တစ်ချက် "ဒိန်း" ခနဲခုန်သွားကာ ခြေထောက်က ဘရိတ်နင်းမိမလို ဖြစ်သွား၏။ ဒါပေမဲ့ ချက်ချင်းသတိဝင်သွားသည်မို့ နင်းအုံ့ဆဲဆဲခြေထောက်ကိုထိန်းကာ နောက်ကားတွေ့ကို ကြည့်လိုက်သည်။ ကားတွေက နောက်မှာ တစ်စီးပြီးတစ်စီး ပါလာသည်။ ဘေးမှလည်း တဝီဝီ ဖြတ်ကျော်သွားနေကြသည်။ ဘာလုပ်ရမလဲ . . .။

ချက်ချင်း အရှိန်လျှော့လိုက်သည်မို့ နောက်ကားတွေ ဒုက္ခရောက်နိုင်ပေမဲ့ မတတ်နိုင်တော့။ နောက်ကြည့်မှန်မှကြည့်ရင်း အခွင့်အရေးရသည်နှင့် နိုင်ဝင်း ကားကို ချိုးကွေ့ပစ်လိုက်သည်။

ဟွန်းသံ၊ ဆဲသံတွေ ဆူညံထွက်သွားပေမဲ့ ကိစ္စမရှိပါ။ ကားကို လမ်းဘေးကပ်ရပ်ပြီးပြီးချင်းမှာပဲ ကားပေါ်မှဆင်းကာ နောက်ကြောင်းကို တစ်ချိုးတည်းပြေးရတော့၏။ One Way လမ်းမို့ကားကို ခေါင်းလှည့်ပြီး မောင်းသွားလို့မရပါ။ ထို့ကြောင့် ပြေးမှသာ အဆင်ပြေပေမည်။

မျက်စိထဲမှာ ဘာမှမမြင်တော့။ မြင်နေသည်က နှစ်ရာတန်လေး တစ်ရွက်။ သူပန်းဝယ်လိုက်သော နှစ်ရာတန်လေးတစ်ရွက်၊ ရှင်းအောင်ပြောရပါက ခုနဈေးဆိုင်မှ ပြန်အမ်းလိုက်သော နှစ်ရာတန်လေးတစ်ရွက်။

ငါးရာတန်၊ နှစ်ရာတန်မြင်တိုင်း သတိထားကြည့်မိနေကျဖြစ်နေပြီမို့ နှစ်ရာတန်လေးကို ဖြန့်ကာပေးလိုက်တော့ မျက်စိက ပိုက်ဆံပါဂဏန်းကို ရင်းနှီးသလိုလိုတော့ ဖြစ်မိသည်။ ဒါပေမဲ့ ချက်ချင်းသတိမရ။ ပေါ့ပေါ့ပါးပါးပင် ကားမောင်းထွက်ခဲ့၍ မီးပွိုင့်ကျော်မှ သတိရလိုက်ခြင်းဖြစ်သည်။

သူ့အမောတကောရှာနေသော ပိုက်ဆံတွေထဲမှ တစ်ရွက်ပါပဲ။ မျက်လုံးမှာ ပြန်ဖော်ကြည့်တော့ သေချာသည်။ ချက်ချင်းသတိမရမိခဲ့သော ကိုယ့်ကိုကိုယ်ပင် အကြီးအကျယ်အပြစ်တင်ကာ မီးပွိုင့်ကို ဖြတ်ပြေးလိုက်သည်။ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိပေမဲ့ ခုန စံပယ်ပန်းရောင်းသော ကောင်လေးကို မတွေ့ရ။



သို့ပေမဲ့ ခပ်လှမ်းလှမ်းမှာတော့ ကားမှတ်တစ်ခုကို လှမ်းမြင်မိသည်။ သေချာမပြောနိုင်ပေမဲ့ ဟိုကောင်လေး အဲဒီမှတ်တိုင်မှာ ရှိလောက်မှာပါ။ အမောတကောဖြင့် ရောက်သွားတော့ မှတ်တိုင်မှာ ရှိနေသူတွေက သူ့ကို ဝိုင်းကြည့်ကုန်၏။

မျက်လုံးတို့ပြာဝေကာ ဟပ်ထိုးလဲလုလု ခန္ဓာကိုယ်အား အနိုင်နိုင်ထိန်းရင်း အသက်ရှူမှန်အောင် အရင်ကြိုးစားလိုက်ရသည်။ ပြီးတော့မှ မှတ်တိုင်ပတ်ဝန်းကျင်ကို ရှာဖွေကြည့်မိ၏၊ သူ့ ကံကောင်းပါသည်။

"ညီလေး . . . ညီလေး . . ."

မောဟိုက်သော သူ့ခေါ်သံကြောင့် ကောင်လေးက လှည့်ကြည့်သည်။

"အစ်ကို ခုနပန်းဝယ်လိုက်တဲ့ ပိုက်ဆံနှစ်ရာရော . . ."

ကြောင်စီစီကြည့်နေရာမှ မှတ်မိသွားသလို သူ့ကိုခြေဆုံးခေါင်းဆုံးကြည့်ကာ . . .

"မရှိတော့ဘူးလေ . . . ကျွန်တော် ဟိုကောင်မလေးဆီမှာ ကွမ်းဝယ်စားလိုက်ပြီ"

ပြောပြီး ကွမ်းတံတွေးကို ဖျစ်ခနဲထွေးထုတ်လိုက်တော့ နိုင်ဝင်းမျက်လုံးတို့ ကွမ်းယာသည်ကုလားမလေးဆီ ရောက်သွားရတော့၏။

"ညီမလေး . . ."

စကားတောင် ဆုံးအောင်မပြောလိုက်ရပါ။

"မရှိတော့ဘူး . . .။ ခုနကားပေါ်က ကွမ်းယာဝယ်လို့ အမ်းလိုက်တဲ့ပိုက်ဆံထဲမှာ ပါသွားပြီ"

"ဟာ . . ."

ထိပ်တည့်တည့်ကို မိုးကြိုးပစ်ချတာပင်ခံလို့ ကောင်းဦးမည်ထင်သည်။ လူက ရူးသွပ်သွပ်ပင်ဖြစ်သွားရပေမဲ့ . . .

"ဘယ် . . . ဘယ်ကားလဲ။ ကားနံပါတ် ဘယ်လောက်လဲ၊ ဝယ်သွားတဲ့လူကို သိလား"



www.burmeseclassic.com

www.burmeseclassic.com

ကုလားမလေးက ချက်ချင်းပင် ယာဉ်လိုင်းတစ်ခု၏နာမည်ကို ရွတ်ပြပါ၏။ သူမသိ။ ဒါပေမဲ့ သေချာတော့ မှတ်ထားလိုက်သည်။

"နံပါတ်က ၉ ခ/ . . . ၊ ဦးအေးရွှေမောင်းတဲ့ကား။ ကွမ်းယာဝယ်သွားတာလည်း ဦးအေးရွှေပဲ"

ကားသမားနဲ့ မှတ်တိုင်ဈေးသည်သိတာ မဆန်းပေမဲ့ သူ့အတွက်ကတော့ သမုဒ္ဒရာဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းပါ။ ဒါပေမဲ့ အားလျှော့လို့မဖြစ်။ အလျှင်အမြန်ပင် ကားသွားမည့်လမ်းကြောင်းကို မေးလိုက်တော့ ပန်းသည်ကောင်လေးက အကျယ်တဝင့်ပြောပြ၏။

ဒီလောက်ဆို ရပေပြီ။ လိုက်ရန်သာရှိတော့သည်။

"ဒီကထွက်သွားတာ တော်တော်ကြာပြီလား"

"သိပ်တော့မကြာသေးပါဘူး။ ဒါပေမဲ့ တော်တော်ဝေးသွားလောက်ပြီ"

လှည့်ထွက်လို့ ခြေငါးလှမ်းပင် မတွေ့လိုက် . . .

"ကျွိ . . ."

ဘေးသို့ ထိုးရပ်လိုက်သော ကားတစ်စီး၏ ဘရိတ်နင်းသံနှင့်အတူ . . .

"ကိုနိုင်ဝင်း . . . ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်နေတာလဲ။ ချွေးတွေလည်း ရွှဲလို့"

အမှတ်မထင်တွေ့သည်မို့ လင်းခက်ကားကိုရပ်ကာ သဘောရိုးနဲ့ မေးလိုက်ခြင်းဖြစ်သည်။ ဒါပေမဲ့ . . .

"ကားပေါ် နှစ်ရာတန်ပါသွားလို့ကွာ။ အဲဒါ လိုက် . . ."

စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်ကာသွား၏။ ပြီး လင်းခက်ကိုကြည့်ကာ အထိတ်တလန့်နဲ့ မျက်လုံးကြီးပြူးသွားပြီး . . .

"ဘာမှမဟုတ်ဘူး . . . ဘာမှမဟုတ်ဘူး။ သူငယ်ချင်းတွေ့လိုလာနှုတ်ဆက်တာ"

ပြောပြောပြီးချင်းမှာပင် ပြေးထွက်သွားလေတော့သည်။ ကြောင်



ကာကျန်နေသူက လင်းခက်။ ခပ်ဝေးဝေးကတည်းက တွေ့နေတာပါ။ ကိုနိုင်ဝင်းတစ်ယောက် ကွမ်းယာသည် ကုလားမလေးနှင့် ပန်းသည်ကောင်လေးတို့နဲ့သာ စကားပြောနေခြင်းဖြစ်သည်။ သူတို့တွေက ကိုနိုင်ဝင်း၏သူငယ်ချင်းတော့ မဖြစ်နိုင်ပါ။ ပြီးတော့ နှစ်ရာတန် . . .

အနည်းငယ် သဘောပေါက်သလိုတော့ ဖြစ်မိသည်။ ထို့ကြောင့် ကားပေါ်မှဆင်း၍ ကွမ်းယာသည်ကုလားမလေးနား တိုးသွားလိုက်ကာ။

"ညီမလေး . . . ခုနအစ်ကိုကြီး ဘာလာပြောသွားတာလဲ"

ခပ်တည်တည်မော့ကြည့်သည်ကြောင့် အေးစက်သော ဆက်ဆံရေးကို ပူနွေးရန် လင်းခက် ကြိုးစားလိုက်သည်။

"ရော့ . . .ဒါ ညီမလေးအတွက် မုန့်ဖိုး . . ."

ကုလားမလေးကို မုန့်ဖိုးပေးလိုက်ခြင်းဖြစ်ပေမဲ့ . . .

"အမှန်က ကျွန်တော့်ဆီက ပန်းအရင်ဝယ်တာ။ သူဝယ်တဲ့ ပိုက်ဆံနှစ်ရာကို ကျွန်တော်က ကွမ်းဝယ်စားလိုက်တယ်။ ကျွန်တော် ကွမ်းဝယ်စားတဲ့ပိုက်ဆံကိုပဲ မူလာက ကားသမားတစ်ယောက်ကို အမ်းလိုက်တာ။ အဲဒါတွေအားလုံးပြီးသွားမှ ခုနအစ်ကိုကြီး ရောက်လာပြီး သူပန်းဝယ်လိုက်တဲ့ ပိုက်ဆံနှစ်ရာကို လာရှာတာပဲ"

စကားဆုံးသွားသည့်နောက်မှာ လင်းခက်အားလုံးကို သဘောပေါက်လိုက်ပါသည်။ ကိုနိုင်ဝင်းလို သူဌေးသားက ဒီလောက်ပိုက်ဆံနှစ်ရာကို ချွေးဒီးဒီးကျအောင် ဘာကြောင့်လာရှာသနည်း။ အဖြေက တစ်ခုပဲရှိသည်မို့ . . .

"ရော့ . . . ညီလေး . . . မုန့်ဖိုး"

နောက် ကွမ်းယာသည်လေးဘက်လှည့်ကာ . . .

"ညီမလေး . . . ပိုက်ဆံအမ်းလိုက်တဲ့ကားကိုရော မှတ်မိသလား"

"မှတ်မိတယ်"

ဟုဆိုကာ ကားလိုင်းတစ်ခု၏နာမည်ကို ရွတ်ပြတော့ လင်းခက်ရင်ထဲတွင် ထိတ်ခနဲတစ်ချက်ဖြစ်သွားသည်။ ပြီးတော့ ကားနံပါတ်၊ နောက်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးကားမောင်းသူ နာမည်ကိုပါ ကြားလိုက်ရပြီးသည့်နောက်မှာတော့ ...

"ညီမလေးဆီက ကွမ်းယာဝယ်သွားတာ ကားဒရိုင်ဘာ ဦးအေးရွှေဆိုတာ သေချာတယ်နော်"

"သေချာတယ် အစ်ကိုကြီး"

မထင်မှတ်ရလောက်အောင် ကံကောင်းခြင်းတစ်ခုပါပဲ။ ဒါမှမဟုတ် 'ကံကောင်းပါစေ' ဟူသော ပိုက်ဆံတစ်ရွက်၏အစွမ်းကြောင့် ဖြစ်ပေလိမ့်မည်။ ထိုကားကို သေချာသိနေသည်။ ကားကိုပင်မဟုတ်၊ ကားမောင်းသူကိုပါ ရင်းရင်းနှီးနှီးသိနေပါ၏။

ထိုကားမှာ သူတို့ကျောင်းမှ ဖယ်ရီအကြီးအပို့ကားကြီး။ ကျောင်းဆင်းဖယ်ရီပို့ရင်းနှင့် တိုက်ဆိုင်သွားခြင်း ဖြစ်ရပေမည်။ ကျောင်းဖယ်ရီဖြစ်သည့်အတွက် မှတ်တိုင်တွေမှာ ခရီးသည် အတင်အချမရှိ။ ဒါဆို ပိုက်ဆံအရှုပ်အရှင်းလည်း မရှိနိုင်တော့။

လင်းခက် ချက်ချင်းပင် ဖုန်းနံပါတ်အချို့ကို ကောက်နှိပ်လိုက်သည်။ အနေခင့်အယှက်ကင်းစွာနဲ့ ဖုန်းမှာဝင်သွား၏။

ပြီးတော့ 'ဟဲလို' ဟူသော ဆွဲဆောင်မှုရှိသည့် လူငယ်တစ်ယောက်၏ဖုန်းထူးသံကို ကြားရသည်။

ထို့နောက်မှာတော့ . . .

အဲဒီနောက်မှာတော့ . . .

လင်းခက် အိတ်တွင်းမှ ကံကောင်းခြင်းပိုက်ဆံကို ထုတ်ကာ တရှိုက်မတ်မတ် နမ်းမိပါတော့သည်။

"ကံတရားကြီးရယ် .. ဒီတစ်ခါလည်း ကံကောင်းခွင့်ပေးပါဦး"

ယခုပိုက်ဆံက နွေးနွေးအတွက် သူ၏တတိယမြောက် ပိုက်ဆံ ဖြစ်လာမှာလား။

ဒါမှမဟုတ် . . .

စတုတ္ထမြောက်ရာတွေ့မှ ဖြစ်မှာလား . . .။



# XVIII

"လင်းခက်ဆိုတာလား မသိဘူး"

ခပ်မာမာကြားလိုက်ရသော မိန်းမအသံကြောင့် လင်းခက်ကြောင်သွားသည်။

"ဟုတ်ပါတယ်။ ဘာကိစ္စရှိလို့လဲမသိဘူး"

"ကိစ္စကတော့ ရှင်အရမ်းလိုချင်နေတဲ့ ပိုက်ဆံတစ်ရွက် ဒီနေ့ညနေက ကျွန်မဆီရောက်လာတဲ့ ကိစ္စပါပဲ"

"ဗျာ . . ."

"ဟုတ်တယ်။ သတင်းစာမှာကြော်ငြာထားတဲ့ နံပါတ်အပြည့်အစုံပါတဲ့ ငါးရာတန်တစ်ရွက်ဆိုပါတော့"

လင်းခက်ရင်တွင်းမှာ ဝမ်းသာစိတ်နဲ့ ဦးနှောက်သတိပေးမှုတစ်ခုလည်း ဖြစ်သွားသည်။

"အစကတော့ သူတစ်ပါးအခက်အခဲကို အေးအေးချမ်းချမ်း ကူညီမလို့ပါပဲ။ ဒါပေမဲ့ သတင်းစာမှာပါတဲ့ ဖုန်းနံပါတ်က ရှင်ဆိုတာကို သိပြီးသွားတဲ့နောက်မှာ ကျွန်မစိတ်ကူးတွေ ပျက်သွားပြီ"

လင်းခက် ဖျင်းခနဲ တစ်ချက်ဖြစ်သည်ရ၏။

"ဘာလဲဟ . . . ဘလိုင်းကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲမှာဖြစ်သွားရပေမဲ့ တကယ့်တကယ်တော့ လင်းခက် အတတ်နိုင်ဆုံး ချိုသာပေးလိုက်ပါသည်။

"ခင်ဗျားက ဘယ်သူလဲမသိပါဘူး။ ပြီးတော့ အခု ခင်ဗျားပြောတဲ့စကားတွေကိုလည်း ကျွန်တော် သိပ်နားမလည်သလိုဘဲ"

"ကျွန်မဘယ်သူဆိုတာ အချိန်တန်ရင် ရှင်သိမှာပါ။ ကျွန်မကို သိပြီးသွားရင်တော့ ကျွန်မပြောတဲ့စကားတွေကိုလည်း နားလည်လာပါလိမ့်မယ်"

လင်းခက် မျက်မှောင်ကုပ်မိသွား၏။ ဒီမိန်းကလေး ဘယ်သူလဲ။ ဘာကြောင့် လေသံဒီလောက် မာနေရတာလဲ။ သူမပြောပုံက သူနဲ့ပဲ တစ်ချိန်က ရန်ညိုးရန်စ ရှိခဲ့ဖူးသူလိုလို။

"ဒါဆို မင်းက ငါ့ကိုသိနေတယ်ပေါ့"

"အသေအချာကိုသိနေတာ"

"ကျောင်းကပဲလား"

"ဟုတ်တယ်"

လင်းခက် သက်ပြင်းကိုချ၍ ဒုတိယအကြိမ်မြောက် ချိုသာကြည့်လိုက်ပါသည်။

"အဆင်ပြေတာပေါ့ကွာ။ ဒါဆို မနက်ဖြန် ကျောင်းမှာတွေ့ကြတာပေါ့"

"အဲလောက်မလွယ်တော့ဘူး။ ကျွန်မဆီကပိုက်ဆံကို ရှင်တကယ်လိုချင်တယ်ဆိုရင် ခက်ခက်ခဲခဲ ကြိုးစားရလိမ့်မယ်"

"ဘာကြောင့်လဲ"

"ရှင်က လင်းခက်ဖြစ်နေလို့"

လင်းခက် သည်းခံနိုင်မှုတို့ ယုတ်လျော့သွားခဲ့ပါပြီ။

"မင်းက ဘာလဲကွ။ ငါ့ကို အသားလွတ်ကြီး ရန်စနေတာလား"

"လွဲနေပြီ။ ရှင်လိုချင်တဲ့ပိုက်ဆံကို ခရစ်စမတ်လက်ဆောင်အဖြစ် ကျွန်မကပေးချင်တာ"



လင်းခက်စိတ်ထဲမှာ ပျစ်ပျစ်နစ်နစ် ဆဲရေးဖြစ်သည်။ ဘယ်လိုမိန်းမမျိုးနဲ့ လာတွေ့နေတာနည်း။

"ပေးချင်ရင် မင်းငါ့ကို သိနေတာပဲ လာပေးလိုက်ပေါ့။ ငါလည်း ထိုက်သင့်သလောက် ကျေးဇူးဆပ်မှာပါ"

"ကျွန်မလိုချင်တာ အဲဒါမဟုတ်ဘူး"

"ဒါဆိုဘာလဲ"

"ရှင် ကျွန်မခိုင်းတာကို လုပ်ရမယ်"

လင်းခက် ကျယ်ကျယ်လောင်လောင်ကို အော်ရယ်လိုက်မိပါသည်။ သူ၏ အားရပါးရအော်ရယ်မှုကြောင့် တစ်ဖက်မှ အသံတိတ်သွား၏။ ထင်မှတ်မထားသော တုံ့ပြန်မှုမို့ ကြောင်သွားသည်ထင်သည်။

"ရှင် ဘာရယ်တာလဲ"

အရယ်တစ်ဝက်နဲ့ပင် . . .

"မင်း တော်တော်ရယ်ရတာပဲကွ။ ငါက အကောင်းအောက်မေ့လို့ နားထောင်နေတာ။ မင်းခိုင်းတိုင်းလုပ်ရအောင် ငါက အရူးလား။ မင်းအစေအပါးလား"

"ရှင် ဘာလို့ အဲလိုပြောတာလဲ"

"ဟုတ်တယ်လေ။ မင်းဆီမှာ ပိုက်ဆံရှိမရှိမသိဘဲနဲ့ ငါက လုပ်စရာလား"

ထိုစကားကြောင့် တစ်ဖက်မှ အတန်ကြာ တိတ်ဆိတ်သွား၏။ ငြိမ်သက်မှုတို့ အချိန်တစ်ခုတိုင်အောင် အုပ်မိုးဖုံးလွှမ်းသွားပြီးကာမှ . .

"ကောင်းပြီလေ . . . ။ မနက်ဖြန် တွေ့ကြတာပေါ့"

ထိုစကားနှင့်အတူ ဆက်သွယ်မှုပါ တစ်ခါတည်း ဖြတ်တောက်လိုက်ပြီး ဖြစ်လေသည်။

တော်တော်ဆိုးရွားသည့် ညတစ်ညပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

# XIX

ဒီဇင်ဘာ၏ မနက်ခင်းလေတချို့က နှင်းမှုန်တို့နှင့်ရောကာ ဟိုဟို ဒီဒီ လွင့်ပါးနေကြသည်။ နေရောင်ထွက်ပေါ်လာပြီဖြစ်ပေမဲ့ မြူနှင်းတို့က သူ့အုပ်စုနှင့်သူ ရှိနေကြသေး၏။ နှင်းကျသိပ်သည်းသော မနက်ခင်းတစ်ခုပေမို့ နေရောင်ကို သူတို့တွေ့ရနိုင်သလောက် အန်တုနေကြသေးသည်။

ဒီဇင်ဘာပိုင်နက်ထဲမှ အအေးဓာတ်ပိုကဲသော မနက်ခင်းတစ်ခုဆိုလျှင် ပိုမှန်ပါလိမ့်မည်။ အနွေးအင်္ကျီ ကိုယ်စီဝတ်ထားကြပေမဲ့ ချမ်းစီးမှုကို လုံးလုံးလျားလျား ကာကွယ်မထားနိုင်ပါ။ ကျောင်းသားအချို့ကတော့ အလှူခံဖလားကိုယ်စီပိုက်ရင်း ကန်တင်းတကာ လှည့်နေကြသည်။

ကျောင်းမှာပြုလုပ်မဲ့ ခရစ်စမတ်ပွဲတော်အတွက် အလှူငွေကောက်ခံနေကြခြင်းပါ။ ခရစ်စမတ်ဘိုးဘိုးဝတ်စုံနှင့် ကတော့ချွန်ဦးထုပ်ဆောင်းထားသူက ခန့်မော်၊ သူ့နောက်မှာ အလှူခံဖလား ကိုင်ထားသူက စိုင်းပြည့်။



သီဟနှင့်လင်းခက်တော့ မပါချေ။ သီဟတစ်ယောက် ကျောင်းရောက်၊ မရောက်မသိပေမဲ့ လင်းခက်ကတော့ စောစီးစွာပင် ကျောင်းသို့ရောက်နေပါပြီ။ နောက်ပြီး စောစီးစွာပင် ခေါင်းပူခြင်းအမှုကို ပြုနေရပါ၏။

စားပွဲဝိုင်းတစ်ခု။ ထိုစားပွဲဝိုင်းပေါ်တွင် ပိုက်ဆံငါးရာတန်သုံးရွက်ကို အတန်းလိုက် ဖြန့်ခင်းထားပါ၏။ ပြီးတော့ စားပွဲဝိုင်းကို အလယ်တွင်ထားကာ ကျောင်းသားနှစ်ယောက်မျက်နှာချင်းဆိုင် ထိုင်နေသည်။ ပထမ တိတ်ဆိတ်လျက်ရှိနေရာမှ . . .

"ပထမဆုံးပြောချင်တာကတော့ မင်းကိုငါ တောင်းပန်တယ်ဆိုတာပဲ လင်းခက်"

ဇေယျစကားကြောင့် ကြောင်စီစီဖြစ်နေသော ဦးနှောက်က ပိုမိုခြောက်ကပ်သွားသည်။ ပြီး . . . စားပွဲပေါ်မှ ပိုက်ဆံသုံးရွက်ကိုကြည့်ကာ နားမလည်စွာနှင့် . . .

"ဘာကြောင့်လဲ။ နောက်ပြီး ဒါတွေကရော ဘာတွေလဲ"

ဇေယျက ချက်ချင်းမဖြေပါ။ မှောက်လျက်တင်ထားသော ပိုက်ဆံသုံးရွက်အား စူးစူးစိုက်စိုက်ကြည့်ပြီးကာမှ . . .

"ဘာကြောင့် တောင်းပန်ရလဲဆိုတော့ ခေါင်းတုံးလေးဆီက ပိုက်ဆံငါးရာ တောင်းသွားတဲ့လူက ငါဖြစ်နေလို့ပဲ"

ကြားလိုက်ရသောစကားကြောင့် ဘယ်လိုမှ ထင်မှတ်မထားစွာ ပြောစရာစကားတို့ မဲ့သွားလေသည်။ အံ့သြမှုများစွာနဲ့ ဇေယျအားကြည့်နေမိစဉ်မှာပဲ . . .

"မင်းဖုန်းနံပါတ်နဲ့ သတင်းစာကြော်ငြာကို တွေ့လိုက်ရတော့ ငါတော်တော် အံ့သြသွားတယ်။ မင်းလိုလူတစ်ယောက်က အဲဒီပိုက်ဆံလေးရွက်ကို သတင်းစာမှာ ထည့်ကြော်ငြာလောက်အောင်ထိ ဘာကြောင့် အရေးတကြီး လိုချင်ရတယ်ဆိုတာကိုလည်း သိချင်သွားတယ်။ ငါ အမှန်အတိုင်းပြောတာပါ။ မေးကြည့်ချင်ပေမဲ့ အခြေအနေမပေးခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ကံကောင်းချင်တော့ မင်းတို့ဖြစ်စဉ်ကို အစအဆုံးမြင်လိုက်တာပဲ။ အဆောင်ပေါ်က ငါးရာတန်တစ်ရွက် လွင့်ကျလာတာကိုရော၊ စိုးရိမ်တကြီး ပိုင်းကြည့်နေကြတဲ့ မင်းတို့မျက်နှာတွေကိုရော၊ ပိုက်ဆံကောက်သွားတဲ့ ကောင်လေးကိုရော အားလုံးမြင်လိုက်ရတယ်။ ဒါနဲ့ပဲ ကောင်လေးဆီက ငါ အားလုံး တောင်းယူထားလိုက်တာ"

ဇေယျ၏စကားရှည်ကြီးအား လင်းခက်ကြောင်အစွာပင် နားထောင်နေမိပါတော့သည်။

"ပထမကတော့ ငါသိချင်တာတွေမေးပြီး မင်းကို ပြန်ပေးမလို့ပဲ။ ဒါပေမဲ့ အခုတော့ မဟုတ်တော့ဘူး။ ဒီငါးရာတန်က ငါတို့နှစ်ယောက်ရဲ့ အဆုံးအဖြတ်တစ်ခုဖြစ်သွားပြီ"

"ဘာလဲ အဆုံးအဖြတ် . . ."

လင်းခက် နားမလည်စွာ မေးလိုက်တော့ . . .

"ပြီးရင် သိရမှာပါ။ အခုလောလောဆယ်က . . ."

ဇေယျစကားကို ခဏရပ်ပြီး စားပွဲပေါ်မှ ပိုက်ဆံသုံးရွက်ဆီ အကြည့်ပို့သည်။ လင်းခက်လည်း လိုက်ကြည့်မိတော့ . . .

"ဒီပိုက်ဆံသုံးရွက်ထဲမှာ မင်းလိုချင်တဲ့ ပိုက်ဆံတစ်ရွက်ရှိတယ်။ မင်းရွေးထုတ်လို့ ရမရက ငါတို့နှစ်ယောက်ရဲ့ အဆုံးအဖြတ်ပဲ"

" . . . . . . "

"ရော့ . . . မင်း ဒါကိုကြည့်ပြီး ရွေးထုတ်ရမှာ"

စကားနှင့်အတူ စာရွက်တစ်ရွက်စားပွဲပေါ် ရောက်လာ၏။ ထိုစာရွက်ကား . . .

| ကြာသပတေး | ဗုဒ္ဓဟူး | တနင်္ဂနွေ |
|---|---|---|
| 1 | 2 | 3 |



ဇေယျပေးသော စာရွက်ကိုကြည့်ကာ လင်းခက် ကြောင်နေစဉ်မှာပင် . . .

"ရေးထားတဲ့ဂဏန်းတွေက ဒီပိုက်ဆံသုံးရွက်ကို ကိုယ်စားပြုထားတာပဲ။ အဲဒီထဲက နံပါတ်စဉ်အတိုင်းပဲ ဒီပိုက်ဆံသုံးရွက်ကို စီချထားတာ"

ထို့နောက်မှာတော့ ဇေယျဘက်က စကားသံမဲ့သွား၏။ မင်းအပိုင်းရောက်ပြီဆိုတဲ့ သဘော။ စီချထားသော ပိုက်ဆံသုံးရွက်အား ကြည့်နေရင်းမှ လင်းခက်ခေါင်းထဲတွင် ဂဏန်းအချို့ပေါ်လာသည်။ အဲဒါက ယခုရွေးယူရမည့် ပိုက်ဆံနံပါတ်။

ပထမဆုံး မမေဖူးငုံ့ရရှိခဲ့သော ပိုက်ဆံမို့ ဇေယျဆီမှ ပိုက်ဆံမှာ မည်သည့်နံပါတ်ဖြစ်ကြောင်း လင်းခက်သိနေသည်။

ဆဈ – ၇၁၄၂၁၂၈

ဒီဂဏန်းတွေနဲ့များ ပတ်သက်နေမလား။ ပိုက်ဆံသုံးရွက်ကို စီချပြီး နေ့နာမ်တပ်ထားတယ်ဆိုတာကရော ဘာအဓိပ္ပာယ်နည်း။ လင်းခက်တွေးရပါပြီ။ ဒီဂဏန်းနှင့် ချင်းထားသော ပိုက်ဆံသုံးရွက်က ဘယ်လိုဆက်စပ်နိုင်မလဲ။

ဂဏန်းတစ်လုံးချင်းစီကို လေ့လာကြည့်မိသည်။ ထူးခြားမှုမတွေ့။ လင်းခက် စာအုပ်တစ်အုပ်ထုတ်ကာ ပိုက်ဆံပါဂဏန်းတို့ကို ဒေါင်လိုက်ချကြည့်လိုက်ပြန်သည်။ ဆက်စပ်မှုတစ်ခုခုကို ရှာမတွေ့ပါ။

စာရွက်မှ နေ့နာမ်တို့ကို ကြည့်ကာ စဉ်းစားနေမိပြန်သည်။ ကြာသပတေးဆိုတာ – ၅၊ ဗုဒ္ဓဟူးက – ၄၊ တနင်္ဂနွေ – ၁။

ဘာမှုမဆိုင်ပါချေ။ ဒါပေမဲ့ . . .

"ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com

ဂဏန်းကို နှစ်လုံးစီတွဲကာ ဒေါင်လိုက်ချမ်လိုက်စဉ်မှာပင် ထူးခြားမှုတစ်ခုကို စတင်တွေ့ရှိသွားခဲ့ပြီ။ အတန်ကြာစဉ်းစား၍ သေချာမှုရှိမရှိ မှန်းဖွင့်ကြည့်လိုက်ပါ၏။

ဖုန်း Screen ပေါ်မှာ ယခုလ၏ပြက္ခဒိန်လေးတစ်ခု ပေါ်လာသည်။ ကပျာကယာ ဂဏန်းချင်း၊ နေရာချင်းတိုက်ကြည့်လိုက်တော့ . .

ဟုတ်ပြီ။ ဇေယျ ဘာကိုဆိုလိုတယ်ဆိုတာ သဘောပေါက်သွားခဲ့ပါပြီ။ ပြီးတော့ နောက်တစ်လ။ ဒီလမှာလည်း မေးခွန်းနှင့် ထပ်တူကျနေသေးသည်။ တတိယလမှာ လွဲချော်နေ၏။ ထို့ကြောင့် နောက်ကို နှစ်လဆုတ်ကာ ပြန်သွားလိုက်တော့ . . .

လင်းခက် ပြုံးမိလိုက်ပါသည်။ နောက် ဇေယျရှိရာသို့ မျက်လုံးလှန်ကြည့်ကာ . . .

"နံပါတ် 3"

ဇေယျဆီမှ မဲ့ပြုံးတစ်ခုလိုလိုကို တွေ့လိုက်ရသည်။

"ဘယ်လိုရခဲ့တာလဲ"

"ပိုက်ဆံရဲ့ ဂဏန်းတွေပေါ်က ရခဲ့တာပါ။ ဒီပိုက်ဆံ လေထဲ လွင့်မသွားခင်က ပိုက်ဆံရဲ့နံပါတ်ကို ငါကြည့်ထားလိုက်ရတယ်။ အဲဒါကြောင့် ငါဆက်စပ်နိုင်ခဲ့တာပဲ။ ဒီလို . . ."

ခုနချရေးထားသော စာအုပ်ကို ဇေယျရှေ့သို့ ချပြလိုက်သည်။

7

14

21

28

"ဒါ ထူးခြားကိန်းစဉ်တစ်ခုပေါ့။ ဘယ်ခုနှစ်၊ ဘယ်လမှာပဲ ဖြစ်ဖြစ်၊ ဒီကိန်းစဉ်က နေ့ရက်တစ်ခုတည်းအောက်မှာပဲ ရှိနေတယ်။ ငါ ခုန မှန်းဖွင့်တာ ပြက္ခဒိန်ကြည့်တာပဲ။ ပြက္ခဒိန်ရဲ့ ဘယ်လမှာမဆို နေ့ရက်တစ်ခုတည်းအောက်မှာ ဒီကိန်းစဉ်က ဒီပုံစံအတိုင်းပဲ။ အခု (8)လပိုင်းဆိုတော့ ဒီကိန်းစဉ်က တနင်္ဂနွေနေ့အောက်မှာ၊ (9) လပိုင်းရောက်ရင် ဗုဒ္ဓဟူးနေ့အောက်။ ပြီးခဲ့တဲ့ (7) လပိုင်းတုန်းက ကြာသပတေး။

အဲလိုဆိုတော့ ဆက်စပ်လို့ရသွားပြီလေ။ အခုက (8)လပိုင်း၊ (8)လပိုင်းမှာ ဒီကိန်းစဉ်က တနင်္ဂနွေအောက်မှာ။ မင်းက နံပါတ် (3) ကို တနင်္ဂနွေလို တပ်ပေးထားတော့ ငါလိုချင်တဲ့ ပိုက်ဆံက နံပါတ် (3) ဖြစ်ပြီပေါ့"

စကားဆုံးတော့ ဇေယျ လင်းခက်မျက်နှာကိုကြည့်ပြီး အတန်ကြာ ငြိမ်သက်သွားသည်။ ဇေယျမျက်လုံးထဲမှာက အံ့သြမှုလိုလို၊ အထင်ကြီးမှုလိုလို၊ ပြီးတော့မှ လက်တစ်ဖက်အား ရှေ့တိုးပေးရင်း . . .

"မင်း တကယ်တော်တယ် လင်းခက်။ ငါ နောက်ဆုတ်ပေးပါတယ်။ ပုဂံခရီးစဉ်မှာ မင်းပဲ ခေါင်းဆောင်လုပ်လိုက်ပါ။ ငါပြောတဲ့ ကိုနှစ်ယောက်ရဲ့ အဆုံးအဖြတ်ဆိုတာ ဒါပဲ"

ဇေယျစကားကိုကြားတော့ လင်းခက် အတန်ကြာ ဆိတ်ငြိမ်သွားသည်။ နောက်မှ ခေါင်းကို ခပ်ဖြည်းဖြည်းယမ်းရင်း . . .

"မင်းမှားနေပြီ"

"ဘာကြောင့်လဲ"

"ပုဂံခရီးစဉ်ကို ငါလိုက်ဖြစ်မှာမဟုတ်ဘူး"

"ဟင် . . ."

ဆက်ပြောမည့် ဇေယျစကားကို လင်းခက် လက်ကာရင်း . . .

"ဘာကြောင့်လဲလို့ ထပ်မမေးပါနဲ့။ ငါ့ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကြောင့်ပါ။ အဲတော့ ပုဂံခရီးစဉ်အတွက် ခေါင်းဆောင်က အရင်ကတည်းက မင်းပါပဲ"

ဇေယျ နှုတ်ဆိတ်နေသည်ကြောင့် လင်းခက်ပင် စကားဆက်လိုက်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ မင်းကို ငါ တကယ်ကျေးဇူးတင်ပါတယ်။ ယောဒိ ပိုက်ဆံငါးရာက မင်းပေးတဲ့ ငါ့အတွက် အကောင်းဆုံး ခရစ်စမတ်လက်ဆောင်ပါပဲ။ Merry Christmas ပါ သူငယ်ချင်း"

စကားဆုံးတော့ လင်းခက် ပိုက်ဆံကိုယူကာ ထထွက်လိုက်ပါတော့သည်။ ရင်ထဲမှာ ပျော်ရွှင်မှုလှိုင်းတွေ တရိပ်ရိပ်ပြေးလို့။

မပျက်မကွက် တာဝန်တစ်ခုကိုလည်း ချက်ချင်းထမ်းဆောင်လိုက်၏။ အဲဒါက ကံကောင်းခြင်းပိုက်ဆံလေးကို ထုတ်နမ်းလိုက်တာပါ။

ဆိုင်မှထွက်လို့ ခြေငါးလှမ်းပင်မပြည့်လိုက် . . .

"လင်းခက်ဆိုတာ ညီလေးလား"

ဘယ်သူမှန်းမသိ။ ဦးလေးကြီးတစ်ယောက်က လာမေးသည်ကြောင့် . . .

"ဟုတ်ပါတယ် . . . ကျွန်တော် လင်းခက်ပါ"

"ရော့ . . . ကျောင်းသူတစ်ယောက်က ပေးခိုင်းလို့"

လက်ထဲသို့ စာရွက်ခေါက်တစ်ခုကိုထည့်ရင်း ဦးလေးကြီးလှည့်ထွက်သွားလေသည်။ လင်းခက် ကြောင်တောင်တောင်ဖြင့် ဖွင့်ကြည့်လိုက်တော့ . . .

"ဟာ . . ."

"တီတီ . . . တီတီ . . . တီတီ"

လက်ကိုင်ဖုန်းမှာ တစ်မဟုတ်ချင်း ထမြည်လာသည်။ ညကမြင်ဖူးထားသော နံပါတ်ပါပဲ။

"ဟယ်လို . . ."

"ဘယ်လိုလဲ . . . အခုလောက်ဆို ကျွန်မဆီမှာ ရှင်လိုချင်တဲ့ ပိုက်ဆံ ရှိမရှိ ယုံလောက်ပြီထင်တာပဲ"

ညကကြားဖူးထားသော အသံတစ်ခုဖြစ်ပေမဲ့ လင်းခက် မတုံ့ပြန်နိုင်ပါ။



"ပိုက်ဆံမူရင်းကို ရှင်တကယ်လိုချင်တယ်ဆိုရင်တော့ မနက်ဖြန်မနက်ကိုးနာရီ ဒီဖုန်းကို ဆက်လိုက်ပါ"

ဒါပါပဲ။ ဆက်သွယ်မှုတို့ ပြတ်တောက်သွားသည်။

စက္ကူဖြူလေးတစ်ရွက်ကို ကိုင်ကာ ကြောင်ငေးသွားသူက လင်းခက်။

ပဒ - ၆၂၁၇၀၁၁

အက္ခရာဂဏန်းအားလုံး ကွက်တိတူနေသည်။ မတူတာတစ်ခုပဲရှိသည်။ အဲဒါက အစစ်မဟုတ်သည့် မိတ္တူပိုက်ဆံလေး။

* * *



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေက ဝိုင်းပြောကြသည်။

"လင်းခက် . . . မင်းနွေးနွေးကို ဖွင့်ပြောဖို့ကောင်းပြီနော် "

"အခုချိန်မှာ ငါဖွင့်ပြောရင် ဒီပုတ်ထဲက ဒီပဲပဲဖြစ်သွားမှာပေါ့"

"ဘာကြောင့်လဲ . . ."

"လောလောဆယ် နွေးနွေးကို စိတ်ဝင်စားနေသူတွေအားလုံးက 'ချစ်သူခင်သူပေါပါစေ' ဆိုတဲ့ ဖလားထဲက ပိုက်ဆံကြောင့်လေ။ ငါ အဲလို အဖြစ်မခံနိုင်ဘူး။ ငါချစ်တာ အဲဒါကြောင့်မဟုတ်ဘူး"

"ဒါဆို မင်းဘယ်တော့မှ ဖွင့်ပြောမှာလဲ"

"နှစ်ထောင့်လေးရာ ပြည့်သွားတဲ့နေ့"

✻ ✻ ✻



## XX

ဖုန်းကိုင်ထားသော လက်တို့ မဆိုစလောက်လေး တုန်ရီနေပါ၏။ ဘေးမှာထိုင်နေသူ သူငယ်ချင်းသုံးယောက်မှာလည်း ရင်တထိတ်ထိတ်ဖြစ်နေကြသည်။ Aircon ဖွင့်ထားပေမဲ့ လေးယောက်လုံး ချွေးပျံ့နေပါသည်။

(9:00) ထိုးနေပါပြီ။

လက်ချောင်းတွေရဲ့ နောက်ဆုံးလှုပ်ရှားမှုအောက်မှာ ဖုန်းလေးသည်ကား . . .

အသံရှည်နှစ်ချက် ဆွဲသွားသည်။ ပြီးတော့ ဖုန်းထူးသံမဟုတ်သည့် အသံတစ်ခုကိုပါ တစ်ဆက်တည်း ကြားလိုက်ရ၏။

"ရှင် ဖုန်းဆက်သားပဲ။ ဒါဆိုရင်တော့ ကျွန်မဆီက ပိုက်ဆံကို ရှင်တကယ်လိုချင်တယ်ဆိုတာ ယုံလိုက်ပြီ"

"ဟုတ်ပါတယ်။ ကျွန်တော် တကယ်လိုချင်တာပါ"

"ကောင်းပြီလေ . . . ။ လိုချင်တယ်ဆိုရင်တော့ ဟိုတစ်နေ့က ပြောထားတဲ့စကားအတိုင်းပဲပေါ့။ ရှင် ကျွန်မခိုင်းတာလုပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဘာလုပ်ရမှာလဲ"

"ယောကျ်ားလေးတစ်ယောက်အတွက် ဂုဏ်သိက္ခာကျလောက်မယ့် အလုပ်မျိုးတော့ မဟုတ်ပါဘူး။ ရှင့်ဦးနှောက်ကို နည်းနည်း အလုပ်ပေးချင်ရုံသက်သက်ပါ"

လင်းခက် ပထမဆုံးအကြိမ် မျက်မှောက်ကြုတ်မိသွား၏။

"ရှင်က စစ်ဘုရင်ချန်ပီယံလေ။ အဲတော့ ရှင်လိုလူမျိုးရဲ့ ဦးနှောက်က ဘယ်လိုလဲဆိုတာ ကျွန်မသိချင်လို့"

လင်းခက် 'ဟက်'ခနဲ ရယ်မိသွားပါသည်။ ပွဲလေးက သူထင်သလောက် ခက်ခဲမည့်ပွဲမျိုး ဟုတ်မည်မထင်တော့။

"အဟင်း . . . ခင်ဗျားစကားနဲ့တင် စိတ်ဝင်စားသွားပြီ။ အဆင်ပြေလောက်တယ်။ ကျွန်တော် သဘောကျပါတယ်"

Speakerဖွင့်ထားသည်မို့ နောက်ခန်းမှ သုံးကောင်လုံး အနားတိုးလာကြသည်။ လင်းခက်နည်းတူ သူတို့လည်း ရန်စနစ်နေကြပြီထင်သည်။

"ကြိုက်သွားပြီ . . . ။ ဒါဆို စလိုက်ကြရအောင်"

တစ်ဖက်မှ စကားသံရပ်သွားတော့ ထပ်ထွက်လာမည့်စကားအတွက် လင်းခက် အာရုံစိုက်ထားမိသည်။

"သေချာနားထောင်ပါ။ ရှင် စာရွက်သုံးရွက်နဲ့ အဆင့်သုံးဆင့် လုပ်ရလိမ့်မယ်"

မျက်မှောင်က ကြုတ်သည်ဆိုတာထက် မှေးကျဉ်းသွားပြီး . .

"ခင်ဗျားဟာက ဘာကြီးလဲ။ နားမလည်ဘူး"

"အခုလောလောဆယ်တော့ နားလည်မှာမဟုတ်ဘူး။ ဒါပေမဲ့ လုပ်ရင်းနဲ့ တဖြည်းဖြည်း နားလည်လာလိမ့်မယ်။ ရှင် အခု ဘယ်မှာလဲ"

"ကားထဲမှာ"

တိတ်သည်ဆိုရုံမျှ ခဏလေးငြိမ်သွားပြီး . . .



"ရှင် ဝိဇ္ဇာဘက်က ညိုမြစားသောက်ဆိုင်ကိုသိလား"

"သိတာပေါ့"

"အဲဒီဆိုင်ရဲ့ အမှိုက်ပုံးထဲမှာ ရှင့်အတွက် ပထမဆုံးစာရွက်ရှိတယ်။ သွားရှာလိုက်ပါ။ ရရင် ကျွန်မဆီ ဖုန်းပြန်ဆက်လိုက်"

ဖုန်းချသွားပါပြီ။ တတီတီအော်နေသော ဖုန်းလေးကိုပိတ်ကာ လင်းခက်နောက်လှည့်ကြည့်တော့ 'ဘယ်လိုလုပ်မလဲ' ဟူသည့် အဓိပ္ပာယ်နဲ့ သုံးယောက်လုံး မျက်ခုံးပင့်ပြကြသည်။ ဘာလုပ်ရမည်နည်း။

သူခိုင်းတဲ့အတိုင်း လုပ်ရုံပေါ့။

လင်းခက်ကားပေါ်က ဆင်းလိုက်တော့ နောက်ခန်းမှအုပ်စုလည်း လိုက်ဆင်းကြသည်။ ပြီးတော့ ဝိဇ္ဇာဆောင်များရှိရာဘက်ကို ဦးတည်လိုက်ကြတော့၏။ ကားရပ်ထားရာနေရာနှင့် ညိုမြစားသောက်ဆိုင်က သိပ်ဝေးလှသည်မဟုတ်သည်မို့ ခဏချင်းမှာပင် ရောက်ရှိသွားပါသည်။ (၉)နာရီကျော်ပြီမို့ ဆိုင်ထဲမှာက စားသောက်သူတွေပင် စုံစုံလင်လင်ရှိနေကြပြီ။

မတတ်နိုင်ပါ။ လောလောဆယ် အရေးကြီးသည်ကား အမှိုက်ပုံး။ ဆိုင်ထဲသို့ရောက်ရောက်ချင်း လေးယောက်လုံး၏မျက်လုံးတွေက သူခိုးဖမ်းသလို ဟိုဟိုဒီဒီဝဲသွားတော့ . . .

"ဟိုမှာ . . . အမှိုက်ပုံး"

ဆိုင်၏အလယ်တည့်တည့်မှာ အမှိုက်ပုံးလေးတစ်ခုကား တည်တည်ငြိမ်ငြိမ်လေးရှိနေပါသည်။ လေးယောက်သားခြေလှမ်းတွေ သွက်သွားတော့၏။ ရောက်ရောက်ချင်းမှာပဲ လင်းခက် အဖုံးကိုဆွဲဖွင့်လိုက်တော့ . . .

"ဟင် . . ."

လင်းခက် ကြောင်ငေးသွားသည်။ ခန့်မော်က ကမူးရှူးထိုးပြင်း အမှိုက်ပုံးတွင်း လက်နှိုက်ရှာသည်။ အရှင်းကြီးပါ။ အမှိုက်ပုံးထဲတွင် စာရွက်နှင့် တူတာမတွေ့။ စောသေးသည်မို့ အတွင်းမှာ ပလတ်စတစ်အိတ်



www.burmeseclassic.com

www.burmeseclassic.com

နှစ်အိတ်နှင့် အချိုရည်ကော်ဘူးခွံတစ်ခုသာ ရှိသည်။

ထိုဘူးခွံလေးအား ခလောက်ကြည့်။ အဝမှ ပြူးပြဲကြည့်ကြပေမဲ့ အထဲမှာ ဘာစာရွက်မှရှိမနေပါ။ ဘယ်လိုဖြစ်တာနည်း။ အမှိုက်ပုံးပဲ မှားတာလား။ လင်းခက်တွေဝေသွားတော့ . . .

"ဟာ . . . ဟော့ကောင် . . . ဒီမှာကွ"

သူ့လက်တွင်းမှ အမှိုက်တောင်းဖုံးမှာ စိုင်းပြည့်လက်တွင်းသို့ ရောက်သွားပြီး ပက်လက်လန်သွားသည်။ ထိုအခါမှ တိတ်ဖြင့်ကပ်ထားသော စာရွက်ဖြူဖြူကို တွေ့ရပါသည်။

ဖုံးအုပ်ရာအတွင်းပိုင်းတွင် စာရွက်ကို တိတ်ဖြင့်ကပ်ထားတာပါ။ ဒါပေမဲ့ အဖြူရောင်ဆိုတာကလွဲပြီး ဘာမျှ မမြင်ရပါချေ။ အတွင်းပိုင်းမှာတော့ တစ်စုံတစ်ရာရှိမည်ထင်သည်။

လင်းခက် အချိန်ဆိုင်းမနေတော့။ ခပ်သွက်သွက်ပင် ဆွဲခွာပြီး အတွင်းသို့ လှန်ကြည့်လိုက်စဉ်မှာပဲ . . .

"ဟာ . . ."

"ဟင် . . ."

"ဘာကြီးလဲ . . ."

ဝိုင်းစက်စက်လက်ရေးဖြင့် ရေးသားသော စာပိုဒ်လေးတစ်ခု။ ဒါပေမဲ့ ထိုစာပိုဒ်က လုံးဝကိုဆန်းနေသည်။



"ငိုအားဖုံးလွှမ်းထားသော လကွယ်သန်းခေါင်
ဤမှောင်မိုက် တွင်းမှနေ၍ အနိုင်မခံ၊ အရှုံးမပေးတတ်သော
ငါ၏စိတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား
ငါ ကျေးဇူးဆိုပါ၏ ×××× ငိုဦးခေါင်းသည်
သွေးသံတို့ဖြင့် ရဲရဲနီနေ၏ ××××
ညွတ်ကားမညွတ် . . ."

www.burmeseclassic.com

## XXI

လင်းခက်မျက်မှောင်ကြုတ်ကာ ဖုန်းထုတ်ဆက်လိုက်ပါသည်။

"ခင်ဗျားပြောတဲ့ ပထမစာရွက်ကို ကျွန်တော်တို့ရထားပြီ။ ဘာဆက်လုပ်ရမှာလဲ"

"ပထမစာရွက်ကိုရရင် အဲဒီစာရွက်ပေါ်မှာ အခြေခံပြီး ဒုတိယစာရွက်ကို ရှာရလိမ့်မယ်။ အဲဒါပထမအဆင့်ပဲ။ ရှင့်အတွက် ကြိုးစားချိန် မိနစ်(၃၀)၊ ဒုတိယစာရွက်ကိုရရင် ကျွန်မဆီဖုန်းထပ်ဆက်လိုက်ပါ။ တစ်ခုတော့ရှိတယ်။ မိနစ် (၃၀) ကျော်သွားရင်တော့ ရှင်တစ်နေကုန်ထိုင်ဆက်နေလည်း ကျွန်မ ဖုန်းကိုင်မှာ မဟုတ်တော့ဘူး"

တဒိန်းဒိန်း ခုန်သောရင်အစုံနှင့် လင်းခက်တွေဝေသွားခိုက် . .

"ဒါနဲ့ ရှင့်ကို တစ်ခုမေးဦးမယ်။ စာရေးဆရာတွေထဲမှာ ရှင်ဘယ်သူ့ကိုအကြိုက်ဆုံးလဲ"

"ဗျာ . . ."

ကြောင်အစွာ အာမေဋိတ်သံလိုလို ထွက်သွားတော့ . . .

"မဟုတ်ပါဘူး။ ကျွန်မက စာအုပ်ခရေဇီမို့ မေးကြည့်တာပါ"

"ပီမိုးနင်း . . ."

ဒါပါပဲ။ ဆက်သွယ်မှုတစ်ခု ပြီးဆုံးသွားပြန်ပါပြီ။



## XXII

"ဟော့ကောင် . . . ဘာကြီးလဲ"

"ငါလည်းမသိဘူး"

အဖြေပေးရင်းလက်မှ နာရီကိုကြည့်လိုက်သည်။ သူတို့၏စတင်ချိန်ကို မှတ်သားလိုက်တာပါ။ ပြီး ထွက်သွားဟန်ပြင်တော့ . . .

"ဘယ်လဲ . . ."

"စာကြည့်တိုက်"

ခဏာတွင်းမှာ အကုန်လုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သွားကြသည်။ ပြီးတော့ ဆိုင်တွင်းမှ ဝရုန်းသုန်းကား ပြေးထွက်သွားကြပါတော့၏။

ရောက်ရောက်ချင်းမှာပင် ရင်ဝဆီးကန်ခံလိုက်ရသလိုနှင့်ခံနဲ့ခံစားလိုက်ရတာပါ။ ထုံးစံအတိုင်း စာကြည့်တိုက်မဖွင့်သေး။



www.burmeseclassic.com

www.burmeseclassic.com

လင်းခက် နာရီကိုကြည့်ကာ စုတ်တစ်ချက်သပ်မိသည်။ ဘာလုပ်ရမည်လဲ။ ဒီစာသားကိုကြားတော့ ကြားဖူးသည်။ ဒါပေမဲ့ ဘယ်ကမှန်းမသိ။ ဘယ်စာအုပ်ထဲကမှန်းမသိ။ စာကြည့်တိုက်မှူးအားပြကာ နီးစပ်ရာစာအုပ်ကို လှန်လှောရန် စိတ်ကူးဖြင့် လာခဲ့ခြင်းဖြစ်ပါသည်။ ဒါပေမဲ့ အခုတော့ . . .

ဒါသည်ပင် ကံကောင်းမှုတစ်ခုလို့ ပြောရမည်လားမသိ။ ခပ်လှမ်းလှမ်းမှ ဖြတ်သွားသော ဆရာဦးသောင်းထိုက်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် . . .

"ဆရာ . . . ဆရာ . . . ဆရာ . . ."

တစာစာအော်ရင်း အုပ်လိုက်ကြီးပြေးလာသော သူတို့သုံးယောက်ကိုကြည့်၍ ဦးသောင်းထိုက် ရပ်သွားသည်။ အနားရောက်ရောက်ချင်းမှာပဲ လက်ထဲမှစာရွက်ကို ရှေ့ထိုးပြကာ . . .

"ဆရာ . . . ဒါ . . . ဒါကိုသိလား"

ဆရာဦးသောင်းထိုက် မျက်မှောင်ကုပ်ပြီး လင်းခက်လက်ထဲမှ စာရွက်ကို ယူကြည့်သည်။ ပြီး စူးစမ်းပုံမျိုးနဲ့ ခေါင်းမော့လာကာ . . .

"ဒါ . . . အနိုင်မခံ ဘာသာပြန်လေ"

"ဗျာ . . ."

"ဘယ်လို . . ."

"အနိုင်မခံ ဘာသာပြန်"

"ဟုတ်တယ်လေ . . . ဘာဖြစ်လို့လဲ"

လင်းခက်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသွားကြသည်။ အူတူတူဖြစ်နေသော သူတို့လေးယောက်အားကြည့်ကာ ဦးသောင်းထိုက်က . . .

"နေပါဦး . . .။ ဒါကိုလာမေးပြီး ဘာလုပ်ကြမလို့လဲ။ ပုံစံတွေကလည်း ရေးကြီးသုတ်ပျာနဲ့"



"ဟာ . . . ဟို . . . မဟုတ်ပါဘူး။ ကျွန်တော်တို့ သိချင်လို့ပါ။ ဆရာသိရင် ဒီဘာသာပြန်အကြောင်း ပြောပြပါလား"

မယုံသင်္ကာရှိပေမဲ့ လေးယောက်သား မှင်သေသေနေလိုက်ကြသည်ကြောင့် နားလည်ရခက်သွားသလို ရှိပါသည်။

"ငါလည်း သေချာတော့မသိဘူး။ မင်းတို့သိချင်ရင် စာကြည့်တိုက်မှာ ရှာမှရမယ်"

စိတ်အပျက်ကြီးပျက်ကာ စာကြည့်တိုက်ရှိရာဆီ မေးငေါ့ပြလိုက်ကြတော့ . . .

"ခဏစောင့်လိုက်ပေါ့ကွာ၊ တစ်အောင့်နေ ဖွင့်ပါလိမ့်မယ်"

ပြောပြီး ဦးသောင်းထိုက် ထွက်သွားလေသည်။ အတော်လေးလေးရောက်ပါမှ လင်းခက် အရေးကြီးဆုံးအချက်ကို သတိရပြီး . . .

"ဆရာ . . . ကျွန်တော်တို့ ဘယ်စာအုပ်ထဲမှာ ရှာရမှာလဲ"

ဦးသောင်းထိုက် အတန်ငယ် ရပ်တန့်စဉ်းစား၍ စာအုပ်တင်အုပ်နာမည်ကိုပြောပြီး ဆက်လျှောက်သွားသည်။ ဒါပါပဲ။

သူတို့လေးယောက်ကတော့ . . .

နာရီကိုကြည့်လိုက်တော့ စတင်ချိန်မှ (၁၅) မိနစ်ရှိပြီဖြစ်ကြောင်း ပြနေသည်။ လင်းခက်ရင်ထဲမှာ ကုလားဘုရားလှည့်နေပါပြီ။ ဘာလုပ်ရမလဲ။ ဒီအတိုင်း ထိုင်စောင့်နေရမှာလား။

သီဟတို့မှာလည်း စာကြည့်တိုက်ရှေ့တွင် လမ်းလျှောက်သူလျှောက်၊ နာရီကြည့်သူကြည့်နှင့် ပျာယာခတ်နေကြသည်။ လင်းခက်လက်ထဲမှ စာရွက်အား နောက်တစ်ကြိမ်ထပ်ကြည့်ရင်း စုတ်တစ်ချက်သပ်လိုက်မိသည်။ ဒီအတိုင်းဆက်သွားလျှင် သူတို့ဘာဖြစ်မလဲ။ သေချာသည်။ အရှုံးပေးရတော့မည်။

ဒါဆို . . .

လင်းခက် အံကိုကြိတ်ကာ အတွေးအား နှိုက်ထုတ်နေစဉ်မှာပဲ–



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဟိုမှာ စာကြည့်တိုက်မှူးလာပြီ"

သီဟ၏ အသံကျယ်ကြီးနောက်မှာ သူတို့အားလုံး၏ မျက်လုံးတွေ ကော်ရစ်တာထောင့်ချိုးတစ်ခုဆီ ရောက်သွားတော့ . . .

စည်ပိုင်းကြီးတစ်လုံး လိမ့်လာသည်ကို မြင်တွေ့လိုက်ရသည်။ ခန္ဓာကိုကြည့်၍ ခွဲခြားလိုက်နိုင်ပါသည်။ ဒါ အပျိုကြီးပါပဲ။

အကြည့်တွေ ဝင်းထိန်သွားကြသလောက် စာကြည့်တိုက်မှူး အပျိုကြီးကတော့ သူတို့အုပ်စုကိုကြည့်ပြီး ကြောင်တောင်တောင် ရပ်တန့်သွားသည်။

လင်းခက် အပျိုကြီးဆီသို့ ကပျာကယာ ပြေးသွားလိုက်ကာ ..

"တီချယ် . . . သော့ . . . သော့"

ပြေးလာသော လင်းခက်ပုံစံနှင့် နောက်ကရပ်ကြည့်နေသော ယောကျာ်းလေးအုပ်စုကိုကြည့်ပြီး အပျိုကြီး လန့်သွားသည်ထင်ပါ၏။

"ဟင် . . . ဘာသော့လဲ"

ရက်သွေးဖျန်းဖျန်းထသွားသော ပုံစံနှင့် အပျိုကြီး နောက်နှစ်လှမ်းခန့် ဆုတ်သွားသည်။ ဩော် . . . အရေးထဲမှပဲ။

"ဟို . . . ဟိုဟာလေ . . . အခန်းသော့၊ အခန်းသော့။ စာကြည့်တိုက်အခန်းသော့ကို ပြောတာ"

ရင်တုန်ပန်းတုန်ဖြစ်နေသော အမူအရာဖြင့် အပျိုကြီး သူ့ကိုကြည့်သည်။ နောက်ပြီး အခန်းဝမှာရပ်နေသော သီဟတို့အုပ်စုကို တစ်ချက်လှမ်းကြည့်ကာ . . .

"အခန်းသော့က ဘာလုပ်ဖို့လဲ"

"စာအုပ်ဖတ်ချင်လို့ပါ။ စာကြည့်တိုက်ထဲမှာ စာအုပ်ဖတ်ချင်လို့ စောင့်နေကြတာ"

ထိုအခါမှ အပျိုကြီး စိတ်အေးသွားသလိုပုံစံနှင့် မျက်နှာကို တစ်ချက်တည်ရင်း



"ငါလည်း အခုပဲလာဖွင့်တာ။ ဘယ်လိုဖြစ်နေကြတာလဲ"

လင်းခက် ဇက်ပု၍ နောက်မှ ခပ်ကုပ်ကုပ်လိုက်သွားလိုက်သည်။ နာရီကိုကြည့်မိတော့ (၁၈) မိနစ်။ အပျိုကြီးကတော့ စည်ပိုင်းခန္ဓာကိုယ်ကြီးအား တစ်လှမ်းချင်း လိမ့်ရင်းသွားနေ၏။ အခန်းဝရောက်တော့ သီဟတို့အုပ်စုကလည်း စပ်ဖြီးဖြီးရယ်ပြကြသည်။ အပျိုကြီးမျက်နှာကိုတည်ကာ သုံးယောက်လုံးကို မျက်စောင်းတစ်ချက်ပစ်ကျွေးရင်း တံခါးဖွင့်လိုက်ပါသည်။

တံခါးဖွင့်လျှင်ဖွင့်ချင်းမှာပင် . . .

ဝမ်းသာအားရအော်သံတွေ၊ ဖိနပ်သံတွေ၊ တွန်းတိုက်ပြေးသွားသံတွေ ဆူညံသွားသည်။ သူတို့ဘာမှုမသိတော့ပါ။ ဆရာဦးသောင်းထိုက်ပြောလိုက်သော စာအုပ်ရှိနိုင်ရာ စာအုပ်စင်ဘက်ကို ဝရုန်းသုန်းကားပြေးသွားကြသည်။ ပြီးတော့ လေးယောက်လုံးပင် အသက်ရှုရပ်မတတ် စာအုပ်များကို မွှေနှောက်ရှာဖွေကြတော့၏။

စာကြည့်တိုက်မှူးအပျိုကြီးမှာတော့ သူတို့၏လုပ်ဆောင်ပုံများကိုသာ မျက်လုံးအကြောင်သားနှင့် ငေးနေလေသည်။ တန်းစီတင်ထားသော စာအုပ်များကို နှစ်တန်းကျော်အောင် လင်းခက် ရှာဖွေပြီးသွားစဉ်မှာပဲ . . .

"တွေ့ပြီ . . ."

စာအုပ်တစ်အုပ်က လက်တွင်း လျှောခနဲပါလာသည်။ ပြီးတော့ စာအုပ်ကိုယူကာ စားပွဲပေါ်ဖြန့်တင်လိုက်သည်။ အကြာကြီးမရှာလိုက်ရပါ။ ပထမစာမျက်နှာမှာပဲ လိုချင်သော ခေါင်းစဉ်နှင့် စာပိုဒ်ကို တွေ့လိုက်ရပါသည်။

အနိုင်မခံဘာသာပြန်ကို အစမှအဆုံးတိုင် ရေးသားထားခြင်းဖြစ်သည်။ ထိုဘာသာပြန်မှာ ဒုတိယကောလိပ်သပိတ်အပြီး ၁၉၃၆ – ၁၉၃၇ ခုနှစ်တွင် တက္ကသိုလ်အမှုဆောင်အဖွဲ့မှာ ထုတ်ဝေသော အိုးဝေ မဂ္ဂဇင်းခေါင်းကြီးပိုင်းတွင် ပါဝင်ခဲ့သော စာမူဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ထိုစာမူကို အင်္ဂလိပ်စာပေပြဋ္ဌာန်း စာအုပ် Golden Treasury ပါ W . E Henley ၏ Invictus ကဗျာကိုမှီး၍ ဘာသာပြန်ဆိုထားခြင်း ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ပြီးတော့ ထိုဘာသာပြန်ကို ဗိုလ်ချုပ်အောင်ဆန်းရေးမရေး အငြင်းပွားခဲ့ကြောင်း၊ အမှန်မှာ ထိုဘာသာပြန်သည် ဗိုလ်ချုပ်အောင်ဆန်း ရေးခြင်းမဟုတ်။ ၁၉၃၇ခုနှစ်တွင် အိုးဝေမဂ္ဂဇင်း၏ တာဝန်ခံအယ်ဒီတာ အဖြစ် ဗိုလ်ချုပ်အောင်ဆန်းနေရာကို ဆက်ခံယူခဲ့သော စာရေးဆရာညိုမြ က ပြန်ဆိုထားခြင်းဖြစ်ကြောင်းနှင့် . . .

ထိုဘာသာပြန်စာမူကို ဆရာမင်းသုဝဏ် ကိုယ်တိုင်တည်းဖြတ် အချောကိုင်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြည့်ပြည့်စုံစုံ ဖော်ပြထားပါသည်။

အနိုင်မခံနှင့်ပတ်သက်သော ဆောင်းပါးဆုံးသွားချိန်တွင် လင်းခက်ခေါင်းတွေ ချာချာလည်သွားသည်။ တကယ့်တကယ်က သဲလွန်စ တစ်စုံတစ်ရာ ရလိုရငြား ရှာဖွေမိခြင်းဖြစ်ပါ၏။ သို့ပေမဲ့ ဆောင်းပါး သာဆုံးသွားခဲ့သည် ဒီဘာသာပြန်မှ ဘာသဲလွန်စ ရှာလို့ရှာရမှန်းမသိ။ လင်းခက်နည်းတူပင် သီဟတို့အုပ်စုမှာလည်း ခေါင်းရှုပ်သွားကြသည်။

ဘာသာပြန်အားကြည့်ရင် လင်းခက် မျက်မှောင်ကြုတ်ကာ စဉ်းစားနေမိပါ၏။ ဘာမျှမဟုတ်ဘဲနှင့်တော့ အနိုင်မခံဘာသာပြန်တစ် ပိုင်းတစ်စကို စာရွက်မှာရေးပြီး သူ့ကိုပေးမှာမဟုတ်။ ထိုဘာသာပြန် အကြောင်းကို ပြည့်ပြည့်စုံစုံ သိရတော့လည်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေသည်။

သူမ ဘာကိုဆိုလိုတာလဲ။ ဒီဘာသာပြန်ရဲ့ သမိုင်းကြောင်းကို လား။ အမိပွာယ်ကိုလား၊ ဒါမှမဟုတ် Invictus ဆိုသည့် မူရင်းကဗျာ ကိုလား၊ ရေးသူ W . E Henley ကိုလား . . .။

ထိုအတွေးအရောက်မှာပင် လင်းခက်ခေါင်းထဲသို့ အသိတစ် ချက် ဒိုင်းခနဲ ဝင်သွားသည်။ နားထဲမှာလည်း ဖုန်းသံတစ်ခုလို ချက်ချင်း ကြားယောင်သွား၏။



"စာရေးဆရာတွေထဲမှာ ရှင် ဘယ်သူ့ကို အကြိုက်ဆုံးလဲ"

ယခုကိစ္စနှင့် ဘယ်လိုမှမသက်ဆိုင်သော မေးခွန်းတစ်ခုပါပဲ။ ထိုမေးခွန်းကို ကြားယောင်မိကတည်းက စိတ်ထဲတွင် လိပ်ခဲတည်းလည်း ဖြစ်နေတာပါ။ ယခုတော့ . . .

ဘာရယ်ညာရယ်မဟုတ်။ ဦးနှောက်က ဆက်စပ်မှုတစ်ခုကို ခပ် သွက်သွက်ပုံဖော်မိသွားသည်။ စာရေးဆရာတွေထဲမှာ ဘယ်သူ့ကို အကြိုက်ဆုံးလဲဆိုသည့်စကားက စာရေးဆရာကို ရည်ညွှန်းတာလား။ ဒါဆို ဒီဘာသာပြန်ကို ရေးပေးထားတာကရော စာရေးဆရာကို ရည် ညွှန်းသည့်အဓိပ္ပာယ်လား . . .

လင်းခက် ရင်တစ်ချက် စောင့်ခုန်သွားမိပေပြီ။ မူရင်းက W . E Henley၊ အနည်းငယ်တော့ ကွာဝေးလွန်းသည်။ ဒါဆို ဘာသာပြန်သူ ဆရာဦးညိုမြကရော . . .

ဒါပေမဲ့ ဦးညိုမြဆိုသည့်နာမည်က သူ့နားထဲမှာ ရင်းရင်းနှီးနှီး ကြားဖူးနေသည်။ ဘယ်သူလဲ၊ ဘယ်သူဖြစ်မလဲ။ တကယ်စာရေးဆရာ ကတော့ ယခုအချိန်ဆို ကောင်းကင်ဘုံရောက်လုနေမှာ သေချာသည်။ ဒါဆို . . .

"ဟေ့ကောင်တွေ . . . ဦးညိုမြဆိုတဲ့ နာမည်ကို ကြားဖူးလား။ ငါ ရင်းရင်းနှီးနှီးဖြစ်နေလို့"

သူ့အမေးစကားကိုကြားတော့ စိုင်းပြည့်က မချိုမချဉ်ပြုံးကာ ပခုံးအား လှမ်းရိုက်၍ . . .

"ကြားဖူးမှာပေါ့ကွ . . . အခုပဲ ငါတို့ အဲဒီဆိုင်ကလာတာပဲ။ ညိုမြစားသောက်ဆိုင်ပိုင်ရှင်က ဦးညိုမြပေါ့"

"ဟေ . . ."

နှလုံးသွေးတို့ ဆူပွက်သွားပါပြီ။ ထိုအတိုင်းသာမှန်ပါက သူတို့ လုလုပပလေး အကွက်ရွှေ့ခဲ့လိုက်ရပြီ။ မျက်နှာပျက်သွားသော သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်၍ . . .

"လင်းခက် . . . ဘာဖြစ်လို့လဲ"

"ငါတို့ ခံလိုက်ရပြီ"

နာရီကိုကြည့်မိတော့ (၂၃) မိနစ်၊ မိလောက်ပါသည်။ လင်းခက် အားသွန်ခွန်စိုက် ပြေးထွက်လိုက်တော့ နောက်မှသုံးကောင်လည်း ဘာမှန်း ညာမှန်းမသိ။ ဝေါခနဲ ပါလာကြသည်။

နောက်ထပ် (၄) မိနစ်စွန်းသွားချိန်၌ ညိုမြဆိုင်ထဲသို့ လေး ယောက်သား အမောတကောဖြင့် ရောက်လာကြသည်။ အမောမပြေအား ပါ။ ချက်ချင်းပင် ကောင်တာဆီသို့ ဦးတည်သွားရင်း . . .

"ဦးလေး . . . ကျွန်တော့်နာမည် လင်းခက်ပါ။ ကျွန်တော်နဲ့ ပတ်သက်ပြီး ဒီဆိုင်မှာ . . ."

လင်းခက်စကားမဆုံးလိုက် . . .

"ဩော် . . . မင်းက လင်းခက်လား . . . ထင်တော့ထင်သား ပဲ။ ခုန မင်းတို့အုပ်စု အမှိုက်ပုံးကို လာဖွင့်ကြည့်ကတည်းက။ ရော့ . . ရော့ . . . မင်းအတွက် စာတစ်စောင်ရှိတယ်"

စကားဆုံးဆုံးချင်း လင်းခက်လက်ကလည်း ဖုန်းခေါ်ပြီး ဖြစ် နေတော့သည်။

"ဟယ်လို . . ."

"ခင်ဗျားရှာခိုင်းတဲ့ ဒုတိယစာရွက် ကျွန်တော့်လက်ထဲရောက် နေပြီ"

တစ်ဖက်မှ ခဏငြိမ်သွား၏။

"ဟုတ်လို့လား"


"ဟာဗျာ . . . ကျွန်တော်အခုပဲ ဖွင့်ဖတ်ပြရမလား"

"အင်း . . . ဖွင့်ကြည့်ပါဦး"

လင်းခက် ကပျာကယာပင်ဖွင့်ကြည့်လိုက်တော့ . . .



t



| | | | |
|---|---|---|---|
| 37 | 22 | 6 | 24 |
| 21 | 39 | 15 | 20 |
| 13 | 12 | 60 | 46 |
| 8 | 23 | 7 | 41 |

IV

အသက် (၈) နှစ်စီကွာတဲ့ ညီအစ်ကိုနှစ်ယောက်ဟာ ဒီ ဂဏန်း ဝက်ပါကို ဘယ်လိုဖြတ်ရမှန်း မသိဘူးဖြစ်နေတယ်။ ကူညီပေးလိုက်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေ့လဲ . . ."

ပြန်ဖြေစရာ စကားမရှိအောင် ကြောင်သွားလေပြီ။ စာမဟုတ်။

"ဘာတွေလဲ မသိဘူးဗျာ။ လေးထောင့်ကွက်သေးသေးလေးတွေရော . . .လေးထောင့်ကွက်ကြီးကြီးနဲ့ ဂဏန်းတွေရော ဟုတ်လား"

"ဟုတ်တယ်"

". . . . ."

"အင်း . . . ရှင်မဆိုးပါဘူး။ အချိန်မီရှာနိုင်သားပဲ"

"ကျွန်တော် ဘာဆက်လုပ်ရမှာလဲ"

"အဲဒီ ဒုတိယစာကိုအခြေခံပြီး တတိယစာကိုရှာရမယ်။ ကြိုးစားချိန် မိနစ် (၃၀)။ စည်းကမ်းချက်တွေကတော့ အရင်ကျွန်မပြောထားတဲ့အတိုင်းပဲ"

ဖုန်းချသွားပြန်ပါပြီ။

စာရွက်ကို နီးစပ်ရာစားပွဲပေါ်တင်ရင်း ခုန်တစ်လုံးဆွဲ၍သာ ဝင်ထိုင်မိတော့သည်။ နာရီကိုကြည့်ပြီး မှတ်သားမှုတစ်ခုကိုလည်း လုပ်လိုက်ရသေး၏။ ဒုတိယပွဲက စလေပြီ။

လူက အမောမပြေသေး။ ဒါပေမဲ့ ငြိမ်နေလို့မရပါ။ စပြီးမှတော့ ဆုံးအောင် ကစားရပေတော့မည်။ ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်ပြီးတော့ လူက နေသာသလိုရှိသွား၏။ ဒီအခြေအနေနှင့်ပင် ခေါင်းပူလိုက်ရတော့သည်။

အပေါ်ဆုံးတန်းမှာ (၃) ဆိုပြီး တစ်လုံးတည်း ရေးပေးထားသည်။ ပြီးတော့ လေးထောင့်ကွက်ဟု ခေါ်ရမည်လားမသိသည့် အကွက် (၅) ကွက်။ အောက်မှာ (၆)ကွက်၊ ထိုအောက်နားမှာ (၅) ကွက်။ တစ်ကွက်ချင်းစီမှာလည်း အမည်းစက်တစ်စက်စီကို နေရာလွဲကာချထားသည်။ ဘာတွေလဲ။ ဘယ်လိုဆက်စပ်ရမည်လဲ။

ပြီးတော့ အောက်နားက စတုရန်းကွက် အကြီးကြီးထဲမှာ စတုရန်းကွက်ငယ် (၁၆) ကွက်၊ အဲဒီထဲမှာမှ ဂဏန်းတွေက ဟိုတစ်စ၊ ဒီတစ်



စ။ ဂဏန်းငယ်တာလည်း ပါသည်။ ကြီးတာလည်း ပါသည်။ တစ်ခုနဲ့ တစ်ခု ဆက်စပ်မှုလည်း လုံးဝမရှိ။

ဒါကိုပင် အောက်မှာ ဦးနှောက်ခြောက်စရာ စာတွေထပ်ရေး ပေးထားသေး၏။

"အသက် (၈) နှစ်စီကွာတဲ့ ညီအစ်ကိုနှစ်ယောက်ဟာ ဒီဂဏန်းဝင်္ကပါကို ဘယ်လိုဖြတ်ရမှန်း မသိဘူးဖြစ်နေတယ်။ ကူညီပေးပါဦး"

ဘာတွေမှန်းပင် မသိတော့ပါ။ လင်းခက် သက်ပြင်းကိုသာချ ပြီးရင်း ချနေမိပါတော့သည်။ သူက ဘာမှန်းမသိပေမဲ့ ဘာမှန်းသိတာ တစ်ခုတော့ ရှိနေပါသည်။ အဲဒါက နာရီ၊ နာရီကတော့ သိသိသာသာပင် တစ်ပတ်ပြီးတစ်ပတ် မှန်မှန်လည်ပတ်လို့။

ဘာလုပ်ရမည်လဲ၊ ဘယ်ကစရမည်လဲ၊ ဘာတွေဘယ်လို ဆက်စပ်ရမည်လဲ။ အပေါ်ဆုံးစာကြောင်းမှ (၃)ကိုကြည့်ကာ လင်းခက်တွေဝေနေမိသည်။ ပြီးတော့ တွေးသည်။ တွေးရင်းနှင့် တွေဝေလာသည်။ တည်ငြိမ်နေသော သူ့မျက်နှာကိုကြည့်၍ မည်သူကမျှလည်း အသံမထွက်ရဲကြ။

နောက်ဆုံးတော့ လင်းခက် သက်ပြင်းကိုချကာ တစ်နေရာကို ငေးလိုက်ရတော့၏။ မဖြစ်တော့။ ဒီအတိုင်းဆက်သွားလျှင် ခေါင်းပူရုံကလွဲပြီး အဖြေနှင့်ဝေးသွားနိုင်သည်။ အမိကက အစတစ်စ။ ထိုအစကို ဆွဲထုတ်နိုင်လျှင် အဆင်ပြေမည်ဆိုတာသိသော်လည်း ဆွဲထုတ်နိုင်ဖို့က တော်တော်ခက်ခဲနေပါသည်။

လင်းခက်စိတ်ကိုလျှော့ကာ ရေနွေးကြမ်းနောက်တစ်ခွက် ငှဲ့သောက်လိုက်သည်။ သီဟတို့အုပ်စုကတော့ 'ဘယ်လိုလဲ' ဟူသော ပုံစံတွေဖြင့် သူ့ကို ဝိုင်းကြည့်ကာ ပါးစပ်တပြင်ပြင် ဖြစ်နေကြသည်။ ဒါပေမဲ့ လင်းခက် တည်ငြိမ်ကာနေသည်ကြောင့် မမေးရဲ။

တတိယမြောက် ရေနွေးခွက်ကိုငှဲ့ရင်း ဖိမ်ဆွဲကာ သောက်နေလိုက်သည်။ သီဟတို့၏မျက်လုံးတွေမှာ နာရီဆီသို့သာ တဝဲဝဲပြေးနေ



www.burmeseclassic.com

www.burmeseclassic.com

ကြ ပေမဲ့ သူကတော့ အချိန်ကို မေ့ထားလိုက်သည်။ pressure များထဲတွင် အချိန်ကန့်သတ်မှု pressure က ယခုအချိန်မှာ သူ့ကို ကောင်းကောင်း ဒုက္ခပေးနိုင်သည်မဟုတ်ပါလား။

တစ်ငုံချင်းသောက်နေသော ရေနွေးတို့ နှစ်ခွက်မြောက်ပြီးသွားချိန်မှာပဲ သူ့မျက်လုံးတို့ တစ်ချက်မှေးကျဉ်းသွားပါသည်။

ချက်ချင်းပင် စာရွက်နှင့် မျက်လုံးပြန်ကပ်မိသွား၏။ သူ့ဦးနှောက်တို့ အလင်းရောင်မြင်တွေ့သွားပါပြီ။ ဘောလ်ပင်ကိုထုတ်၍ ရေတွက်မှုတစ်ခုကို စတင်ပြုလုပ်လိုက်တော့ မျက်လုံးတို့ ဝင်းသွားချေပြီ။

အစတစ်စကို သူဆုပ်ကိုင်မိသွားချိန်တွင် ကျန်တာတွေက မခက်ခဲတော့ . . . ။

ခဏပါပဲ။

ဝုန်းခနဲထရပ်သော သူ့ကိုကြည့်၍ သီဟတို့အုပ်စု ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ အချိန်ဆွဲလို့ မဖြစ်တော့ . . .။

နှုတ်ထွက်စကား အနည်းငယ်နှင့်အတူ လင်းခက်ပြေးထွက်လိုက်ပါတော့၏။

"သချ်ာဆောင် တတိယထပ်ကို သွားရမယ် . . ."

ကုန်ဆုံးချိန် (၁၃) မိနစ်။

❧ ❧ ❧



# XXIII

သချ်ာဆောင်ရှေ့ကိုရောက်တော့ (၁၈) မိနစ်။ တတိယထပ် အပေါ်ဆုံး လှေကားထစ်ဆီရောက်ပြီးတော့ မိနစ် (၂၀)။

ဘယ်ဘက်စကြံကိုချိုးကာ တစ်ချိုးတည်း ပြေးရပါတော့သည်။ အုပ်လိုက်ကြီးပြေးလာသော သူတို့ကို အခန်းတွင်းမှ ကျောင်းသူ/သားတွေ၊ စာသင်နေသော ဆရာမတွေ တအံ့တဩဝိုင်းကြည့်ကြပေမဲ့ ဂရုမစိုက်နိုင်အား။ သူ့အတွက် ကျန်ရှိသည်ကား အချိန်ဆယ်မိနစ်။

အသားကုန်ပြေးနေရာမှ လင်းခက် တစ်နေရာအရောက်တွင် ရပ်လိုက်သည်။ သူရပ်တော့ နောက်မှပါလာသူအားလုံးလည်း တိခနဲ။ အပေါ်ကိုမော့ကြည့်တော့ ရပ်ပုံတစ်ခုက ဆီးကြိုနေသည်။ အေးမှာ (MEN) လို့လည်း ရေးထားသည်။

ရှင်းရှင်းလေးပါပဲ။ ယောကျ်ားလေး သန့်စင်ခန်းတစ်ခုပါ။

"ဟောကောင် . . . ဘာကြီးလဲ"

ခန့်မော်က နားမလည်သလို ပုန်းတိုက်ကာ မေးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ရှာရမယ့် တတိယအရွက် ဒီအိမ်သာထဲမှာရှိတယ်"

"ဟင် . . ."

"ဘာ . . ."

"ဟုတ်တယ် . . .။ အခုပဲ ဝင်ရှာလိုက်ရအောင်"

## (၂၅) မိနစ်။

Toilet အတွင်းမှ ကျောင်းသားလေးယောက် စိတ်လက်မကြည်မသာဖြင့် ထွက်လာကြသည်။ ပုံစံတွေက ရည်ရွယ်ချက်တစ်ခု ပျောက်သွားသလို ချည့်နဲ့ယိုယွင်းကာ နေပါ၏။

Toilet အဝတွင်ရပ်ပြီး တည်ငြိမ်နေသူက လင်းခက်။

တတိယစာရွက် တွေ့မလာခဲ့ပါ။ စေ့စေ့စပ်စပ်နေရာစုံအောင် ရှာခဲ့ကြပေမဲ့ လိုချင်သော စာရွက်နှင့်တူတာမတွေ့ခဲ့။ ဘာဖြစ်တာနည်း။ သူပဲမှားသွားတာလား။ အယူအဆလွဲသွားတာလား။ ဒါမှမဟုတ် ဉာဏ်ကြီးရှင် မိန်းကလေးပဲ လွဲချော်နေတာလား။

ကျန်သူအားလုံးမှာလည်း လင်းခက်ကိုကြည့်ကာ မလှုပ်မယှက်။ ထိုစဉ်မှာပင် . . .

"ဟာ . . ."

လင်းခက်ဆီမှ အားမလိုအားမရသံတစ်ခု ထွက်ကျသွားကာ ..

"ငါ တော်တော်တုံးတာပဲ။ သူက မိန်းကလေးပဲဥစ္စာ။ ယောကျ်ားလေးအိမ်သာထဲ ဘယ်လိုလုပ်ဝင်ထည့်လို့ရမှာလဲ"

ပြောပြောပြီးချင်း သူ့မျက်လုံးကို ဘယ်ဘက်ရပ်ဝန်းတစ်ခုဆီသို့ ပို့လိုက်သည်။ သူတို့နှင့်ကပ်လျက် ဘယ်ဘက်ခြမ်းမှာ မိန်းကလေးသန့်စင်ခန်းဖြစ်ပါ၏။ ငါးလှမ်းလောက်လျှောက်သွားလိုက်တော့ Toilet အတွင်းမှ ကျောင်းသူအချို့ထွက်လာသည်ကို တွေ့ရသည်။ ကြောင်တောင်ရပ်နေသော သူတို့လေးယောက်အား ဘုကြည့်ကြည့်သွားကြသေး၏။ ဒီအတိုင်းကြီးကတော့ ဘယ်လိုမှ ဝင်ရန်မလွယ်တာ သေချာသည်။ ဒါပေမဲ့ . . .



လင်းခက် ဖုန်းထုတ်ကာ နံပါတ်အချို့ကို နှိပ်လိုက်၏။

"ဟယ်လို . . ."

"အေးနွယ်လား . . . ငါ လင်းခက်။ ဒီမှာ ငါတို့ဒုက္ခရောက်နေလို့ သချ်ာဆောင်အပေါ်ဆုံးထပ်ကို အမြန်ဆုံးလာခဲ့ပါ"

"ဟင် . . . ဘာလုပ် . . ."

"သေရေး၊ ရှင်ရေးနော်။ ငါးမိနစ်အတွင်း . . . ဝင့်ဝါပါခေါ်ခဲ့ချည်"

ဖုန်းချလိုက်ပါသည်။ တစ်ဆက်တည်း နာရီကိုကြည့်ပြီး စုတ်တစ်ချက်လည်း သပ်မိသည်။

"ကျွတ် . . ."

"ဟေ့ကောင် . . . လင်းခက် . . . ဘာတွေလဲ"

"ငါတို့ကိုလည်း ပြောဦး"

လင်းခက်ခေါင်းကိုရမ်း၍သာ စကြံထောင့်ချိုးဘက် ထွက်ခဲ့လိုက်သည်။ သက်ပြင်းကိုလည်း အကြိမ်ကြိမ်ချမိ၏။ အေးနွယ်တို့ရောက်အလာကိုသာ ရင်တဒိတ်ဒိတ်ဖြင့် စောင့်နေရပေတော့မည်။

"ဟေ့ကောင် . . . လုပ်ဦး။ ဘယ်လိုဘယ်လိုလုပ်ပြီး ငါတို့ရှာနေတဲ့ တတိယစာရွက်က ဒီမိန်းကလေး Toilet ထဲ ရောက်သွားရတာလဲ"

လင်းခက်စိတ်ကိုသာ အတတ်နိုင်ဆုံး လျှော့နေမိ၏။ လောလောဆယ်လည်း ဘာမှဆက်လုပ်လို့ မရသည်လေ။ ဒါပေမဲ့ သေချာတာကတော့ သူတို့ရှာနေသော တတိယစာရွက် ဒီမိန်းကလေး Toilet ထဲမှာ တကယ်ပဲရှိနေသည်။ အေးနွယ်တို့အလာကို စောင့်ရမည်။ ပြီးတော့ ဘေးတွင်ဝိုင်းနေသော ရှုပ်ထွေးမှုတစ်ခုကို ရှင်းလင်းပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့အတွက်ကြောင့် ဒုတိယစာရွက်အား အုတ်ပေါင်ပေါ်တင်ကာ စကားကို စလိုက်ပါသည်။

"အစကတော့ ဒီစာရွက်ကိုကြည့်ပြီး ဘာမှန်းမသိဘူး။ ဘယ်ကစရှာလို့ ရှာရမှန်းလည်း မသိဘူး။ အဲဒါနဲ့ နှစ်ပိုင်းခွဲလိုက်တယ်ကွာ။ အကွက်သေးသေးလေးတွေနဲ့ လေးထောင့်ကွက်တွေက တစ်ပိုင်းရယ်၊ အောက်က စတုရန်းကွက်နဲ့ ဂဏန်းတွေက တစ်ပိုင်းရယ်ဆိုပြီး နှစ်ပိုင်းခွဲလိုက်တယ်။ အဲမှာတင် အောက်ပိုင်းရဲ့ ထူးခြားမှုတစ်ခုကို ငါစတွေ့လိုက်တာပဲ။ အဲဒါက စတုရန်းကွက် (၁၆) ကွက်နဲ့ အောက်မှာရေးထားတဲ့ စာတွေရဲ့ကြားက ရောမအက္ခရာ (IV) ဂဏန်းပဲ။ ဘာလို့ ထူးခြားတာလဲဆိုတော့ သူကပိုနေလို့။

အောက်ကစာကိုဖတ်ကြည့်တော့ (၈) နှစ်စီကွာနေတဲ့ ညီအစ်ကို နှစ်ယောက်က ဒီဂဏန်းဝက်ပါကို ဖြတ်လို့မရလို့ ကူညီပေးပါလို့ပါတယ်။ အဲတော့ အလယ်က (IV) ဂဏန်းက ပိုနေတယ်။ ဒါ သဲလွန်စလားဆိုပြီး တွေးမိသွားတာပဲ"


သီဟတို့ တစ်အုပ်လုံးမှာ သူ၏ရှင်းပြမှုကို ငြိမ်သက်၍ နားထောင်နေကြသည်။ တော်တော်ကြီး စိတ်ဝင်စားနေဟန်လည်း ရှိသည်။

"အဲဒါနဲ့ ဘာရယ်မဟုတ်ဘူး။ ရောမအက္ခရာ (၄)ဂဏန်းနဲ့ အပေါ် စတုရန်းကွက်ထဲက ဂဏန်းတွေကို အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားလုပ်ကြည့်လိုက်တယ်ကွာ။ အပေါင်း၊ အနုတ်၊ အမြှောက်မှာ ထူးခြားမှုမတွေ့ပေမဲ့ အစားမှာ ထူးခြားမှုသွားတွေ့တယ်။

ဘာလဲဆိုတော့ စတုရန်းကွက်ထဲက ဂဏန်းတွေအားလုံးကို (၄) နဲ့ပြတ်အောင် မစားနိုင်ဘူး။ (၄)နဲ့ ပြတ်အောင်စားလို့ရတဲ့ ဂဏန်းတွေက ဒီဂဏန်းဝက်ပါရဲ့ ထွက်ပေါက်တစ်ခုဖြစ်နေတာကို အမှတ်မထင် တွေ့လိုက်ရတယ်။ ဒီမှာကြည့်"

ဟုဆို၍ လင်းခက် ဘောလ်ပင်ကိုထုတ်ကာ စတုရန်းကွက်ငယ်များပေါ်၌ မျဉ်းတစ်ကြောင်း ဆွဲပြလိုက်ပါသည်။






လင်းခက်ဆွဲပြသော မျဉ်းကြောင်းကိုကြည့်ကာ အကုန်လုံး အံ့သြသွားကြသည်ကြောင့် . . .

"မင်းတို့စားကြည့်လိုက်။ ဒီဂဏန်းဝက်ပါထဲမှာ ငါဆွဲထားတဲ့ မျဉ်းအောက်က ဂဏန်းတွေပဲ (၄) နဲ့စားလို့ပြတ်တယ်။ ကျန်တာတွေကို စားလို့မပြတ်ဘူး"

ခဏချင်းပင် ထောက်ခံမှုကို ရလိုက်သည်။


"အဲမှာ ဝက်ပါရဲ့ထွက်ပေါက်ကို တွေ့လိုက်တယ် ဆိုပါတော့ကွာ။ ဒါပေမဲ့ တစ်ခုကျန်နေတယ်။ (၈) နှစ်ကွာတဲ့ ညီအစ်ကိုနှစ်ယောက်။ လွယ်လွယ်ပြောရရင်တော့ ဟုတ်လိမ့်နိုးနိုးနဲ့ ဝက်ပါထွက်ပေါက် ဂဏန်းတွေထဲက (၈) ခုစီကွာတဲ့ဂဏန်းကို ရှာကြည့်လိုက်တယ်ကွာ။ ငါ့အထင်ပေါ့။ ဒါပေမဲ့ ငါကံကောင်းပြီး ဂဏန်းနှစ်ခုရလိုက်တယ်။ ဒီမှာ . . ."

လင်းခက်ဝက်ပါမှ ဂဏန်းနှစ်ခုကို ဝိုင်းကာ အောက်မှာသည်း ချရေးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com




**12 , 20**

"ပြီးတော့ ငါဘာဆက်လုပ်ရမှန်း မသိတော့ဘူး။ အဲဒါနဲ့ အပေါ်တစ်ပိုင်းကို တက်လိုက်တယ်။ အပေါ်ရောက်တော့ အောက်ကအတိုင်းပဲ ပိုနေတဲ့ (t)ကို သဲလွန်စဆိုတာသိနေပြီ။ ဒါပေမဲ့ ဘာသဲလွန်စမှန်းစဉ်းစားလို့မရဘူး။ ဘာလုပ်ရမှန်းမသိတာနဲ့ လေးထောင့်ကွက်ထဲကအကွက်သေးသေးလေးတွေကို တစ်ခုချင်းစီ ရေကြည့်လိုက်တယ်။ အဲမှာထူးခြားမှုတစ်ခု ထပ်တွေ့တာပဲ။


ဘာထူးခြားလဲဆိုတော့ လေးထောင့်ကွက်ကြီးတစ်ခုတိုင်းမှာအကွက်ငယ် (၂၆) ခုပါနေတယ်။ ဒါ အင်္ဂလိပ်အက္ခရာတွေရဲ့ အရေအတွက်ပဲလေ။ ပြီးတော့ အပေါ်မှာလည်း (t)ဆို ပြီး ရေးပေးထားတော့ဒီးစပ်မှုပိုရှိတာပေါ့။ နောက်ပြီး လေးထောင့်ကွက်တိုင်းမှာလည်း အမည်းစက်တစ်စက်စီ ချထားတယ်။ အဲမှာ ငါအတွေးနည်းနည်း ပေါက်လိုက်တယ်ကွ"

"ဘယ်လိုလဲ"

"ချထားတဲ့ အမည်းစက်တစ်ခုဟာ အင်္ဂလိပ်အက္ခရာတစ်လုံးကို ဆိုလိုတာလား ဆိုပြီးတော့ပေါ့။ အဲဒါနဲ့ အပေါ်မှာ ရေးပြထားတဲ့ (t)



ကိုဗဟိုပြုပြီး ဘယ်လေးထောင့်ကွက်နဲ့ ကိုက်ညီမှုရှိသလဲ လိုက်ရေကြည့်လိုက်တယ်။ တတိယတန်းရဲ့ နောက်ဆုံးလေးထောင့်ကွက်မှာ သွားတူနေတာပဲ။ မယုံရင် မင်းတို့ရေကြည့်လိုက်"



(a)

"ပထမဆုံးအောက်က ချွန်ထွက်နေတဲ့ အကွက်လေးကို (a)လို့ယူ။ ပြီးရင် ညာဘက်ကို b, c, d ဆက်ရေသွား၊ ဆုံးရင် အပေါ်တက်ဘယ်ကိုပြန်လာ"


"မကြာလိုက်"

"ဟုတ်တယ်။ အမည်းစက်နေရာက (t)"

"ကျန်တာတွေကို ဆက်ရေကြည့်လိုက်တော့ ဒီလိုတွေ့ရတယ်"

ပြောပြောဆိုဆို စာရွက်အပေါ်ဆုံးဆီမှ (t)ဘေးတွင် ရရှိလာသောအက္ခရာတွေကို လင်းခက် ဆက်ရေးပေးလိုက်သည်။ နောက်ဆုံးကွက်၊ နောက်ဆုံးအက္ခရာက စသည်ဆိုတော့ ရှေ့ကိုသာ တိုးသွားနေရပါ၏။

**m a t h e m a t i c   t o i l e t**





www.burmeseclassic.com

www.burmeseclassic.com

လင်းခက်လုပ်ပြပုံကိုကြည့်ပြီး သုံးယောက်လုံး၏ မျက်နှာမှာ နားလည်သလို အရိပ်အမြွက်တွေ့ရပေမဲ့ သေချာတော့ နားလည်ပုံမရသေး။ သီဟက . . .

"mathematic toilet ဆိုတာတော့ ဟုတ်ပြီ။ ဒါပေမဲ့ အခု သချ်ာဆောင်က အိမ်သာတစ်လုံးတည်းမဟုတ်ဘူးလေကွာ ဘယ်လိုလုပ်ပြီး"

လင်းခက် လက်ကာ၍ . . .

"လာမယ် . . . ။ မင်းပြောတဲ့အတိုင်းပဲ ဒီသချ်ာဆောင်ကြီးက သုံးထပ်ဆောင်။ တစ်ထပ်မှာ ဘယ်နှစ်လုံး၊ ညာနှစ်လုံးလေးလုံးရှိတယ်။ သုံးထပ်ဆိုတော့ ဆယ့်နှစ်လုံး။ ဒါပေမဲ့ ဒီစာရွက်မှာပဲ ပိုနေတဲ့ဂဏန်းနှစ်လုံး ရှိသေးတယ်လေကွာ။ အောက်ကဂဏန်း ဝက်ပါထွက်လမ်းထဲက (၈) နှစ်စီကွာတဲ့ ညီအစ်ကို . . .

**12 , 20**

"အဲဒါ အဖြေပဲ"

ဒါတောင် ယောင်လည်လည်အူတူတူ ဖြစ်နေကြသေးသည်မို့-

"ကဲ . . . မင်းတို့ a, b, c, d ကို လက်ချိုးပြီး ရေကြည့်လိုက်။ 12 က ဘာလဲ"

"L . . ."

"20 ကရော . . ."

"T"

"ပြီးပြီလေ။ T ဆိုတာ Third, L ဆိုတာ Left အဲပါပဲ"

လင်းခက် စကားဆုံးဆုံးချင်းမှာပဲ . . .

"သြော် . . ."

ဟူသော အသံတွေနဲ့အတူ သုံးယောက်လုံးသည်ကား . . .



"လွဲသွားတာတစ်ခုပဲ။ ယောကျ်ားလေးနဲ့ မိန်းကလေး Toilet ချင်းမှားသွားတာ"

စကားဆုံးတော့ သုံးယောက်သား ခေါင်းတဆတ်ဆတ်ညိတ်ကြပါသည်။ ထိုစဉ်မှာပဲ . . .

"ဟိုမှာ . . . အေးနွယ်တို့ လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com

# XXIV

Toilet တွင်းသို့ အေးနွယ်တို့နှစ်ယောက် ဝင်သွားပြီးစဉ်မှာပဲ နာရီက (၂၉) မိနစ်တိတိကို ညွှန်ပြသွားပါပြီ။

"ဟော့ကောင် . . . ဘယ်လိုလုပ်ကြမလဲ"

သီဟက အမောတကောဖြင့် မေးသည်။ မတတ်နိုင်တော့ . . .

လောလောဆယ် အဆင်ပြေဆုံးတစ်ခုကို လင်းခက်ရွေးချယ်လိုက်ရပါသည်။ အဲဒါက . . .

"ဟဲလို . . ."

မိန်းကလေးတစ်ယောက်၏ ရဲဝံ့သော ဖြေသံတစ်ခုကို ကြားရသည်။

"ကျွန်တော် တတိယစရွက်ရပြီ"

ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဟန်အပြည့်ဖြင့် ပြောလိုက်သည်ကြောင့် တစ်ဖက်မှ ခဏတော့ အသံတိတ်သွားသည်။ ပြောသာပြောလိုက်ရသည်။ ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။ ဒုတိယစာရွက်လိုမျိုး ဘာတွေပါလည်း ပြောပြနိုင်းလျှင် သေပြီမဟုတ်ပါလား။ ဒါပေမဲ့ . . .



"ရှင် အချိန်မီရှာနိုင်သားပဲ"

လင်းခက် နာရီကိုငုံ့ကြည့်တော့ မိနစ် (၃၀) ကွက်တိ။

"ရှင် ဒုတိယအဆင့်ကို လုပ်နိုင်ပြီဆိုတော့ တတိယအဆင့်ကိုလုပ်ဖို့ပဲ ကျန်တော့တယ်။ တတိယအဆင့်က ကျွန်မကိုရှာဖို့ပဲ"

"ဗျာ . . ."

"ဟုတ်တယ်။ ဘာကိုအခြေခံပြီး ရှာရမယ်ဆိုတာတော့ ကျွန်မပြောဖို့လိုတော့မယ် မထင်ဘူး။ ကျွန်မကိုတွေ့ဖို့ အချိန် (၁၀)မိနစ်"

"နေဦး . . . နေဦး . . . နေပါဦး"

အလျင်စလို တားလိုက်သည့်ကြောင့် တစ်ဖက်မှ အံ့သြသလို အသံထွက်လာသည်။

"ဘာကျန်သေးလို့လဲ"

လင်းခက်ရင်ထဲတွင် ကြီးကြီးမားမားနေရာယူထားသော အခုလို ပြေးလွှားလှုပ်ရှားနေစဉ် တစ်လျှောက်လုံး ပြင်းပြင်းပြပြသိချင်နေသော မေးခွန်းတစ်ခု . . .

"မင်း ဘယ်သူလဲ။ ဘာကြောင့် ငါ့ကို အခုလို ကိုင်တွယ်နေရတာလဲ"

ခပ်ဟဟရယ်သံတစ်ခုကို ဖုန်းထဲမှာ ကြားလိုက်ရသည်။

"အဟင်း . . . ဘာလို့လောနေရတာလဲ။ (၁၀) မိနစ်အတွင်း ရှာနိုင်ရင် ကျွန်မကိုတွေ့ရမှာပဲ ဥစ္စာ"

"တောက် . . ."

ကျယ်လောင်သော တောက်ခတ်သံတစ်ချက် ထွက်သွားပေမဲ့ တစ်ဖက်မှကြားရမည် မဟုတ်တော့ပါ။ ခပ်စောစောကတည်းက ဖုန်းချသွားပေပြီ။

တတိယပွဲ စတင်ချိန် . . .

(၁) မိနစ်။



www.burmeseclassic.com

www.burmeseclassic.com

# XXV

(၄) မိနစ်ခွန်းသွားချိန်၌ Toilet တွင်းမှ ဝင့်ဝါနှင့် အေးနွယ် ထွက်လာသည်။ သူတို့တစ်အုပ်စုလုံး ဂုန်းခနဲပြေးသွားလိုက်ကြကာ . .

"ဝင့်ဝါ . . . ဘယ်လိုလဲ တွေ့ခဲ့လား"

ဝင့်ဝါက ခေါင်းယမ်း၏။ အေးနွယ်က . . .

"နင်တို့ရှာနေတာ ဒီစာရွက်လား"

လုံးချေထားသော စာရွက်လေးတစ်ရွက်ကို ပြပါသည်။ ရေတောင် အနည်းငယ်စိုထားသေး၏။ ဘာမှန်းညာမှန်းမသိ လင်းခက်ဆွဲယူဖွင့်ကြည့်လိုက်တော့ . . .

"ဟာ . . ."

ဟုတ်ပါသည်။ စာရွက်တော့ စာရွက်ပါပဲ။

ဒါပေမဲ့ လုံးဝမဖြစ်နိုင်ပါ။

⁂



*သူမြင်နိုင်တဲ့နေရာကနေပြီး နှစ်ပတ်လောက် ဆက်တိုက်တဲ့တွေး တွေးပါ။*

*တွေးတဲ့နေရာမှာ သူ့ကို သေချာကြည့်ပါ။ ပြီးတော့မှ တစ်နေရာရာကို အားထည့်ပြီး တွေးပစ်လိုက်ပါ။*

*'တွီ' လို့ အသံမြည်ပါစေ။*

*တစ်ခုခု ထူးခြားလာပါလိမ့်မယ်။*

တတိယစာရွက်

⁂



www.burmeseclassic.com

www.burmeseclassic.com

# XXVI

လုံးဝရှုံးသွပ်သွားလောက်သော လှည့်ကွက်ကြီးတစ်ခုပါပဲ။ လေးယောက်လုံးလည်း စာရွက်ကိုကြည့်ကာ မျက်လုံးပြူးကုန်ကြသည်။

"ဒါ . . . ဒါကြီးက ဌေးသူရ"

"မဟုတ်ဘူး နန်းစုစုခိုင်"

"ဟင် . . ."

"ဟုတ်တယ်။ ငါတို့ကို လှလှပပကိုင်တွယ်နေတာ နန်းစုစုခိုင်"

"ဘာကြောင့်လဲ"

"ဒီစာရွက်က ပတ်သက်သူ နှစ်ယောက်ပဲရှိတယ်။ ဌေးသူရနဲ့ နန်းစုစုခိုင်။ အခုမိန်းကလေးက ဌေးသူရတော့ လုံးဝမဖြစ်နိုင်ဘူး"

အကုန်လုံးတစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသွားကြပါသည်။

"ဒါဆို ငါတို့က နန်းစုစုခိုင်ကို ရှာရမှာပေါ့"

"ဟုတ်တယ်"



"လွယ်ပါတယ်။ ဓာတုဗေဒကွင်းက ဓာတုဗေဒဂုဏ်ထူးတန်းမှာပဲ ရှိနေလိမ့်မယ်"

သီဟစကားကြောင့် လင်းခက်နာရီကို တစ်ချက်ငုံ့ကြည့်ရင်း–

"မင်းတို့သုံးယောက် အဲဒီကိုသွားလိုက်။ ပြီးရင် ဖုန်းဆက်"

လင်းခက်စကားကြောင့် သီဟတို့အုပ်စု ကြောင်တောင်တောင်ဖြင့်ကြည့်ကာ . . .

"မင်းကရော . . ."

"ငါ နောက်တစ်နေရာကို သွားမယ်။ အချိန်မလောက်တော့ဘူး။ သွားတော့ . . ."

ပြောပြောဆိုဆို ထွက်သွားရန် ခြေလှမ်းပြင်တော့ . . .

"ဟဲ့ . . . ငါတို့နှစ်ယောက်ကရော"

အေးနွယ်က ဘာလုပ်ရမှန်းမသိ သူ့ကိုမေးသည်။

"နင်တို့က နေခဲ့တော့"

• • •

လင်းခက် ခပ်သွက်သွက်လှမ်းနေသည်။ သွားရမယ့်နေရာက အတော်ဝေးဝေးရှိနေသေး၏။ နာရီကိုကြည့်လိုက်။ ခြေကိုသွက်သည်ထက်သွက်အောင်လှမ်းလိုက်နှင့် ရင်တစ်ခုလုံးက မောဟိုက်နေသည်။

အခုချိန်ထိ လူရော၊ ဦးနှောက်ရော တစ်စက်မှ အနားမပေးရသေး။ ဒါပေမဲ့ သူပျော်ပါသည်။ ချစ်ရသူအတွက်ပေပဲ။

ထိုစဉ်မှာပဲ အိတ်ထဲမှာ လက်ကိုင်ဖုန်းက တစာစာအော်သာပါသည်။ ရင်းနှီးနေကျနံပါတ်မို့ ချက်ချင်းပင် ဖွင့်မေးလိုက်သည်။

"ဘယ်လိုလဲ သီဟ တွေ့လား"

"အခန်းထဲမှာ မတွေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ခမ်းထောင့် ကွေးညွတ်ရုံသာ ပြုံးမိလိုက်တော့၏။

သူ့အတွေး မှန်ပေပြီ။ လမ်းချိုးတစ်ခုအား ချိုးကွေ့ဝင်လိုက်စဉ်မှာပဲ နောက်ထပ် သေချာမှုတစ်ခုကို ထပ်တွေ့လိုက်သည်။ အဲဒါက ခပ်လှမ်းလှမ်းမှာ ပေါက်နေသော သစ်ပင်ကြီးတစ်ပင်။ ထိုသစ်ပင်ကြီးအောက်မှာ ရပ်ထားသည့် ကားအမည်းလေးတစ်စီး။

လင်းခက်နာရီကို ငုံ့ကြည့်လိုက်သည်။ ပြီးတော့ သေသေသပ်သပ် ပြုံးလိုက်သည်။ သူ့အတွေးမမှားဘူးဆိုပါက ထိုကားလေးထဲမှာ ဉာဏ်ကြီးရှင် နန်းစုစုခိုင်ရှိရပေမည်။

အနားရောက်တော့ ကားမောင်းသူဘက်ခြမ်းကို တိုးကပ်သွားလိုက်ပါ၏။ မှန်အလုံပိတ်ထားသည်မို့ အတွင်းကိုမမြင်ရ။ ထို့ကြောင့်-

"ဒေါက် . . . ဒေါက် . . ."

တံခါးမှန်အမည်းလေး လျှောခနဲပွင့်လာတော့ . . .

"မင်္ဂလာပါ နန်းစုစုခိုင်။ သတ်မှတ်ချိန်ထက် နှစ်မိနစ်စောရောက်ပါတယ်"

အံ့သြသလို၊ ချီးကျူးသလို၊ မယုံကြည်သလို အမူအရာတွေ တစ်ပြိုင်နက် မျက်နှာမှာပေါ်သွားပြီး . . .

"ရှင် တကယ်လုပ်နိုင်တယ်နော်"

လင်းခက် ကြည်ကြည်လင်လင် ပြုံးပြလိုက်ကာ . . .

"ကျွန်တော် ခင်ဗျားရှေ့ ရောက်နေပြီလေ"

ထို့နောက်မှာတော့ ပြောစရာစကားတို့ ခဏတာပျောက်ရှသွားသည်။ အထင်ကြီးမှု အရိပ်အယောင်တို့ကိုလည်း သူမမျက်ဝန်းမှာ တွေ့ရ၏။

"ကျွန်တော်လိုချင်တဲ့ ပိုက်ဆံလေးကို ခဏလောက်ကြည့်လို့ရမလား"

သူ့စကားကြောင့် အခုမှ သတိဝင်သွားသလို ပြုံးမဲ့မဲ့ဖြင့် . . .



"ခဏမဟုတ်ပါဘူး။ ရှင့်ကို အပိုင်ပေးမှာပါ"

ထိုသို့ပြောပြီး ဘေးတွင်ချထားသော ပိုက်ဆံအိတ်တွင်းမှ ငါးရာတန်လေးတစ်ရွက် ထုတ်ပေးသည်။

"ရော့ . . . ရှင့်အတွက် ခရစ်စမတ်လက်ဆောင်"

ထိုခဏမှာပဲ ငါးရာတန်လေးတစ်ရွက်က လင်းခက်လက်တွင်းသို့ ရောက်ရှိလာလေတော့သည်။ အမောတကောပင် ပိုက်ဆံပေါ်မှ ဂဏန်းတွေကို ဖတ်ကြည့်လိုက်တော့ . . .

ကမ္ဘာလောကကြီးတစ်ခုလုံး ခဏတာအတွင်း အေးချမ်းဆိတ်ငြိမ်သွားသည်။ လူတစ်ယောက်၏ကြိုးစားမှုကို အသိအမှတ်ပြုပေးသလို ခေါင်းကိုပွတ်၍ ကောင်းချီးပေးသွားသလို လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရ၏။

လင်းခက် မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်အချို့ပင် ဝိုင်းပတ်သွားရပြီ။ ပျော်လိုက်တာ . . . ။

သူမက်မက်မောမော လိုချင်ခဲ့သည့် ပိုက်ဆံလေးတစ်ရွက်ပါပဲ။ ပိုက်ဆံလေးအား တယုတယကိုင်ရင်း မျက်လုံးဖွင့်ကြည့်လိုက်တော့ ပြုံးစေ့စေ့ပုံစံဖြင့် နန်းစုစုခိုင်က သူ့ကိုကြည့်နေသည်။ ဒုတိယမ္ဘိအပြုံးတင်ခဲ့နဲ့အတူ လင်းခက် ကျိုးနွံလိုက်၏။

"ကျေးဇူးတင်ပါတယ်"

ပြီးတော့ နားမလည်မှုတစ်ခုကိုလည်း တစ်ဆက်တည်း မေးလိုက်သည်။

"ဘာကြောင့် အခုလို ကျွန်တော့်ကို မောင်းရတယ်ဆိုတာကိုရော သိလို့ရမလား"

"ရတာပေါ့"

မခိုးမခန့်ပြောပြီး ကားထဲမှပင် လက်ညှိုးထိုးပြကာ . . .

"ရှင် ဟိုသစ်ပင်ကို မှတ်မိလား"



www.burmeseclassic.com

www.burmeseclassic.com

လင်းခက် လှည့်ကြည့်ကာ မျက်မှောင်ကြုတ်မိသွားတော့ . . .

"ရှင် . . . တံတွေးထွေးပစ်ခဲ့တဲ့ သစ်ပင်လေ။ အဲဒီနေရာက ဒွေးသူရဆိုတဲ့ကောင်လေးကို ဝိုင်းပြီး ရှင်တို့အုပ်စု ကျွန်မ မကောင်းကြောင်း ပြောခဲ့တဲ့နေရာလေ။ မှတ်မိသေးလား . . ."

"ဗျာ . . ."

ထူထူပူပူဖြင့် လင်းခက် 'ဗျာ' မိသွားတော့ . . .

"လက်ကိုကိုင်ပြီး ဖက်နမ်းပစ်လိုက်ဆိုတာရော ပါးရိုက်တဲ့လက်ကို တံတွေးပြန်ထွေးပစ်ခဲ့ဆိုတာကိုရော သတိရသေးလား"

သတိကတော့ ရပါသည်။ သတိရလို့လည်း ဒီနေရာကို သူ ရောက်လာခဲ့တာပေါ့။ ဒါပေမဲ့ သူလုံးဝ ထင်မထား။

"ဒါ . . . ဒါတွေကို မင်း ဘယ်လိုလုပ်သိခဲ့တာလဲ"

"ရှေ့ပြော နောက်ကြည့်တဲ့။ ရှင်တို့က ကျွန်မ မကောင်းကြောင်းသာပြောနေတာ ပတ်ဝန်းကျင်ကိုမှ သတိမထားဘဲ။ ရှင်တို့ပြောနေတဲ့အချိန် ကျွန်မ ဒီနေရာမှာ အခုလိုပဲရှိနေတာ။ ရှင်တို့ပြောသမျှ လုပ်သမျှ အကုန်မြင်ရကြားရတယ်"

"ဪ . . ."

အခုမှ လင်းခက်သဘောပေါက်ကာ 'ဪ' မိသွားသည်။ ပြီး အားနာသလိုလည်း ဖြစ်မိသွား၏။

"ဒါပေမဲ့ ရှင်တကယ်တော်ပါတယ်။ ရှင့်ကို တကယ်လေးစားတယ်။ Merry Chirstmas ပါ ကိုလင်းခက်"

လင်းခက် အားနာနာနှင့်ပင် ပြန်လည်ပြုံးပြရင်း . . .

" Merry Chirstmas ပါ"

သူ့စကားဆုံးတော့ နန်းစုစုခိုင်က မချိုမချဉ်ကြည့်ပါသည်။ ပြီးတော့ သူမကိုယ်သူမ တစ်ချက်ငုံ့ကြည့်ကာ . . .

"ဘယ်လိုလဲ။ ရှင်တို့ပြောသလို ကျွန်မတကယ်ပဲ သက်ကြားအိုဖြစ်သွားပြီလား"



လင်းခက်ဟီးခနဲသာ ရယ်မိလိုက်ပါသည်။ မဖြစ်ပါဘူး။ တကယ်ပြောတာပါ။ သူမ တော်တော်လှနေပါသည်။ ဒီရုပ်၊ ဒီရည်၊ ဒီပညာအရည်အချင်း၊ ဒီအဆင့်အတန်းနဲ့ မာနကြီးတာကိုလည်း အပြစ်မဆိုချင်တော့။

"အဲဒါကိုတော့ ကျွန်တော်တကယ်ပဲ တောင်းပန်ပါတယ်။ ကျွန်တော် လုံးဝလွဲသွားတာပါ"

သူမ ပြုံးဝံ့ဝံ့ဖြင့် မော့ကြည့်နေ၏။

"မင်း တကယ်လှတယ်"

သူမဆီမှ ရှက်ပြုံးတစ်ခုလိုလိုကို တွေ့လိုက်ရသည်။ ပြီးတော့ နှုတ်ခမ်းတစ်ဖက်ကို ကိုက်ကာ . . .

"ရှင်လိုလူမျိုးဆီက အခုလို ချီးကျူးစကားကြားရလို့ ကျေးဇူးပဲ။ ကျွန်မ တော်တော်ဘဝင်မြင့်သွားပြီ။ အဟင်း . . ."

ထို့နောက်တော့ နန်းစုစုခိုင်ဆိုသော ဉာဏ်ကြီးရှင်မိန်းမလှလေးမှာ ကားကိုမောင်း၍ ထွက်သွားပါတော့သည်။ လင်းခက် မျက်စိတစ်ဆုံးလိုက်ကြည့်နေစဉ်မှာပဲ . . .

"တီ တီ . . . တီ တီ . . . တီ တီ"

ဖုန်းကမြည်လာသည်မို့ လင်းခက်ကြည့်လိုက်တော့ . . .

"ဟာ . . ."

သူ့ပျောင်းပျောင်းနွဲ့နွဲ့ မြတ်နိုးမိသော မိန်းကလေးတစ်ယောက်ရဲ့ ဖုန်းပါပဲ။ သူ၏ မျက်ပွင့်နတ်သမီး (သို့) အမှောင်တွေ ဖယ်ရှားပေးသည့် မီးအိမ်ရှင်။

"အေး . . . နွေးနွေးပြော"

"နင်အခု ဘယ်မှာလဲ။ ဘာတွေလုပ်နေလဲ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ငါ့ကို အေးနွယ်တို့ ဖုန်းလှမ်းဆက်လို့။ နင်တို့အုပ်စု ဘာတွေလုပ်နေမှန်းမသိဘူးဆို။ ဘာတွေလုပ်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

စိုးရိမ်သောလေသံနှင့် စကားတွေကြောင့် လင်းခက်ရင်တို့ အဆမတန် အခုန်မြန်သွားရကာ . . .

"ဘာမှမလုပ်ဘူး။ အားလုံးပြီးသွားပြီ။ နင့်ကို မေးစရာတစ်ခုပဲ ကျန်တော့တယ်"

"ဘာလဲ"

သူမဆီမှ ခပ်သွက်သွက် စကားသံထွက်လာတော့ . . .

"မနက်ဖြန် ဘာနေ့လဲသိလား"

"သိတယ်လေ . . . ဒီဇင်ဘာ (၂၅)"

"အဲဒါ ဘာနေ့လဲ"

"ခရစ်စမတ်နေ့လေ"

"မနက်ဖြန်အတွက် နင်အလိုချင်ဆုံး ခရစ်စမတ်လက်ဆောင်နှင်ခု ငါ့မှာရှိတယ်"

သူမဘက်မှ ခဏတာတော့ တိတ်ဆိတ်သွားသည်။ ပြီး . . .

"ဘာတွေလဲ"

"ယူမှာလား"

သူမဆီမှ စကားသံထွက်မလာသေးပေမဲ့ လင်းခက်ရင်ထဲမှာ စကားတစ်ခွန်း ထပ်ဆိုဖြစ်သည်။

အဲဒါက . . .

"ချစ်သူလေးရေ . . . မင်း အိမ်တွင်းပုန်းနေရတဲ့ဘဝက မကြာခင် ကျွတ်တော့မှာပါ"



## XXVII

ခရစ်စမတ်နေ့ပေမို့ ဘုရားကျောင်းလေးတစ်ခုက လူတွေတလူလူ စည်ကားနေသည်။ ထိုစည်ကားသော လူတွေနှင့်ဝေးကွာသော သစ်ပင်လေးတစ်ပင်အောက်တွင် မိန်းကလေးတစ်ဦး ရပ်နေပါ၏။

သူမလက်တွင်းမှာ စာအုပ်လေးတစ်အုပ်ကို ကိုင်ထားသည်။ ပြီးတော့ တစ်စုံတစ်ယောက်ကိုလည်း စောင့်မျှော်နေဟန်ရှိသည်

ထိုစဉ်မှာပဲ ကောင်လေးတစ်ဦး သစ်ပင်လေးရှိရာသို့ တရွေ့ရွေ့လျှောက်လာသည်ကို တွေ့ရ၏။ သူကပဲ . . .

"နွေးနွေး . . ."

သူ၏ခေါ်သံကြောင့် တစ်ဖက်လှည့်နေသော သူမဦးခေါင်း ဆတ်ခနဲလှည့်လာသည်။

"ဟယ် . . . လင်းခက်"

"ဘယ်သူ့ကို စောင့်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

စပ်ဖြီးဖြီး မေးလိုက်သော သူ့ပုံစံကြောင့် သူမက နှုတ်ခမ်းကို မဲ့ကာ . . .

"ကောင်လေးတစ်ယောက်ပါဟာ။ ငါ့ကို ခရစ်စမတ်လက်ဆောင်ပေးမယ်ဆိုလို့ စောင့်နေတာ"

"ဟုတ်လား . . . ။ ငါလည်း ကောင်မလေးတစ်ယောက်ကို လက်ဆောင်ပေးမလို့ဟ။ ဒါပေမဲ့ သူ့ကိုပေးမဲ့ ငါးရာတန်နှစ်ရွက်ကို ဗိုက်ဆာတာနဲ့ပဲ ခုနက မုန့်ဝယ်စားလိုက်ပြီ"

"ဘာ . . . "

ခပ်စွာစွာပြောရင်း မျက်လုံးအဝိုင်းသားနှင့် ကြောင်တောင်တောင် မော့ကြည့်တော့ . . .

"ဟုတ်တယ် . . . ဗိုက်ကို ကားသွားတာပဲ"

"ဟယ် . . . လင်းခက် . . . နင် . . . နင် . . . တကယ်ပြောနေတာလား။ နောက်ထပ် ငါးရာတန်နှစ်ရွက် ထပ်ရထားတာလား"

လင်းခက်ထပ်မံစနောက်ဖို့ အင်အားများ ယုတ်လျော့သွားရပါပြီ။ ပျောက်ရှသွားသော ဘဝတစ်ခုအတွက် မျှော်လင့်ငေးငေး ရပ်စောင့်နေသူကို မနောက်ချင်တော့။ ထို့ကြောင့် ဖြည်းအေးညင်သာစွာပင် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် . . . ငါ ထပ်ရထားတယ်"

"ဟယ် . . . တကယ်"

မျက်လုံးလေးပင့်ကာ နှုတ်ခမ်းများပင် တဆတ်ဆတ်တုန်မတတ် အံ့သြသွားသော သူမမျက်နှာလေးအားကြည့်ရင်း . . .

"ရော့ . . . ဒါပထမတစ်ရွက်"

လင်းခက်လက်တွင်းမှ ပိုက်ဆံလေးတစ်ရွက်ထွက်လာတော့ သူမ ကပျာကယာပင် ဆွဲယူသည်။ ပြီးတော့ . . .

သူမနှုတ်ခမ်းလေးအစုံမှာ ဝိုင်းစက်သွားပါတော့၏။ ဝမ်းသာမှုစကားသံပင် ထွက်မလာတော့ပါ။



"ရော့ . . . ဒါက ဒုတိယတစ်ရွက်"

နှစ်ရွက်မြောက် ငါးရာတန်လေးအား အစအဆုံး မြင်တွေ့ပြီး သွားသည့်နောက်မှာတော့ . . .

ဖော်မပြတတ်သော မျက်ရည်တွေ သူမမျက်လုံးအိမ်မှာ စိုစွတ်သွားပါတော့သည်။ ဝမ်းသာသည်ဆိုတာထက် နှိုင်းဆမရသော ကြည်နူးမှုတွေ တရိပ်ရိပ်ဖြစ်ထွန်းသွားတာပါ။

ပြီးတော့ တုန်ရီနေသော လက်အစုံဖြင့် ကိုင်ထားသော စာအုပ်လေးအား ဖွင့်သည်။ ထွက်ပေါ်လာသည်က တရိုတသေထည့်ထားဟန်တူသော ပိုက်ဆံလေးနှစ်ရွက်။

တစ်ထောင်တန်တစ်ရွက်၊ နှစ်ရာတန်တစ်ရွက်။

ဒါသည်လည်းလင်းခက်ရယူပေးထားခဲ့သော ပိုက်ဆံလေးတွေပင်ဖြစ်ပါလိမ့်မည်။ ဝေဝါးနေသော မျက်လုံးအကြည့်တွေ ကြားမှာပင် လက်တွင်းမှ ငါးရာတန်လေးနှစ်ရွက်အား ထိုနေရာသို့ ချလိုက်သည်။

ယခုတော့ သူမ နှိုက်ယူခဲ့သော နှစ်ထောင့်လေးရာက နှစ်ထောင့်နှစ်ရာပင် ပြည့်လို့သွားခဲ့ပါပြီ။

စုစုပေါင်းပိုက်ဆံလေး လေးရွက်။

လင်းခက်ကိုပြောဖို့ 'ကျေးဇူးတင်ပါတယ်' ဆိုတာထက် နက်ရှိုင်းသော စကားရှာ ကြည့်ပေမဲ့ ဦးနှောက်တွင်း ရောက်မလာပါ။ သူမ ဘာပြောရမည်လဲ။ လည်ချောင်းဝတွင်လည်း တစ်ခုခုတစ်ဆို့ထားသလို ခံစားနေရသည်။

ထိုစဉ်မှာပဲ . . .

ဖုန်းမြည်သံလေးတစ်ခုကို ကြားရ၏။ သူမ အသံကို အတတ်နိုင်ဆုံး ငြိမ်အောင်ထိန်းကာ ဖြေကြားပေးလိုက်သည်။

"ဟဲလို . . . "

"မနှေးနှေးဖုန်းရဲ့ဖုန်းလား မသိဘူးခင်ဗျ"

တစ်ခါမျှ ကြားနာဖူးခြင်းမရှိသော ယောကျ်ားသံတစ်သံ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်"

"ကျွန်တော်တို့ ( . . . . . . ) ကစားကွင်းကပါ။ မနွေးနွေးဇွန်နာမည်နဲ့ ပါဆယ်တစ်ထုပ် ကျွန်တော်တို့ဆီ ရောက်နေလို့"

"ရှင် . . ."

အသံက အနည်းငယ် ကျယ်သွားမည်ထင်ပါသည်။ ပြီး ဘာရယ်မဟုတ်။ ဘေးမှာရှိနေသော လင်းခက်ကိုလည်း လှမ်းကြည့်မိလိုက်သည်။

"ဖြစ်နိုင်ရင် လာယူပေးစေချင်ပါတယ်။ ကျွန်တော်တို့လိပ်စာက . . . ။ မကြားတော့။ ဆက်ပြောသည့်စကားတွေကို မကြားရတော့။ သေချာသိနေသည်။ သူမ ထိုကစားကွင်းကို သေချာသိနေပါသည်။

အရာအားလုံး၏စတင်ရာ ကစားကွင်း။

ရှင်းအောင်ပြောရပါက သူမဘဝပြောင်းလဲသွားရာ ကစားကွင်း၊ ထိုကစားကွင်းမှာ သူမနာမည်နဲ့ ပါဆယ်တစ်ထုပ်ရောက်နေသည်တဲ့။

ဘယ်သူပို့တာလဲ ?

ဘာတွေဖြစ်မလဲ ?



# XXVIII

ကားရပ်ရပ်ချင်း အလျင်စလိုပင် သူမကစားကွင်းထဲသို့ ပြေးဝင်သွားသည်။ လင်းခက်ကတော့ နောက်မှ ဖြည်းအေးသက်သာစွာပင် လိုက်လာခဲ့ပါသည်။

အထဲရောက်ရောက်ချင်း နီးစပ်ရာ ကောင်တာခုံသို့ ပြေးသွားကာ . . .

"ကျွန်မ နွေးနွေးဇွန်ပါ။ ကျွန်မနာမည်နဲ့ ပါဆယ်ရောက်နေတယ်ဆိုလို့"

"သြော် . . . ဟုတ်ကဲ့။ မနွေးနွေးဇွန်နာမည်နဲ့ ပါဆယ်ရောက်နေပါတယ်"

ကောင်တာခုံမှ မိန်းကလေးကပြောပြီး အံဆွဲတစ်ခုဆွဲဖွင့်သည်၊ ပြီးတော့ အထဲမှ ပန်းရောင်ပါကင်ဗူးလေးအား ထုတ်ပေးပါသည်။ ဘူးပတ်လည်ကိုလည်း ပန်းရောင်ဖဲကြိုးလေးတစ်ခုဖြင့် ကြက်ခြေခတ်စည်းထားသေး၏။



www.burmeseclassic.com

www.burmeseclassic.com

နွေးနွေး ကပျာကယာဆွဲယူပြီး ချည်ထားသောဖဲကြိုးအား ဖြည်လိုက်စဉ်မှာပဲ . . .

ပါကင်ဘူးအပေါ်တည့်တည့်မှ ထင်မှတ်မထားသော စာတစ်စောင်ကို ဘွားခနဲ တွေ့လိုက်ရတော့၏။

သူမ 'ဟာ'ခနဲနေအောင်ပင် ဖြစ်သွားရပါသည်။

ကပ်ထားသော စက္ကူဖြူဖြူသေးသေးလေးတစ်ခု။ ထိုအပေါ်တွင်မှ စာလုံးမည်းဖြင့်ရေးထားသော စာလေး။

ထိုစာလေးမှာက . . .

**ရင်ခုန်သံအဖွဲ့**

တဒင်္ဂ သူမမှင်သက်ကာ တော်တော်လည်း အံ့ဩသွားသည်။ လုံးဝထင်မှတ်မထား။ သူမကို ပါဆယ်ပို့ပေးသောသူမှာ ရင်ခုန်သံအဖွဲ့ဆိုပါလား။

ကြောင်အသွားကာ ပါဆယ်ကိုဖွင့်အံ့ဆဲဆဲ လက်တို့ပင် သေမလိုဖြစ်သွားသည်။ သူမ အကူအညီတောင်းထားဖူးပါသည်။ စိတ်ပျက်ဖွယ်ဒုက္ခတို့ရရှိစ ပထမပိုင်းမှာ ရင်ခုန်သံအဖွဲ့ကို အကူအညီတောင်းထားဖူးပါသည်။

ယခု . . .

ရင်ခုန်သံမှာ သူမဆီသို့ ပါဆယ်ပို့လိုက်ပါပြီ။ ဘာတွေလဲ။

အထဲမှာ ဘာဖြစ်မလဲ ?

တလိုက်လိုက်ခုန်သွားသော ရင်အစုံနှင့်အတူ ပါဆယ်ဘူးအားဆွဲဖွင့်ပစ်လိုက်တော့ အထဲတွင်တွေ့ရသည်ကား . . .



တစ်ခုတည်းပါပဲ။ ရိုးရိုးရှင်းရှင်းနဲ့ပင် ထင်ထင်ရှားရှားဖြစ်နေသည်။

နှစ်ရာတန်နွမ်းနွမ်းလေးတစ်ရွက်။

အနီးကပ် ဆွဲယူကြည့်စရာပင် မလိုတော့အောင် အက္ခရာနှင့်ဂဏန်းတွေ ရှင်းလင်းနေသည်။ သူမ တမ်းတမ်းတတ မျှော်လင့်နေသောနောက်ဆုံးလက်ကျန် ပိုက်ဆံလေးပါပဲ။

သူမအတွက် ဒီနေ့သည် တစ်ကမ္ဘာလုံးမှာ ရှိသမျှအပျော်တွေအားလုံးပေါင်းစုလာသော နေ့ဆိုလျှင် မှားမည်မဟုတ်တော့ . . .

အနားရောက်လာသော လူရိပ်တစ်ခုကြောင့် မော့ကြည့်လိုက်တော့ ကျေနပ်သောအပြုံးဖြင့် လင်းခက် သူမကို မိုးကြည့်နေသည်။

ဘာကြောင့်မှန်းမသိ။ သူမအသည်းတွေ တလှုပ်လှုပ်အေးသွားသည်။ ပြီးတော့ ခန္ဓာကိုယ်က ကြက်သီးဖျိုးဖျိုးဖျင်းဖျင်း သီးသွားသည်။

"ဟယ် . . . သူမရင်တွေ ခုန်နေပြီပဲ"

အံ့ဩဖွယ်အပြုံးဖြင့် မိုးကြည့်နေသော လင်းခက်ကို စိတ်လှုပ်ရှားစွာ ပြန်ကြည့်ရင်း နှုတ်ခမ်းတစ်ဖက် ကိုက်မိလိုက်ပါသည်။ ပြီးတော့ . . .

"လင်းခက် . . . နင် လက်တည့်တယ်မလား"



www.burmeseclassic.com

www.burmeseclassic.com

# XXIX

ကံကြမ္မာရဟတ်ဟုခေါ်သော စားပွဲဝိုင်းကြီးက တဝီဝီအော်မြည်ရင်း ပတ်ချာလည်နေပါသည်။ ကာရံထားသော သံဆန်ခါကွက်တွေ၏ အပြင်တွင်ရပ်ကာ လင်းခက်ရင်တွေ ခုန်နေမိသည်။ ဘေးမှာ နွေးနွေး ရပ်နေပါ၏။

နွေးနွေးနှင့်အတူယှဉ်ကာ ရပ်နေရသည့်အတွက် ရင်ခုန်နေတာလား။ မဟုတ်ပါ။ 'ချစ်သူခင်သူပေါ်ပါစေ' ဟူသော ဖလားအားကြည့်ကာ ရင်တွေခုန်နေခြင်းဖြစ်သည်။ ပတ်ချာလည်နေသည်မို့ ထိုဖလားလေးက ပေါ်လာလိုက်၊ ပျောက်သွားလိုက် . . . ။

လင်းခက်လက်တွင်းမှာက ထိုဖလားထဲသို့ ပစ်ထည့်ရန် ပိုက်ဆံလေးတစ်ရွက် ဘေးမှာ ကျန်လေးရွက်ကိုကိုင်ကာ ရပ်နေသူက နွေးနွေး။

"လင်းခက် . . . ဝင်အောင်ပစ်ရမှာနော်။ မဝင်လို့ကတော့ နင့်တာဝန်ပဲ"



နွေးနွေးစကားတို့က ခုန်နေသောရင်နှင့် တုန်နေသော စိတ်ကို ပိုမိုအရုပ်ဆိုးသွားစေပါသည်။။ လင်းခက်ချွေးပြန်နေပြီ။ ထိုစဉ်မှာပဲ ခေါင်းထဲသို့ အကြံတစ်ချက်ဝင်းခနဲ လက်လာတော့ . . .

"ဟာ . . . ဟုတ်သားပဲ"

ခပ်တိုးတိုးရေရွတ်ရင်း ကပျာကယာ အိတ်ထဲကိုနှိုက်လိုက်တော့ ထောင်တန်လေးတစ်ရွက် လက်တွင်းပါလာသည်။ သူ့အဆင်အမြဲ ကိုးကွယ်နေရသည့် 'ကံကောင်းပါစေ' ဟူသော ပိုက်ဆံလေးပါပဲ။

ကမန်းကတန်း နမ်းရှိုက်ပြီးဆုတစ်ခုကို တောင်းတော့ . . .

နွေးနွေးက သူ့ကိုကြောင်တောင်တောင်ဖြင့် ကြည့်နေသည်။ အသံထွက်ပြီး တောင်းလိုက်တာပါ။

"ကံကြမ္မာကြီးရေ . . . ဒီတစ်ခါလည်း ကျွန်တော့်ကို မျက်နှာသာပေးပါဦး"

ထိုခဏမှာပဲ . . .

"ဟာ . . . "

တဝီဝီအော်မြည်ကာ လည်ပတ်နေသော ရေ့စားပွဲဝိုင်းကြီးမှာ တကျိကျိအသံပေးရင်း ရပ်သွားသည်။

"ဟင် . . . "

လင်းခက် ကြောင်အမ်းစွာ ဘေးဘီကိုလှည့်ကြည့်တော့ စက်ပစ္စည်းတွေအားလုံး ရပ်တန့်ကုန်ပြီ။

"ဟာ . . . မီးပျက်သွားတာပဲ"

ထိုအခြင်းအရာ အစအဆုံးကို ကြည့်ကာ ကြက်သေသေသွားသူက နွေးနွေး။

"ဘုရားရေ . . . အဲဒီပိုက်ဆံက တကယ်ပဲ ကံကောင်းတာလား"

လင်းခက် ပြုံး၍သာ နေလိုက်တော့သည်။ သေချာတာကတော့ ယခုတစ်ခေါက်မီးပျက်ခြင်းသည် အရင်တစ်ခါကလို ဘယ်သူ့ပယောဂ



www.burmeseclassic.com

www.burmeseclassic.com

မှမပါ။ ပိုပြီး ကံကောင်းတာတစ်ခုက 'ချစ်သူခင်သူပေါပါစေ' ဟူသော ဖလားလေးမှာ သူတို့ရှေ့တည့်တည့်ကို ရောက်နေပါပြီ။

ပြီးလေပြီ။ ကျန်တာတွေကတော့ သူ့အတွက် သိပ်ခက်ခဲမည် မဟုတ်တော့။ ပိုက်ဆံငါးရွက်က တစ်ရွက်ပြီးတစ်ရွက် ဖလားထဲသို့ ရောက်သွားသည်။ နှစ်ထောင့်လေးရာတိတိ ပြည့်ပါပြီ။

အားလုံးပြီးသွားတော့ နွေးနွေးက . . .

"တစ်ရွက်ကျန်သေးတယ်လေ"

နားမလည်သလို နွေးနွေးအား လှည့်ကြည့်ရင်း . . .

"ကုန်ပြီလေ . . . ငါးရွက်လုံး ထည့်ပြီးသွားပြီဥစ္စာ"

နွေးနွေးက ခေါင်းကို သဲ့သဲ့ယမ်း၏။ ပြီးတော့ သူ့အင်္ကျီအိတ်ကပ်ကို လက်ညှိုးထိုးပြကာ . . .

"ဒီအထဲကထောင်တန်က ဘာလုပ်ဖို့လဲ . . ."

'ကံကောင်းပါစေ' ဟူသော ပိုက်ဆံလေးကို ရည်ရွယ်ပြီး သူမ ပြောနေတာပါ။

ခဏချင်းမှာပင် သူ့မျက်နှာတို့ တည်တံ့သွားမည်ထင်ပါ၏။ ပြီးတော့ နွေးနွေး၏မျက်ဝန်းနက်နက်ဆီသို့ စူးစူးနစ်နစ်ကြည့်ကာ . . .

"ထည့်လို့မရသေးဘူး။ ငါကံကောင်းဖို့ နောက်တစ်ခုကျန်သေးတယ်"

သူမမျက်လုံးလေး ဝိုင်းကားသွားသည်။ ဒါပေမဲ့ ဘာကိုဆိုလိုတယ်ဆိုတာ သဘောပေါက်သည်မို့ မျက်နှာလေးက ရှက်သွေးတို့ဖြင့် နီထွေးကာသွားပါ၏။ ပြီး မခို့တရို့ပုံစံလေးနှင့် . . .

"ဘာကျန်သေးတာလဲ"

"နှင့်အချစ်ကိုရဖို့"



# XXX

နှုတ်ခမ်းကို ခပ်ဖွဖွဖိကိုက်ရင်း ခေါင်းလေးငုံ့ကာသွား၏။ အရှက်သည်းနေသော ပုံစံလေးအားကြည့်ရင်း လင်းခက်ရင်မှာ ကုလားဘုရားပွဲတွေ ဆက်တိုက်လှည့်ကုန်ပါပြီ။

တစ်ကိုယ်လုံးပင် နတ်ပူးသလို တဆတ်ဆတ်တုန်သွားသည်လားမသိတော့ . . .

ခေါင်းမော့လာသည်။ ပြီး သူ့ဆီသို့ မကျေမချမ်းအကြည့်တစ်ခုကို ပို့သည်။ ခပ်ဖွဖွကိုက်ထားသော နှုတ်ခမ်းကို ဖြေလျှော့ကာ ခပ်တင်းတင်းတစ်ချက်ဖိကိုက်ရင်း . . .

"အရူးရဲ့ . . . ဘာလို့ အခုမှပြောရတာလဲ"

"ဗျာ . . ."

"မဗျာနဲ့ . . . ။ အဲဒီပိုက်ဆံ မလိုတော့ဘူး။ ပြန်ထည့်လိုက်တော့"

"ဟင် . . . ဒါ . . . ဒါဆို . . . "

"နှင်က အမြဲတမ်း ကံကောင်းပြီးသားပဲ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက တက္ကသိုလ်တစ်ခုတွင် 'ရင်ခုန်သံ' ဟူသော အဖွဲ့လေးတစ်ဖွဲ့ ရှိခဲ့ဖူးလေသည်။

BURMESE CLASSIC .com



သူတို့အဖွဲ့၏ ကူညီပေးမှုကြောင့် . . .
နွေးနွေးထွေးထွေးဖွေးဖွေးဖြူဖြူ(?)

သူတို့အဖွဲ့၏ ကူညီပေးမှုကြောင့် . . .
နွေးနွေးဖွန်ဟူသော မိန်းကလေး
'ချစ်သူခင်သူပေါပါစေ' ဟူသော စက်ကွင်းမှ
လွတ်မလွတ်ဆိုသည်ကတော့ . . .

သိုးဆောင်း
မြန်မာစံတော်ချိန် မွန်းလွဲနှစ်နာရီ
လေးဆယ့်လေးမိနစ် ရှိပါပြီခင်ဗျာ။



www.burmeseclassic.com